ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်၊ တနင်္ဂနွေနေ့။ Sunday 20 January 2019 ၉၅၇၇

# ၂၀၁၉ ခုနှစ် တရုတ်-မြန်မာ နှစ်သစ်ကူးနွှေဦးပွဲတော် ပျော်ပွဲရွှင်ပွဲအခမ်းအနား ကျင်းပ

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တက်ရောက်ကြည့်ရှုအားပေး

**ရန်ကုန် ဇန်နဝါရီ ၁၉**

၂၀၁၉ ခုနှစ် တရုတ်-မြန်မာ နှစ်သစ်ကူးနွှေဦးပွဲတော် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ရွှေထွန်းတင်ဝင်း Sky Net Studio ခန်းမတွင် ကျင်းပရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တက်ရောက်သည်။



**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Zhao Jin၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ပြည်နယ်ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ကျောက်ကျင်းက အမှာစကားပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊

**စာမျက်နှာ ၄ ကော်လံ ၅ သို့ ❖**





# ကြေးမုံ

## စုပေါင်းအင်အားဖြင့် ဖြတ်သန်းကျော်လွှား

နိုင်ငံတစ်နိုင်ငံကို တာဝန်ယူဆောင်ရွက်နေသော ပြည်သူ့အစိုးရတစ်ရပ်အနေဖြင့် အဆိုပါနိုင်ငံ၏အနာဂတ် အေးချမ်းသာယာဝပြောစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသူ နိုင်ငံသားများ၏ဘဝ ချမ်းမြေ့ပျော်ရွှင်စေရေး စသည့်အရေးကိစ္စတို့ကို အတည်ပြုချမှတ်ထားသည့် ရည်မှန်းချက်၊ ဦးတည်ချက်၊ စီမံချက်၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက်ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားများ အကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်ပေးရာတွင် စစ်မှန်သည့် ပြည်သူ့အကျိုးစီးပွားဖြစ်ရေးသည် အဓိကဖြစ်သည်။ ပြည်သူများအနေဖြင့် ဖော်ဆောင်ပေးထားသော အကျိုးစီးပွားများကို ထိထိရောက်ရောက် မှန်မှန်ကန်ကန် ရယူနိုင်ရေး၊ အကျိုးရှိရှိ အသုံးချနိုင်ရေးအပြင် ထိုအကျိုးစီးပွားများ ရေရှည်ခိုင်မြဲရေးအတွက် ဝိုင်းဝန်းလက်တွဲ ပါဝင်ဆောင်ရွက်ရန် လိုအပ်သည်။ သို့မှသာ အစိုးရနှင့် ပြည်သူ ဟန်ချက်ညီပြီး ထိုနိုင်ငံမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်ကာ အေးချမ်းသာယာဝပြောမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရသစ်သည် ပြည်သူများ၏အကျိုးစီးပွားအတွက် အခက်အခဲများစွာကြားမှ နိုင်ငံကိုတည်ဆောက်နေရသည်။ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရအားတစ်ခုတည်းနှင့် အလုံးစုံ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မဟုတ်သဖြင့် ပြည်သူ့အားများရရှိရေးအတွက် တွန်းအားပေးနေရသည်။ အစိုးရက မည်မျှဆောင်ရွက်သည်ဖြစ်စေ ပြည်သူမပါလျှင် ဖော်ဆောင်ခဲ့သည့်အကျိုးရလဒ်များ ရေရှည်တည်တံ့ခိုင်မြဲလိမ့်မည်မဟုတ်ချေ။

ထို့ကြောင့် နိုင်ငံတော်အစိုးရသစ်သည် ပထမ တစ်နှစ်တာကာလအတွင်း "ပြောင်းလဲချိန်တန်ပြီ" ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်တွင် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရေး စသည့် ပြည်သူ့အကျိုးစီးပွားများကို ဦးစားပေးဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ဒုတိယ တစ်နှစ်တာကာလတွင် "ပြည်သူနှင့်အတူ" ဟူသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံတော်အရေးအရာကိစ္စရပ်များတွင် ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း၍ တာဝန်ယူဆောင်ရွက်ခဲ့သည်။ ယခု တတိယ တစ်နှစ်တာကာလတွင်မူ "စုပေါင်းအင်အား" ဟူသော ဆောင်ပုဒ်ပါအတိုင်း ပြည်သူလူထုအင်အားကို ပိုမိုနက်ရှိုင်းကျယ်ပြန့်စွာ ရယူပြီး ပြည်သူလူထုနှင့် တစုတစည်းတည်း ရပ်တည်နိုင်မှု၊ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နိုင်မှု စသည့်ပေါင်းစုအင်အားဖြင့် ဆောင်ရွက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားများ တည်တံ့ခိုင်မြဲတိုးတက်နေစေရန် မပြတ်သော သတိ၊ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းဆောင်ရွက်နေရာတွင် ပြည်သူ၏အားကို နှစ်အလိုက် ပြောင်းလဲရယူခဲ့သည်မှာ ပြည်သူကို ယုံကြည်မှု၊ ပြည်သူကို အလေးထားမှု၊ ပြည်သူနှင့် နိုင်ငံတည်ဆောက်နိုင်မှုတို့ကို အသိအမှတ်ပြုထင်ဟပ်ဖော်ဆောင်လိုက်ခြင်းဖြစ်သည်။ ပြည်သူမပါ ဘယ်အရာမျှမပြီးဆိုသကဲ့သို့ ပြည်သူနှင့်အတူ လက်တွဲဖော်ဆောင်နေခြင်းဖြစ်သည်။

ယခုအခါ ပြည်သူ့အစိုးရ သုံးနှစ်တာကာလသို့ ရောက်ရှိလာရာ ပြည်သူများအတွက် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်သည့်ကဏ္ဍများ ရှိသကဲ့သို့ အားမလိုအားမရဖြစ်မည့် အချို့အစိတ်အပိုင်းများလည်း ရှိနိုင်မည်။ နိုင်ငံတော်အစိုးရသည် နောင်လာမည့်နှစ်များတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍများစွာတို့၌ ပြည်သူများအတွက် အခွင့်အလမ်းကောင်းများ ပိုမိုရရှိအောင် ဆောင်ရွက်နေသည်။

သို့ဖြစ်ရာ ပြည်သူ့အစိုးရ နိုင်ငံတော်၏တာဝန်ကို ရယူဆောင်ရွက်နေသည့်ကာလတွင် ရရှိပြီးဖြစ်သည့် အခွင့်အလမ်းကောင်းများကို ပိုင်ပိုင်နိုင်နိုင် ခိုင်ခိုင်မြဲမြဲဆုပ်ကိုင် အသုံးချနိုင်ရန် ပြည်သူများ ညီညွတ်စွာ အတူပါဝင်မည်။ ဆက်လက်လျှောက်လှမ်းရမည့် အနာဂတ်ခရီးလမ်းပေါ်မှ ဆူးငြောင့်ခလုတ်များ၊ စိန်ခေါ်မှုများကို စုပေါင်းအင်အားဖြင့် ကျော်လွှားမည်ဟု ခံယူချက်များထားရှိရမည်ဖြစ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံးညီညွတ်စွာ" ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြစ်ကမ်းထိန်းလုပ်ငန်းများနှင့် စက်မှုမြို့တော်ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယမန်နေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတား၌ တံတားအထက်ဘက်ရေလမ်းတွင် သဲသောင်ပြင် ဖြစ်ပေါ်လာမှုအား မြစ်ကြောင်းပြုပြင်ဆောင်ရွက်ပေးနေမှု၊ ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် ကမ်းပြိုကျမှုလျော့နည်းပြီး ရေလမ်းကြောင်း ပြောင်းလဲလာမှု၊ လာမည့်နှစ်တွင် တံတားအနီးဖြစ်ပေါ်နေသည့် သဲသောင်ပြင်အား ထိန်းသိမ်းရေးဆောင်ရွက်သွားမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ကန်ကြီးထောင့်မြို့နယ် ဒါးကမြစ်ကမ်းထိန်းလုပ်ငန်း အလျားပေ ၆၀၀ ဆောင်ရွက်ထားရှိမှု၊ ပုသိမ်လေဆိပ်နှင့် လေယာဉ်ပြေးဆွဲနေမှု၊ ပုသိမ်မြို့ ငဝန်မြစ်ကူးတံတားသစ် တည်ဆောက်ရာတွင် တံတားရေရှည်တည်တံ့ရေးအတွက် မြစ်ကမ်းထိန်းလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်နေမှု၊ ပုသိမ်ကမ်းနားလမ်းအား မြစ်ဘက်သို့ တိုးချဲ့နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ စက်မှုမြို့တော်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းနေရာသို့ရောက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးဝင်းမြေနှင့် Ayeyarwady Development Public Company Limited မှ ဦးဇော်ဝင်းရှိန်တို့က စက်မှုဆိပ်ကမ်းနှင့် ငဝန်မြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သောင်တူးဖော်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

### ကြိုးစားဆောင်ရွက်ရန် မှာကြား

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မြစ်ကမ်းထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် ရေရှည်တည့်တံ့ခိုင်မြဲရန်၊ စစ်ဆေးပိုင်နိုင်ရန်၊ ကမ်းနားလမ်း တိုးချဲ့တည်ဆောက်ရာတွင် ခေတ်မီနည်းပညာများ၊ ဒီဇိုင်းများအပြင် အစီအစဉ်များ ရေးဆွဲတင်ပြရန်၊ စက်မှုမြို့တော်စီမံကိန်း ဆောင်ရွက်ချိန်တွင် ဆိပ်ကမ်းနှင့် ငဝန်မြစ်ရေလမ်းကြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အချိန်ကိုက် ပူးပေါင်းဆောင်ရွက်ကြရန် ရန်ကုန်ဆိပ်ကမ်းကဲ့သို့ နိုင်ငံတော်မှ အားထားရသော ဆိပ်ကမ်းတစ်ခုဖြစ်အောင် ကြိုးစားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မင်းနိုင်(သတင်းစဉ်)**

## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်တွေ့ဆုံပွဲနှင့် သက်ကြီးပူဇော်ပွဲအတွက် အလှူငွေများပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၁၉**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ မတ် ၂၄ ရက်တွင် ကျင်းပမည့် တတိယအကြိမ် နှစ်ပတ်လည်တွေ့ဆုံပွဲနှင့် အသင်းဝင် အသက် ၈၀ နှစ်နှင့်အထက် ဝန်ထမ်းဟောင်းများအား ဂါရဝပြုပွဲအတွက် ဦးသန်းနိုင် (မြတ်သူစံ) (တာဝန်ခံအယ်ဒီတာ၊ မြန်မာတိုင်းမ်နေ့စဉ်)နှင့် ဦးတင်အုန်း (ရွှေမိုးညို) (အကြီးတန်းသတင်းထောက် - ငြိမ်း၊ ကြေးမုံသတင်းစာတိုက်) တို့က တစ်ဦးလျှင် ငွေကျပ်ငါးသောင်းအပါအဝင် အလှူရှင်များက အလှူငွေကျပ် တစ်သိန်းခွဲကို ပေးအပ်လှူဒါန်းရာ အသင်းတွဲဖက်အတွင်းရေးမှူး ဦးအေးသန်းက လက်ခံရယူခဲ့ကြောင်း သိရသည်။ **အေးသန်း(စိန်တုံးကြီး)**



ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၂၇

# (၆၅)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**
(၆၅)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်းနှင့် ဆရာဝန်များ၏ အဓိဋ္ဌာန်ပြုကတိသစ္စာရွတ်ဆိုခြင်း တို့ကို ဆောင်ရွက်ကြသည်။

**တက်ကြွစွာ ဆောင်ရွက်လျက်ရှိ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံဆရာဝန်အသင်းကို ၁၉၄၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာ ယနေ့အထိ နှစ်ပေါင်း ၇၀ တိုင်အောင် မားမားမတ်မတ်ရပ်တည်နိုင်ခြင်းသည် အသင်းဝင်များ၏ စည်းလုံးညီညွတ်မှုများကြောင့် ဖြစ်ပါကြောင်း၊ အသင်းတွင် မြန်မာနိုင်ငံ အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့အပါအဝင် အထူးကုဘာသာရပ်အဖွဲ့ ၄၂ ဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသင်းခွဲများရှိ၍ အင်အားတောင့်တင်းပြီး လုပ်ငန်းများတက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

အသင်းအနေဖြင့် အသင်းခွဲများ၊ အဖွဲ့များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းအပြင် နီးနွယ်အသင်းများဖြစ်သည့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၊ မြန်မာနိုင်ငံ ဆေးဝါးပညာရှင်များအသင်း၊ မြန်မာ့ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲပညာရှင်အသင်း တို့နှင့် ပိုမိုပူးပေါင်းချိတ်ဆက်ကာ လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရှိ ဆရာဝန်များသည် ကျန်းမာရေးစောင့်ရှောက်မှု စွမ်းဆောင်ရည် ပိုမိုမြင့်မားရေးကို ရည်ရွယ်၍ အသင်းမှ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး လုပ်ငန်းများအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲများ၊ ဆေးပညာညီလာခံများနှင့် နှီးနှောဖလှယ်ပွဲများ ပြုလုပ်ရာတွင် ဝန်ကြီးဌာနအနေဖြင့် ပိုမိုလက်တွဲပံ့ပိုး ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုညီလာခံတွင် ဆေးပညာဘာသာရပ်အသီးသီးမှ ပညာရှင်ကြီးများ ပါဝင်ဆွေးနွေးမည်ဖြစ်သဖြင့် တက်ရောက်လာသူ တစ်ဦးချင်းစီအတွက်သာမက ဆေးပညာလောကကြီးတစ်ခုလုံးအတွက် လွန်စွာအကျိုးရှိပါကြောင်း၊ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားမှုများကို ဝေးလံဒေသများရှိ ဆရာဝန်များပါ သိရှိလေ့လာနိုင်ရန်အတွက် ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အသုံးချဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အသင်းသည် World Medical Association နှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားမှုအစီအစဉ်ကို စတင်နေသည်ကို သိရှိရပါကြောင်း၊ အဆိုပါအစီအစဉ်များတွင် ဝန်ကြီးဌာနမှ ဆရာဝန်များပါဝင်နိုင်ရန်ကိုလည်း မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း။

**အလေးထားကြရမည်**

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အလွန်အရေးကြီးသည့် ဆေးနှီးနွယ်ပညာရှင်များ၏ အခန်းကဏ္ဍကိုလည်း အလေးထားကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဆေးပညာလောက၏ ရှေ့တန်းမျက်နှာတစ်ခုသဖွယ်ဖြစ်သော မြန်မာနိုင်ငံဆရာဝန်အသင်း အင်အားတောင့်တင်းခြင်းသည် ဆေးပညာလောကတစ်ခုလုံးအတွက် အင်အားတောင့်တင်းခြင်းဖြစ်သဖြင့် အသင်း၏ လုပ်ငန်းများကို ဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး (၆၅)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

ယင်းနောက် မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာရဲမြင့်က မြန်မာနိုင်ငံ ဆရာဝန်အသင်း(နေပြည်တော်) အဆောက်အအုံတည်ဆောက်ခဲ့မှု၊ ညီလာခံကျင်းပရန် ပြင်ဆင်ဆောင်ရွက်ခဲ့မှု၊ ရခိုင်ပြည်နယ်တွင် ဆေးပညာကျင့်ဝတ်များနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ အပါအဝင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာရဲမြင့်တို့က ဝန်ကြီးဌာနမှ ပြခန်းများ၊ ပုဂ္ဂလိက ဆေးနှင့် ဆေးပစ္စည်း ကိရိယာပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌက သဘာပတိ၊ Academic sub-committee ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအေးမောင်ဟန်က တွဲဖက်သဘာပတိ၊ အငြိမ်းစားဆေးပညာရှင်ကြီးများဖြစ်သည့် ပါမောက္ခဒေါက်တာဖေသက်ခင် [ပြည်ထောင်စုဝန်ကြီး(ငြိမ်း)]၊ ပါမောက္ခဒေါက်တာမျိုးလွင်ငြိမ်းနှင့် ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်း တို့က ဟောပြောသူများအဖြစ် ဆောင်ရွက်သည့် Eliminating Barriers to Quality Health Care ခေါင်းစဉ်ဖြင့် နှီးနှောဆွေးနွေးဖလှယ်မှု အစီအစဉ်ကို တက်ရောက်သည်။

(၆၅)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကို ဇန်နဝါရီ ၂၂ ရက်အထိ မြန်မာနိုင်ငံ ဆရာဝန်အသင်း (နေပြည်တော်)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**
မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Function Hall ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ နိုင်ငံတော်က အားထားရသော အသင်းကြီးတစ်သင်းအဖြစ် ရပ်တည်နေသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

**ဆက်လက်ထိန်းသိမ်းဆောင်ရွက်**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကို စတင်တည်ထောင်သည့် ၁၉၉၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှစပြီး ယခုအချိန်ထိ ဗဟိုကော်မတီ အဆက်ဆက်၏ ကိုယ်ကျိုးမဖက်၊ စည်းလုံးညီညွတ်စွာ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုကြောင့် ယနေ့အချိန်တွင် အောင်မြင်မှုများ ရရှိနေပြီး အဆိုပါ ရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့ကျင်းပသည့် အသင်းသားစုံညီ ညီလာခံတွင် လက်ရှိဗဟိုကော်မတီနှင့် အသစ်ရွေးချယ်တင်မြှောက်ခံရမည့် ဗဟိုကော်မတီဝင်အသစ်များအနေဖြင့် ရရှိထားသည့် အောင်မြင်မှုများကို ထိန်းသိမ်း၍ စိတ်ခွန်အားသစ်များဖြင့် နိုင်ငံတော်၏ ကောင်းကျိုး၊ အသင်း၏ ကောင်းကျိုးများကို ဆက်လက်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။




**ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

**ရှင်းလင်းပြောကြား**

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ဆောင်ရွက်ချက်များနှင့် အသင်းကြီး၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း မျိုးဆက်သစ်လူငယ်အင်ဂျင်နီယာကော်မတီ၏ "Process & Product Show 2019" ရှိ ပြခန်းများကို ကြည့်ရှုအားပေးသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အသင်းခွဲပေါင်း ၂၃ ခုအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး အသင်းဝင်ကုမ္ပဏီ ၃၂၁ ခုနှင့် အသင်းဝင်ပေါင်း ၆၃၃၅၇ ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ အမှတ် - ၆၀၄/၆၀၈ ကုန်သည်လမ်းနှင့် (၃၂)လမ်းထောင့်၌ အဆောက်အဦအထူးအဖွဲ့(၂)မှ အမျိုးသားစာကြည့်တိုက် အကြီးစားပြုပြင်ခြင်းလုပ်ငန်းခွင်၌ Third Floor နှင့် Second Floor တို့တွင် Dry Wall ကာရံထားရှိခြင်း၊ Moisture Wall တပ်ဆင်ခြင်း၊ Fire Wall တပ်ဆင်ခြင်းနှင့် Ceiling Frame Work ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အကြီးစားပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် မြို့ပြ၊ ရေသန့်၊ လျှပ်စစ်နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုများကို လိုက်လံရှင်းလင်းပြသကြသည်။

တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ဥက္ကလာပမြို့နယ်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး လေးထပ်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက အရည်အသွေး ပိုမိုကောင်းမွန်ခိုင်ခံ့ရန်နှင့် လုပ်ငန်းမှတ်တမ်းများ စနစ်တကျထားရှိရန်တို့ကို မှာကြားသည်။

**သတင်းစဉ်**

# ဖျာပုံမြို့နယ် ပညာရေးစုံညီပွဲတော်၌ ထူးချွန်ဆု ၂၀၀ ကျော်ချီးမြှင့်




**ဖျာပုံ ဇန်နဝါရီ ၁၉**
၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၉ ရက်က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ကျင်းပရာ ထူးချွန်ကျောင်းသား ကျောင်းသူ ၂၀၀ ကျော်အား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်နှင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး တိုင်းပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်ဦးက လက်ရှိပြောင်းလဲသင်ကြားနေသော ပညာရေးစနစ်သစ်အကြောင်း၊မြို့နယ်ပညာရေးမှူးက ဖျာပုံမြို့နယ်အတွင်း ပညာရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဖျာပုံမြို့နယ်အတွင်းမှ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် စာပေ၊ ဂီတ၊ ပန်းချီ၊ အားကစား၊ ဘက်စုံထူးချွန်ဆု ရရှိကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ယခုနှစ်ကျင်းပသည့် ပညာရေးစုံညီပွဲတော်တွင် ထူးချွန်ကျောင်းသား ကျောင်းသူ ၂၄၉ ဦးအား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**


ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Zhao Jin အမှာစကား ပြောကြားစဉ်။


သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို အမှာစကား ပြောကြားစဉ်။

❖ ရွှေဖုံးမှ
ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Zhao Jin တို့က အမှာစကားပြောကြားကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Zhao Jin နှင့် တာဝန်ရှိသူများသည် တရုတ်-မြန်မာ ရိုးရာယဉ်ကျေးမှုတေးသီချင်း၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၉ခုနှစ် တရုတ်-မြန်မာ နှစ်သစ်ကူးနွေဦးပွဲတော် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရနှင့် မြန်မာနိုင်ငံဘက်မှ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား ယူနန်ပြည်နယ် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၁၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Zhao Jin နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး (ရန်ကုန်ရုံးခွဲ) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် နှစ်နိုင်ငံသာသနာရေးနှင့်ယဉ်ကျေးမှုကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပလျက်ရှိသော (၇၁) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ သွားရောက်၍ စာမေးပွဲဩဝါဒါစရိယဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ စာပြန်သံဃာတော်များအား ဖူးမြော်ကြည်ညိုသည်။

**အာဂုံပြန်ဆိုလျက်ရှိ**

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၉ ရက်အထိကျင်းပလျက်ရှိပြီး စာမေးပွဲကြီး၌ ဩဝါဒါစရိယဆရာတော် ၁၁ ပါး၊ စာထောက်စာမဆရာတော် ၁၂၄ ပါး၊ လူပုဂ္ဂိုလ် စာထောက်စာမှတ် ၆၆ ဦးနှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ ကူညီဆောင်ရွက်၍ စာပြန်သံဃာတော် အပါး ၂၂၀ တို့ အာဂုံပြန်ဆိုလျက်ရှိကြသည်။


ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Zhao Jin နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စာပြန်သံဃာတော်များ အာဂုံစာပြန်ဆိုမှုကို လှည့်လည်ကြည်ညိုပြီး စာမေးပွဲဩဝါဒါစရိယဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်များအား နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဗုဒ္ဓသာသနာဝင်သမိုင်းတစ်လျှောက် သင်္ဂါယနာ ၆ ကြိမ်တင်ခဲ့ရာ မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ပဉ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာ ၂ ကြိမ်တိုင် ဆင်နွှဲခွင့်ရခဲ့ကြသည်။ ဆဋ္ဌသင်္ဂါယနာတင်သည့်အခါ ပိဋကတ်သုံးပုံ အာဂုံဆောင် သာသနာ့အာဇာနည်အရှင်မြတ်များ ရရှိရေးအတွက် ရည်ရွယ်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်မှာပင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကိုပထမအကြိမ် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၉၅၄ ခုနှစ်တွင် ၆ ကြိမ်မြောက် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး စတင်ကျင်းပသည့်နှစ်ဖြစ်၍ ထိုနှစ်တွင် စစ်ကိုင်းတောင်ရိုး မင်းကွန်းဓမ္မနာဒကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရာဘိဝံသအရှင်မြတ်သည် တိပိဋကဓရ တိပိဋကကောဝိဒစာမေးပွဲကြီး အာဂုံပြန်နှင့် ရေးဖြေ နှစ်မျိုးစလုံး၌ ဂုဏ်ထူးဖြင့် အောင်မြင်ပြီး မဟာတိပိဋကဓရ မဟာတိပိဋကကောဝိဒဘွဲ့ရ ဆရာတော်တစ်ပါး စတင်ပေါ်ထွန်းခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင် အခမ်းအနားကြီးတွင် မန္တလေးမြို့ ညောင်ရမ်းဆရာတော်ကြီးက သံဃာ့ဦးသျှောင်မထေရ်ကြီးအဖြစ် ဆောင်ရွက်တော်မူပြီး မဟာစည်ဆရာတော် အရှင်သောဘနက အမေးပုစ္ဆာဆရာတော်အဖြစ်လည်းကောင်း၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း အရှင်ဝိစိတ္တသာရာဘိဝံသက အဖြေ ဝိသဇ္ဇနကဆရာတော်အဖြစ် လည်းကောင်း ဆောင်ရွက်တော်မူကြလျက် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

**တစ်ကြိမ်မျှ ပျက်ကွက်မှုမရှိခဲ့**

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို စတင်ကျင်းပခဲ့သည်မှစ၍ တစ်ကြိမ်မျှ ပျက်ကွက်မှုမရှိခဲ့သဖြင့် ယခုအခါ မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ (၇၁) ကြိမ်မြောက် ကျင်းပနိုင်ခြင်းဖြစ်သည်။ စာမေးပွဲကြီးတွင် အာဂုံပြန်နှင့် သဘောရေးဖြေ နှစ်မျိုးခွဲခြားဖြေဆိုရပြီး ပိဋကတ်သုံးပုံလုံး စာမျက်နှာပေါင်း ၈၀၂၆ မျက်နှာကို ပြီးမြောက်အောင် အာဂုံပြန်ဆိုခြင်းပြုနိုင်ပါမှ တိပိဋကဓရဘွဲ့နှင့် သဘောရေးဖြေ ဖြေဆိုခြင်းအောင်မြင်ပါမှ တိပိဋကကောဝိဒဘွဲ့ကို ဆက်ကပ်ခံရမည်ဖြစ်သည်။

မြန်မာနိုင်ငံပရိယတ္တိ စာမေးပွဲလောကတွင် အဆင့်အမြင့်ဆုံးစာမေးပွဲကြီးဖြစ်၍ စာမေးပွဲကြီးပထမအကြိမ်မှ အကြိမ် ၇၀ ထိ ပထမဆုံးအောင်မြင်တော်မူသည့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီးအပါအဝင် တိပိဋကဓရ တိပိဋကကောဝိဒသာသနာ့အာဇာနည် အရှင်မြတ် ၁၄ ပါးပေါ်ထွန်းခဲ့ကြောင်း သိရသည်။

(၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်စာမေးပွဲကြီးကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က စတင်ကျင်းပခဲ့ပြီး ယနေ့ အာဂုံပြန်ဆိုပွဲပြီးဆုံး၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ သဘောရေးဖြေစာမေးပွဲ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



**စစ်ကိုင်း ဇန်နဝါရီ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဘွဲ့ယူမောင်မယ်များနှင့် မိဘဆွေမျိုးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာဒေါ်မို့မို့ရီက ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစ၍ အထူးပြုဘာသာရပ်ငါးခုဖြစ်သော B.BSc(Social Enterprise Management), B.BSc (Regional Development), B.BSc (Applied Statistics), B.BSc (Accounting & Finance), B.BSc(Marketing Management) ဘွဲ့နှင့် MSEM (Master of Social Enterprise Management), PGDSEM (Post Graduate Diploma in Social Enterprise Management), PGDAF (Post Graduate Diploma in Accounting & Finance), PGDMM (Post Graduate Diploma in Marketing Management) ဘွဲ့တို့ကို စတင်အပ်နှင်းသွားမည်ဖြစ်၍ အလွန်ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း၊ ထို့အပြင် အထူးပြုဘာသာရပ် ငါးခုစလုံးအတွက် ဘွဲ့လွန်ဒီပလိုမာများနှင့် မဟာဘွဲ့များ အပ်နှင်းနိုင်ရန် ဘွဲ့လွန်ဒီပလိုမာသင်တန်းများနှင့် မဟာတန်းများဖွင့်လှစ်လျက်ရှိကြောင်း၊ မျိုးဆက်သစ်စီးပွားရေး ပညာတတ်များအနေဖြင့် အမိတက္ကသိုလ်က စီးပွားရေးပညာရပ်၊ ICT ပညာရပ်များအပြင် လူမှုရေးစိတ်ဓာတ် အခြေခံကောင်းများနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် သဘောတရားများ ပါဝင်သော သမဝါယမပညာရပ်များကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်သည့်အတွက် တတ်မြောက်ထားသော ပညာရပ်ဆိုင်ရာ အခြေခံကောင်းများပေါ်မူတည်၍ အလုပ်ခွင်တွင် လက်တွေ့အသုံးချနိုင်ရန် ကြိုးစားသွားရန်လိုကြောင်း၊ ယနေ့အပ်နှင်းလိုက်သည့် ဘွဲ့ဒီဂရီအသီးသီးသည် ဘွဲ့ရမောင်မယ်များအတွက် စီးပွားရေးနယ်ပယ်တွင် အသုံးတည့်သော ပညာရှင်များအဖြစ် စတင်အမှတ်သညာပြုလိုက်ခြင်းသာဖြစ်ကြောင်း၊ အစဉ်လေ့လာသင်ယူနေရသော Learning Society လူ့ဘောင်အဖွဲ့အစည်းတွင် မိမိကိုယ်တိုင် လေ့လာဆည်းပူးရင်း မိဘ၊ ဘိုးဘွားများ ကြိုးပမ်းတည်ဆောက်ထားသော နိုင်ငံတော်ကြီးကို ပစ္စုပ္ပန်တွင် တည်တံ့ခိုင်မာဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းကာ အနာဂတ်မျိုးဆက်သစ်တို့လက်သို့ လွှဲပြောင်းပေးအပ်နိုင်အောင်ကြိုးစားကြပါဟု တိုက်တွန်းလိုကြောင်း၊ ထို့အပြင် နိုင်ငံတော်အတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်နှင့် ဒေသအလိုက်လိုအပ်သော စီးပွားရေးပညာတို့ကို အချိန်နှင့်တစ်ပြေးညီ အသုံးချနိုင်ပြီး စဉ်းစားတွေးခေါ်မှုမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် အစဉ်အမြဲ ကြိုးစားကြရန်နှင့် ကမ္ဘာ့စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို မျက်ခြည်မပြတ်လေ့လာပြီး ယှဉ်ပြိုင်နိုင်သော (Entrepreneurs) ဟုခေါ်သော စွန့်ဦးတီထွင်လုပ်ငန်းရှင်ကြီးများနှင့် လူမှုဆန်းသစ်တီထွင်မှုပညာတတ် (Social Innovators)များဖြစ်အောင် မိမိတို့ကိုယ်တိုင် ကြိုးစားတည်ဆောက်ကြပါဟု ပြောကြားသည်။

သမဝါယမတက္ကသိုလ် (စစ်ကိုင်း) မှ ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် MSEM ၁၇ ဦး၊ PGDAF ရှစ်ဦး၊ PGDMM လေးဦး၊ B.BSc ၁၂၂ ဦး၊ B.BSc (SEM) ၇၃ ဦး၊ B.BSc (RD) ၅၅ ဦး၊ B.BSc (AS) ၈၇ ဦး၊ B.BSc (AF) ၁၂၄ ဦး၊ B.BSc (MM) ၁၃၈ ဦး စုစုပေါင်း ဘွဲ့ရရှိသူ ၆၂၈ ဦးရှိပြီး တက်ရောက်ဘွဲ့ယူသူ ၅၉၆ ဦးအား သက်ဆိုင်ရာ ဘွဲ့အသီးသီးကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် ဖားကန့်မြို့နယ် ပြန်/ဆက်ရုံး စာကြည့်တိုက် ကြည့်ရှုစစ်ဆေး



**ဖားကန့် ဇန်နဝါရီ ၁၉**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှိ စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။

**ပြင်ဆင်ထိန်းသိမ်း**

ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များဖြစ်ကြသော ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဦးအောင်မျိုးမြင့်တို့နှင့်အတူ ဖားကန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှိ ပြတိုက်ငယ်၊ စာကြည့်တိုက်နှင့် ကလေးစာဖတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့်ဖြည့်ဆည်းပေးနိုင်ရန်အတွက် နယ်မြေဆိုင်ရာသတင်းအချက်အလက်များ ရယူပေးပို့ရေး ၊ မြို့နယ်အတွင်းရှိ စာရေးဆရာများနှင့် ပူးပေါင်းပြီး စာဖတ်ဝိုင်းများ ထိရောက်အောင်ပြုလုပ်ရေး၊ ရုံးအဆောက်အအုံမှ ပြုပြင်ရန်လိုအပ်မှုများနှင့် ပြင်ဆင်ထိန်းသိမ်းရေးတို့ကို မှာကြားသည်။**(ယာပုံ)**

**ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၉**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယမန်နေ့မွန်းလွဲ ၃ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကျိန်စမ်းကျော့ ယာယီအဝင်၊အထွက်ဂိတ် အသုံးပြုနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျိန်စမ်းကျော့ ကျောက်တိုင်ကွင်းရှိ ခြံပိုင်ရှင် ဦးမိုးစက်၏ ပြည်ပသို့ တင်ပို့ရောင်းချရန် မွေးမြူထားသည့် နွားခြံများကို ကြည့်ရှုသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မူဆယ်မြို့ရှိ မြန်မာ - တရုတ် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် မန့်ဝိန်းဂိတ်၊ နန်းတော်ဂိတ်နှင့် ဆင်ဖြူရှင်ဂိတ်များကို ကြည့်ရှုစစ်ဆေးပြီး နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်ချောမွေ့ရေးအတွက် လုပ်ဆောင်ရမည့် အစီအမံများ၊ ကုန်တင်မော်တော်ယာဉ်ကြီးများ ပိတ်ဆို့မှုမရှိရေး ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ - တရုတ် ကုန်သွယ်မှုအတွက် အသစ်ထပ်မံဖွင့်လှစ်မည့် ဟိုဆောင်ဂိတ်၌ နယူးစတားလိုက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာက ဂိတ်တည်ဆောက်ပြီးစီးနေမှုကို ရှင်းလင်းတင်ပြရာ ဂိတ်အသစ်မြန်ဆန်စွာဖွင့်လှစ်နိုင်ရေးအတွက် မိမိဘက်မှ လုပ်ငန်းများ မြန်မြန်ဆန်ဆန် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးအား မင်္ဂလာမူဆယ်လမ်းလျှောက်ဈေးရှိ Information Centre အစည်းအဝေးခန်းမ၌ မင်္ဂလာမူဆယ်နှင့် နယူးစတားလိုက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာက မြန်မာ - တရုတ် ကုန်သွယ်မှုပြုရန် ဂိတ်အသစ်တစ်ခု တည်ဆောက်ပြီးစီးနေမှုနှင့် မင်္ဂလာမူဆယ်လမ်းလျှောက်ဈေး တည်ဆောက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

**သတင်းစဉ်**




# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပြည်ထောင်စုဝန်ကြီးဌာနများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ များဖွဲ့စည်းရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ပူးပေါင်း၍ ပြည်ထောင်စုဝန်ကြီးဌာနများတွင် ရှေ့ပြေးစီမံကိန်းအဖြစ် ဝန်ကြီးဌာန ၁၃ ခု၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit –CPU)များဖွဲ့စည်းရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Park Royal Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာန ၁၃ ခုမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများ တက်ရောက်သည်။

**ဆွေးနွေး**

အလုပ်ရုံဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းက CPUအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ဥပဒေရှုထောင့်မှ ဆွေးနွေးခြင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက CPU ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုးက အဂတိလိုက်စားမှုဖြစ်နိုင်ခြေ အန္တရာယ်ဆန်းစစ်လေ့လာသုံးသပ်ခြင်း၊ UNDP မှ ကျွမ်းကျင်သူ Mr. Philliat Matsheza က အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းတို့အပေါ် ဆွေးနွေးကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက သိရှိလိုသောအချက်များကို မေးမြန်းဆွေးနွေးကြရာ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲတွင် အောက်ပါအတိုင်း အတည်ပြုဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သိရသည်။

**သင်တန်းပေးသွားရန်**

ပြည်ထောင်စုဝန်ကြီးဌာနများတွင် CPU ဖွဲ့စည်းမှုကို ပြည်ထောင်စုဝန်ကြီးဌာန၏ လိုအပ်ချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီး၏စီမံခန့်ခွဲမှုဖြင့် ဖွဲ့စည်းဆောင်ရွက်ရန်၊ CPU ၏လုပ်ငန်းတာဝန်သုံးရပ်အဖြစ် (၁)အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊ (၂)အဂတိလိုက်စားမှုပြဿနာများကို ဖြေရှင်းရန်၊ (၃) နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပွားရေး တားဆီးကာကွယ်ရန်၊ CPUတွင် တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာပုဂ္ဂိုလ်များအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ကျင့်ဝတ်အား လိုက်နာဆောင်ရွက်ရန်၊ CPUတွင် တာဝန်ထမ်းဆောင်မည့် ပုဂ္ဂိုလ်များအား ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုလျှင် လေးဦးမှ ၁၀ ဦးအထိကို ဖေဖော်ဝါရီ ပထမပတ်တွင် သင်တန်းပေးသွားရန်တို့ဖြစ်သည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှကလေးသူငယ်များဆိုင်ရာ ရုပ်သံပွဲတော် - ၂၀၁၈ တွင် ဆုရရှိခဲ့သူများအား ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**
ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှကလေးသူငယ်များဆိုင်ရာ ရုပ်သံပွဲတော် - ၂၀၁၈ (2nd Southeast Asia Video Festival For Children 2018 - SEAVFC) တွင် ဆုရရှိခဲ့သူများ၊ ပြိုင်ပွဲတွင် ဆန်ခါတင်ရွေးချယ်ခံခဲ့ရသူများနှင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများအား ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့်နှင့် အာဆီယံဒေသကြီးအဆင့်တွင် ဆန်ခါတင်ရွေးချယ်ခံခဲ့ရသူများ၏ ပြိုင်ပွဲဝင် ဗီဒီယိုဇာတ်လမ်းများကို ပြသသည်။

ဆက်လက်၍ အသက် ၉ နှစ်မှ ၁၂ နှစ်အုပ်စုပြိုင်ပွဲ အာဆီယံဒေသကြီးအဆင့်တွင် Winner ဆုရရှိခဲ့သည့် မစုလင်းလဲ့၏ ပြိုင်ပွဲဝင် "Hero’s in my Life" ဗီဒီယိုဇာတ်လမ်းကို ပြသသည်။

အဆိုပါဇာတ်လမ်းသည် အဘိုး၊အဘွားများအနေဖြင့် မြေးငယ်အပေါ် ချစ်ခင်တန်ဖိုးထားစောင့်ရှောက်ပေးမှုနှင့် ကောင်းမွန်သော လူမှုရေးကျင့်ဝတ်များ သင်ကြားပြသပေးမှုတို့ကို ပုံဖော်ရိုက်ကူးထားသည့် ဇာတ်လမ်းဖြစ်သည်။ ယင်းနောက် အသက် ၁၆ နှစ်မှ ၁၈ နှစ်အုပ်စုပြိုင်ပွဲ အာဆီယံဒေသကြီးအဆင့်တွင် Winner ဆုရရှိခဲ့သည့် မစုလတ်ရွှေရည်ဇော်၏ ပြိုင်ပွဲဝင် “Smile” ဇာတ်လမ်းကို ပြသသည်။

အဆိုပါဇာတ်လမ်းသည် မိဘနှင့်အဆင်မပြေဘဲ စိတ်လေနေသည့် ကျောင်းသားလူငယ်တစ်ဦးမှာ မာန်မာန မရှိ၊ စိတ်ထားဖြူစင်ပြီး အပြုံးဖြင့် အကူအညီပေးလေ့ရှိသည့် ဘုန်းကြီးကျောင်း ကပ္ပိယကြီးတစ်ဦးနှင့် ခင်မင်ရင်းနှီးပြီး လိမ္မာယဉ်ကျေးကာ စည်းကမ်းရှိသော၊ စာကြိုးစားသော ကျောင်းသားတစ်ဦးအဖြစ်သို့ ပြောင်းလဲသွားပုံကို ပုံဖော်ရိုက်ကူးထားသည့် ဇာတ်လမ်းဖြစ်သည်။

ထို့နောက် ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့ကြသူများ၊ အာဆီယံဒေသကြီးအဆင့်တွင် Winner ဆုရရှိခဲ့ကြသည့် မစုလင်းလဲ့နှင့် မစုလတ်ရွှေရည်ဇော်၊ အသက် ၁၃ နှစ်မှ ၁၅ နှစ်အထိ အာဆီယံဒေသကြီးအဆင့်၊ ဝါသနာရှင်အာဆီယံဒေသကြီးအဆင့်၊ အသက် ၁၂ နှစ်အောက် အမျိုးသားအဆင့်၊ အသက် ၁၃ နှစ်မှ ၁၅ နှစ်အထိ အမျိုးသားအဆင့်၊ အသက် ၁၆ နှစ်မှ ၁၈ နှစ်အထိ အမျိုးသားအဆင့်၊ ဝါသနာရှင်အမျိုးသားအဆင့်၊ ပညာရှင်အမျိုးသားအဆင့်တို့တွင် ဆန်ခါတင်ရွေးချယ်ခံခဲ့ရသူများ၊ အသက်အုပ်စုအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများနှင့် ဝါသနာရှင်အဆင့်တို့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများအား ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

**သတင်း - မိမိဖြိုး၊ဓာတ်ပုံ - လှမိုး**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း ( ၂၀၁၉- ၂၀၂၂ )


## ■ သူရိန်ထွန်း(ဥပဒေ)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေးဟူသော စံငါးချက်နှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၀ ကို ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။ မဟာဗျူဟာစီမံကိန်းကိုရေးဆွဲရာတွင် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ ရွေးကောက်ပွဲအလွန် အကြံပြုချက်များအပေါ် သုံးသပ်၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

မဟာဗျူဟာစီမံကိန်းတွင် ၁၁ ခု ပါဝင်ပြီး အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) မဟာဗျူဟာစီမံကိန်း(၁)။ ဥပဒေရေးရာ မူဘောင်နှင့် လွှတ်တော်ဆက်ဆံရေး၊
(၂) မဟာဗျူဟာစီမံကိန်း(၂)။ ဝန်ထမ်းများ၏ ကျွမ်းကျင်မှု စွမ်းရည်မြှင့်တင်ဆောင်ရွက်ရေး၊
(၃) မဟာဗျူဟာစီမံကိန်း(၃)။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(၄) မဟာဗျူဟာစီမံကိန်း(၄)။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ၊
(၅) မဟာဗျူဟာစီမံကိန်း(၅)။ ပြည်သူလူထုနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်း၊
(၆) မဟာဗျူဟာစီမံကိန်း(၆)။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုများ၊ တိုင်ကြားမှုများနှင့် ကန့်ကွက်မှုများကို ဖြေရှင်းခြင်း၊
(၇) မဟာဗျူဟာစီမံကိန်း(၇)။ ကဏ္ဍစုံမှ ပါဝင်ပတ်သက်မှုများနှင့် ဆက်ဆံခြင်း၊
(၈) မဟာဗျူဟာစီမံကိန်း(၈)။ အားလုံးပါဝင် ဆောင်ရွက်မှုမြှင့်တင်ခြင်း၊
(၉) မဟာဗျူဟာစီမံကိန်း(၉)။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းနှင့် မဲဆွယ်စည်းရုံးရေးအသုံးစရိတ်၊
(၁၀) မဟာဗျူဟာစီမံကိန်း(၁၀)။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း၊
(၁၁) မဟာဗျူဟာစီမံကိန်း(၁၁)။ စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်ခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းတို့ ဖြစ်ပါသည်။

မဟာဗျူဟာစီမံကိန်းတွင် ရွေးကောက်ပွဲစက်ဝန်းလုပ်ငန်းစဉ်များကိုလည်း အောက်ပါအတိုင်း ရေးဆွဲထားပါသည်-




**မဟာဗျူဟာမျှော်မှန်းချက်၊ တာဝန်နှင့် လိုက်နာဆောင်ရွက်မည့် အခြေခံမူများ**

**မျှော်မှန်းချက်**

စစ်မှန်ခိုင်မာသော ဒီမိုကရေစီစနစ် တည်ဆောက်နိုင်ရေးအတွက် ရွေးကောက်ပွဲများကို လွတ်လပ်၍ တရားမျှတပြီး တူညီသော အခွင့်အရေးဖြင့် ဘက်လိုက်ခြင်းမရှိဘဲ ပွင့်လင်းမြင်သာစွာ ကျင်းပပေးခြင်းဖြင့် အများယုံကြည်လက်ခံလာစေရန်။

**တာဝန်**

ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အခွင့်အာဏာအရ လွတ်လပ်၍ တရားမျှတသော ဘက်မလိုက်သည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ အဖွဲ့ဝင်များ၏ စွမ်းဆောင်မှု အရည်အသွေးမြှင့်တင်ပေးခြင်း၊ ပြည့်စုံမှန်ကန်သော မဲစာရင်းများ ပြုစုခြင်း၊ မဲဆန္ဒရှင်များအား ပညာပေးခြင်း၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်ရမည်။ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

**လိုက်နာဆောင်ရွက်မည့်အခြေခံမူများ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စီမံဆောင်ရွက်ရာတွင် အောက်ပါအခြေခံသဘောတရားများအပေါ် မူတည်၍ စိတ်ဓာတ်ရေးရာ ရင့်ကျက်မှုနှင့် လုပ်ငန်းကျွမ်းကျင်မှု၊ တာဝန်ယူမှုများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

**၁။လွတ်လပ်၍ အမှီအခိုကင်းခြင်း**

ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စီမံဆောင်ရွက်ရာတွင် ပြင်ပလွှမ်းမိုးမှုမရှိစေဘဲ အမှီအခိုကင်းစွာဖြင့် လွတ်လပ်စွာ စီမံဆောင်ရွက်ခြင်း၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ခုခု၏ လွှမ်းမိုးမှုမရှိဘဲ ဆောင်ရွက်ခြင်း။




> "၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးရန်လည်း လိုအပ်ပါသည်"

**၂။တရားမျှတခြင်း**

မည်သည့်ပါတီ၊ လူပုဂ္ဂိုလ်တစ်ဦးဦးကိုမျှ ဘက်လိုက်ခြင်းမရှိဘဲ ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခြင်း။

**၃။ပွင့်လင်းမြင်သာမှုရှိခြင်း**

ရွေးကောက်ပွဲဆိုင်ရာ မူဝါဒများ၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲများ ကျင်းပရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ခြင်း။

**၄။တာဝန်ခံ၊ တာဝန်ယူစိတ်ဖြင့် ဆောင်ရွက်ခြင်း**

ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် ဆောင်ရွက်ခြင်း။

**၅။တီထွင်ကြံဆတွေးခေါ်ခြင်း**

ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အစဉ်အမြဲ ခိုင်မာရှင်သန်စေရန် တိုးတက်သော ခေတ်မီနည်းပညာများကို လေ့လာအသုံးပြု၍ တီထွင်ကြံဆတွေးခေါ် ဆောင်ရွက်ခြင်း။

**၆။ပြည်သူများ၏ ယုံကြည်ကိုးစားမှုရှိခြင်း**

ရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှု မြင့်မားစေရန် တည်ဆဲဥပဒေများနှင့်အညီ စီမံဆောင်ရွက်ခြင်း၊ ပြည်သူအားဥပဒေနှင့်အညီ ဆောင်ရွက်နေကြောင်းသိရှိရန် အသိပေးခြင်း။

**၇။ဂုဏ်သိက္ခာပြည့်ဝခြင်း**

ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်လျှောက်တွင် တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် လူမှုအဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် လွတ်လပ်၍တရားမျှတသော၊ သိက္ခာရှိသော ရွေးကောက်ပွဲများကို ကျင်းပပေးခြင်းဖြင့် ဒီမိုကရေစီအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ခိုင်မာလာစေခြင်း။

ဤမဟာဗျူဟာစီမံကိန်း ရေးဆွဲရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ ခုနှစ်တွင် စီမံကိန်းရေးဆွဲရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး မဟာဗျူဟာပန်းတိုင်အသစ်များချမှတ်၍ သက်ဆိုင်ရာအခန်းအလိုက် လုပ်ငန်းစဉ်ရေးဆွဲရေးအတွက် အဖွဲ့များဖွဲ့စည်းခဲ့ပြီး မဟာဗျူဟာပန်းတိုင်၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အညွှန်းပြကိန်းများကို သတ်မှတ်ရေးဆွဲထားခြင်းဖြစ်ပါသည်။

မဟာဗျူဟာစီမံကိန်းအရ ၂၀၁၉ ခုနှစ်သည် မဲစာရင်းပြုစုရေးနှစ်ဖြစ်ပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာ၌ လုပ်ငန်းစဉ်များကို တစ်ပြေးညီဆောင်ရွက်ရေးနှင့် Excel ဖြင့် မဲစာရင်းဖြည့်သွင်းခြင်းကို လေ့ကျင့်သင်ကြားပေးနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation for Electoral Systems(IFES) အဖွဲ့တို့ပူးပေါင်း၍ မဲစာရင်းပြုစုခြင်းသင်တန်းကို ၉-၁-၂၀၁၉ ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel တွင် ဖွင့်လှစ်ခဲ့ပြီး ၁၁-၁-၂၀၁၉ ရက်နေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲအရာရှိများ၊ ခရိုင်ရွေးကောက်ပွဲအရာရှိများအပါအဝင် သင်တန်းသား သင်တန်းသူ ၁၄၇ ဦးအား သင်ကြားလေ့ကျင့်ပြီး ဖြစ်ပါသည်။ အဆိုပါ သင်တန်းသားများအနေဖြင့် သင်တန်းပြီးဆုံးပြီးနောက် မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မဲစာရင်းပြုစုမည့်အဖွဲ့များကို ဆင့်ပွားသင်တန်းများ ပြန်လည်သင်ကြားပို့ချပေးရမည်ဖြစ်၍ ကျွမ်းကျွမ်းကျင်ကျင်ဖြစ်အောင် လေ့ကျင့်သင်ကြားပြီးလည်း ဖြစ်ပါသည်။ မဟာဗျူဟာစီမံကိန်းရေးဆွဲရာတွင်လည်းကောင်း၊ စာအုပ်ထုတ်ဝေရာတွင်လည်းကောင်း၊ မဲစာရင်းပြုစုခြင်း သင်တန်းဖွင့်လှစ်ရာတွင်လည်းကောင်း၊ မဲစာရင်းဆိုင်ရာ အချက်အလက်များကို Excel ဖြင့် ဆောင်ရွက်ပြီး အသစ်ရေးဆွဲမည့် Software ပြုလုပ်ရာတွင်လည်းကောင်း အစစအရာရာ ကူညီဆောင်ရွက်ပံ့ပိုးပေးခဲ့သော International Foundation for Electoral Systems (IFES) အဖွဲ့ကို ဂုဏ်ပြုမှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးရန်လည်း လိုအပ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဝန်ကြီးဌာနများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၁-၁-၂၀၁၉ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန ၁၂ ခုမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

စာမျက်နှာ ၁၁ သို့

# ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့ ကလေးစာပေပွဲတော်ဖွင့်ပွဲအခမ်းအနား အစမ်းလေ့ကျင့်မှု ကြည့်ရှု





ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲဖွင့်ပွဲ အစမ်းလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးကြစဉ်။

**မြစ်ကြီးနား ဇန်နဝါရီ ၁၉**
ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့သည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနား တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနား အစမ်းလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့၏လေ့ကျင့်မှု၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ လေ့ကျင့်သီဆိုကပြမှုတို့ကို ကြည့်ရှုကြသည်။

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (မြစ်ကြီးနား)ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မြစ်ကြီးနားမြို့ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် ကိုယ်ပွားသတင်းစာတိုက်တို့ကို ကြည့်ရှုစစ်ဆေး



**မြစ်ကြီးနား ဇန်နဝါရီ ၁၉**
ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် ကိုယ်ပွားသတင်းစာတိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၌ ပြည်နယ်တာဝန်ခံ အင်ဂျင်နီယာမှူး ဦးအောင်ကျော်ဇင်က ထပ်ဆင့်လွှင့်စက်ရုံ လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြား၍ ရုပ်သံထပ်ဆင့်ထုတ်လွှင့်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ကိုယ်ပွားသတင်းစာတိုက်သို့ ရောက်ရှိရာ တာဝန်ခံအရာရှိ ဦးကျော်ထက်က နိုင်ငံပိုင်သတင်းစာများ ပို့ဆောင်ဖြန့်ချိနေမှု၊ ကချင်တိုင်းရင်းသားဘာသာဖြင့် အချပ်ပို ရိုက်နှိပ်ဖြန့်ချိနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကိုယ်ပွားသတင်းစာတိုက် ပုံနှိပ်စက်ခန်းကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။ **သတင်းစဉ်**

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( မြစ်ကြီးနားမြို့ )

၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ (၂၀၊ ၂၁၊ ၂၂)ရက်၊ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ၊ မြစ်ကြီးနားမြို့။

# ကလေးစာပေပွဲတော် (မြစ်ကြီးနား)ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မြစ်ကြီးနား ဇန်နဝါရီ ၁၉**
ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော် (မြစ်ကြီးနား) ကို ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မြစ်ကြီးနားတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ကလေးစာပေပွဲတော်တွင် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲ၊ တိုင်းရင်းသားဘာသာစကားများဖြင့် ပုံပြောပြိုင်ပွဲ၊ အင်္ဂလိပ်ဘာသာဖြင့် ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အဖွဲ့လိုက် အားကစားပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ပြီး မြစ်ကြီးနားမြို့ရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၊ ကချင်အနုပညာရှင် တေးသံရှင်များ ပါဝင်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည့်အပြင် ကျောက်ဆည်ဆင်အက၊ မျက်လှည့်၊ ရုပ်သေး၊ တိုင်းရင်းသားရိုးရာအကများဖြင့်လည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော် ကျင်းပသည့်ရက်များအတွင်း စာပေဟောပြောပွဲ၊ စာပေစကားဝိုင်းနှင့် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပသွားမည်ဖြစ်သည့်အပြင် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုပြခန်းများနှင့် အသိပညာပေးပြခန်းများကိုလည်း ထည့်သွင်းပြသသွားမည် ဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကလေးစာပေပွဲတော်များကို နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာ၊ ရန်ကုန်နှင့် ပုသိမ်မြို့တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။ **အောင်မင်းဟန်**
**ဓာတ်ပုံ- သက်နိုင်လင်း**





ကလေးစာပေပွဲတော် (မြစ်ကြီးနား) အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားမှုများကို တွေ့ရစဉ်။

# လေးတွဲ့တွဲ့ တေးဖွဲ့မသီ ခွဲခွာလုပြီထင့်

## ကိုရင်ဩ

ဦးနှင်းပွဲ့ထောင်၊ ပွဲနှင်းဦးထောင်ဖြစ်ရသည့် ရက်သတ္တပတ်ကိုရင်ဆိုင်ကြုံတွေ့ခဲ့ရသူတစ်ဦးမှာကား ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ထရေစာမေဖြစ်၏။ ဥရောပသမဂ္ဂမှ သူ၏နိုင်ငံခွဲထွက်ရေးအစီအစဉ်ကို လွှတ်တော်က ဇန်နဝါရီ ၁၅ ရက်တွင် ခါးခါးသီးသီးပယ်ချခဲ့ခြင်းမှာ မေအတွက် သမိုင်းတွင်လောက်သည့် ရှုံးနိမ့်မှုတစ်ရပ်ဖြစ်ခဲ့ရသည့် နည်းတူ မေ၏အစိုးရအဖွဲ့အား အယုံအကြည်မရှိအဆိုတင်သွင်းမှုမှာလည်း မေအတွက်ရင်လှိုက်သည်းဖိုရှိခဲ့ရပြန်၏။ အမယ်ဘုတ်၏ သူ့ချည်ခင်ပမာ ရှုပ်ရှုပ်ထွေးထွေးဖြစ်ခဲ့ရ၏။ ဝေ့လည်ကြောင်ပတ်ဖြစ်ခဲ့ရ၏။

**တော်ဝင် ဂေါ်သဇင်ပန်းပမာ**

သို့ဖြစ်စေကာမူလွှတ်တော်မဲခွဲမှုတွင် မေမှာနှာတစ်ဖျားဖြင့် လွတ်မြောက်ခဲ့ရပြီး ပန်းထူးပန်းမွန် တော်ဝင်ဂေါ်သဇင်ပန်းပမာအမြင့်တွင် တင့်တယ်ဝင့်ထည်စွာဆက်လက်ရပ်တည်ခွင့်ရရှိခဲ့ပေပြီ။

မေလ ၁၆ ရက်က အတိုက်အခံလေဘာပါတီခေါင်းဆောင် ဂျယ်ရမီကော်ဘင်က ကမကထပြုလျက် မေ၏အစိုးရအဖွဲ့အား အယုံအကြည်မရှိအဆိုတင်သွင်းခဲ့ရာတွင် မေမှာ ၃၂၅ မဲ-၃၀၆ မဲဖြင့် ပွတ်ကာသီကာလက်မတင်အနိုင်ရရှိခဲ့သည်။ မဲခွဲဆုံးဖြတ်ခြင်းမပြုမီ ဝန်ကြီးချုပ်မေ ရာထူးမှနုတ်ထွက်ပေးရန် ကော်ဘင်က တောင်းဆိုခဲ့သေးသည်။

အကယ်၍ မေ၏အစိုးရအဖွဲ့ကိုဖယ်ရှားရေးဘက်မှ သူ၏ ကွန်ဆာဗေးတစ်ပါတီမှ အလေးပေးမဲပေးခဲ့ကြပါမည်ဆိုလျှင် သူကိုယ်တိုင် ရာထူးမှနုတ်ထွက်ပေးရပြီး အထွေထွေရွေးကောက်ပွဲကျင်းပရန် လမ်းဖွင့်သွားသည့် အထိစိုးရိမ်ဖွယ်ရာ ဖြစ်ပေါ်ခဲ့ရသေးသည်။ သို့ရာတွင် မေမှာ "နိုင်ပေါက်"ရရှိခဲ့ပြီးထိတ်လန့်တုန်လှုပ်ဖွယ်ရာ အနေအထားမှ ရင်တုန်ပန်းတုန် ကျော်လွှားလွန်မြောက်ခဲ့ရသည်။

ကော်ဘင်နှင့်သူ၏ အတိုက်အခံလေဘာပါတီတို့က အစိုးရအဖွဲ့ကိုထိန်းချုပ်အံ့သို့ရှိခဲ့ရသည့် အခြေအနေတွင် ကွန်ဆာဗေးတစ် အမတ်ဦးရေ ၁၀၀ ကျော်က ဘရီးဇစ်(Brexit) (ဝါ) ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံနုတ်ထွက်ရေး မေ၏အစီအစဉ်ကိုကန့်ကွက်ခဲ့သည့်ဖြစ်စဉ်က မေအတွက် ပြက်ပြက်ထင်ထင် ပြေးမြင်နေရဆဲ အရိပ်မည်းကြီးဖြစ်ပြီးလျှင် ပါလီမန်တွင် အယုံအကြည်မရှိအဆိုကို ပျာယီးပျာယာမဲခွဲဆုံးဖြတ်မှုနှင့် ရင်ဆိုင်တိုးခဲ့ရခြင်းဖြစ်လေသည်။

မျက်ပြူးဆန်ပျာဖြစ်ခဲ့ရသည့် မဲခွဲဆုံးဖြတ်ချက်က မေ၏အစွမ်းအစကို မျှော့သွေးစမ်းဘိသကဲ့သို့ရှိခဲ့ရပြီးလျှင် အမှတ် ၁၀၊ ဒေါင်းနင်းလမ်း "ဝန်ကြီးချုပ်စံအိမ်တော်"မှ ပတ်စာခွာဖျာသိမ်းရမည့်ကိန်းကို သူကျော်လွှားလွန်မြောက်ခဲ့ပေပြီ။

**အကြိတ်အနယ်ဆွေးနွေး**

ဇန်နဝါရီလ၏ တတိယရက်သတ္တပတ်အကုန်အားလပ်ရက်များ(ဇန်နဝါရီ၁၉-၂၀)တွင် မေမှာသူ၏ ကျေးလက်အပန်းဖြေစံအိမ်ချက်ကာ (Chequers) သို့သွားရောက်ကာ "ဘရီးဇစ်"အတွက် ဒုတိယမြောက်



> **ဥရောပသမဂ္ဂ(ဝါ) အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရာတွင် မည်သည့်သဘောတူညီချက်မျှမရရှိဘဲ နုတ်ထွက်မည်ဆိုပါက နိုင်ငံ့စီးပွားရေးကပ်ဆိုက်နိုင်သည့် အခြေအနေဖြစ်လာနိုင်ပေရာ ယင်းအခြေအနေကိုရှောင်ရှားနိုင်ရန် မည်ကဲ့သို့လုပ်ဆောင်နိုင်မည်ကို မေ၏အစိုးရအဖွဲ့က အပူတပြင်းလုပ်ဆောင်နေရဆဲဖြစ်လေသည်။**

အစီအစဉ်(ဝါ) Plan B အတွက် သူ၏ဝန်ကြီးများနှင့်လည်းကောင်း၊ ဝါရင့်အမတ်မင်းများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးမှုများကို အကြိတ်အနယ်ပြုလုပ်ရလိမ့်မည်ဟု သတင်းများပေါ်ထွက်လာ၏။

ဒုတိယမြောက်အစီအစဉ်မှာ မူလအစီအစဉ်ကို ပြင်ဆင်ရေးဆွဲထားသော အစီအစဉ်ဖြစ်ပြီး ယင်းအစီအစဉ်နှင့်ပတ်သက်၍ အများ၏သဘောတူညီချက်ရရှိရန် မေက ကြိုးပမ်းလျက်ရှိလေသည်။

ဗြိတိန်နိုင်ငံ၏ ခေတ်သစ်နိုင်ငံရေးသမိုင်းတွင် အစိုးရအဖွဲ့၏ အကြီးအကျယ်ဆုံး ရှုံးနိမ့်မှုတစ်ရပ်အဖြစ် မေ၏ "ဘရီးဇစ်"အစီအစဉ်ကို ၄၃၂ မဲ-၂၀၂ မဲဖြင့် ပယ်ချခဲ့ခြင်းမှာ မေအတွက် အရေးပေါ်အကျပ်အတည်းတစ်ရပ် ဖြစ်လာစေခဲ့ရသည်။

မေမှာအယုံအကြည်မရှိ လွတ်မြောက်ကာ သူ၏အစိုးရအဖွဲ့ ဆက်လက်ရှင်သန်နိုင်ခဲ့လင့်ကစား ဘရီးဇစ်အစီအစဉ် ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်နေရသည့် အခြေအနေမှာ သူ့အတွက်ရော၊ သူ၏နိုင်ငံအတွက်ပါ မီးခိုးကြွက်လျှောက် ပြဿနာ ဖြစ်ပေလိမ့်မည်။ မေ၏အစိုးရအဖွဲ့မှာ ဆက်လက်ရှင်သန်ခွင့်ရှိခဲ့သော်လည်း ဘရီးဇစ် အစီအစဉ်မှာမေအတွက် အပင်းလျှိုရဘိသို့ တစ်ဆို့ဆို့ကြီးဖြစ်ရအံ့ပေသည်။

ဥရောပသမဂ္ဂ(ဝါ) အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရာတွင် မည်သည့်သဘောတူညီချက်မျှမရရှိဘဲ နုတ်ထွက်မည်ဆိုပါက နိုင်ငံ့စီးပွားရေးကပ်ဆိုက်နိုင်သည့် အခြေအနေ ဖြစ်လာနိုင်ပေရာ ယင်းအခြေအနေကိုရှောင်ရှားနိုင်ရန် မည်ကဲ့သို့လုပ်ဆောင်နိုင်မည်ကို မေ၏အစိုးရအဖွဲ့က အပူတပြင်းလုပ်ဆောင်နေရဆဲဖြစ်လေသည်။

**ပြည်သူ့ဆန္ဒခံယူပွဲမှသည်**

"ဘရီးဇစ်" စတင်ဖြစ်ပေါ်ခဲ့ရသောအကြောင်းချင်းကို စေ့ငုလေသော် ၂၀၁၆ ခုနှစ် ဇွန်လ ၂၃ ရက်က ကျင်းပခဲ့သော ပြည်သူ့ဆန္ဒခံယူပွဲရလဒ်အရ ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံကျောခိုင်းထွက်ခွာရန် အစပျိုးခဲ့ပုံကို ကျွန်ုပ် သတိမူမိ၏။ ဆန္ဒပြုသူ ၇၁ ဒသမ ၈ ရာခိုင်နှုန်း၊ ထောက်ခံမဲ ၅၁ဒသမ၉ ရာခိုင်နှုန်း၊ ကန့်ကွက်မဲ ၄၈ ဒသမ ၁ ရာခိုင်နှုန်းဟူ၍ ရလဒ်အဖြေပေါ်ထွက်ခဲ့၏။

ဥရောပနိုင်ငံပေါင်း ၂၈ နိုင်ငံတို့ပါဝင်သော အီးယူမှာစီးပွားရေးနှင့်နိုင်ငံရေးတို့အရ မိတ်ဖက်ပြုဆောင်ရွက်ရေးဦးတည်ချက်ဖြင့် ဖွဲ့စည်းထားသောအဖွဲ့အစည်းကြီးဖြစ်၏။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဥရောပနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ကြရန် ယင်းအဖွဲ့အစည်းကြီးသန္ဓေတည် မွေးဖွားခဲ့၏။ နိုင်ငံများသည် ကုန်သွယ်ရေးအရ နှောင်ကြိုးတည်းထားခြင်းဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံစစ်မက်ဖြစ်ပွားရခြင်းမှ ရှောင်လွှဲနိုင်မည့် အယူအဆကိုကိုင်စွဲကြလျက် အီးယူကိုထူထောင်ခဲ့ကြ၏။

အဖွဲ့အစည်းကြီးအဖြစ် ထူထောင်ခဲ့စဉ်မှစ၍ တစ်ခုတည်းသောဈေးကွက်(ဝါ) ဘုံဈေးကွက်ကိုဖော်ဆောင်လာခဲ့ကြပြီးလျှင် အဖွဲ့ကြီးအတွင်းတစ်နိုင်ငံနှင့်တစ်နိုင်ငံလူများနှင့် ကုန်စည်များဒလဟော ဝင်ကလူ၊ ထွက်ကလူပြုခဲ့ကြ၏။ ရေကိုသားအကြားမထင် ဟူဘိသို့ လက်ရည်တစ်ပြင်တည်း လက်တွဲလုပ်ဆောင်ခဲ့ကြ၏။ ဘုံဈေးကွက်နှင့်အတူ တစ်ခုတည်းသောငွေကြေးအဖြစ် "ယူရို"ကိုသတ်မှတ်ကာ အဖွဲ့ဝင်နိုင်ငံများအနက် ၁၉ နိုင်ငံကလက်ခံသုံးစွဲကြ၏။

ထိုမျှမကတစ်ခုတည်းသောပါလီမန်အဖြစ် ဥရောပပါလီမန်ကိုထူထောင်ခဲ့ကြသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သယ်ယူပို့ဆောင်ရေး၊ စားသုံးသူအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးစသည့်နယ်ပယ်ကဏ္ဍပေါင်းစုံတွင် ဥရောပနိုင်ငံများအတွင်း တစ်ပြေးညီဖြစ်စေရန် ယင်းပါလီမန်ကြီးက ဥပဒေစည်းမျဉ်းများရေးဆွဲပေး၏။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ခွင့်ရရှိရန် အလို့ငှာ လစ္စဘွန်းစာချုပ်၏ စည်းမျဉ်းအပိုဒ်နံပါတ် ၅၀ (Article 50) ကို ဗြိတိန်နိုင်ငံဘက်မှ မှီငြမ်းကိုးကား၍ ခွဲရေးဆိုင်ရာ ဆွေးနွေးမှုများကိုစတင်ပြုလုပ်ခဲ့လေသည်။

**နှစ် နှစ်တာအချိန်ရ**

"ခွဲရေး" (ဝါ) ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်နိုင်ရေးအတွက် စည်းမျဉ်းအပိုဒ် နံပါတ်(၅၀)ကို မှီငြမ်းကိုးကားလျက် ခွဲရေးဆိုင်ရာစည်းမျဉ်းသတ်မှတ်ချက်များကို နှစ်ဦးနှစ်ဖက် သဘောတူညီမှုရရှိရေးဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် နှစ်နှစ်တာကာလကိုအချိန်ပေးထားသည်။

အချိန်ဇယားသတ်မှတ်ထားချက်အရ ဗြိတိန်နိုင်ငံသည် ၂၀၁၉ ခုနှစ် မတ်လ ၂၉ ရက် ဒေသဆိုင်ရာစံတော်ချိန် ည ၁၁ နာရီတွင် အီးယူအဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းပေလိမ့်မည်။ ဥရောပတရားရုံးတစ်ရုံး၏ ဆုံးဖြတ်ချက်အရ ဗြိတိန်နိုင်ငံသည် ခွဲထွက်ရေးလုပ်ငန်းစဉ်ကို ရပ်တန့်ရန် ဆုံးဖြတ်နိုင်ခွင့်ရှိသေးသည်။ အခြားရွေးလမ်းတစ်ရပ်အနေဖြင့် အီးယူအဖွဲ့ဝင် ၂၈ နိုင်ငံစလုံးက ခွဲထွက်ရေးလုပ်ငန်းစဉ်ဆောင်ရွက်ရန် အချိန်ဇယားသတ်မှတ်ထားချက်ကို သက်တမ်းတိုးချဲ့နိုင်သေးသည်။

လတ်တလော အနေအထားအရမူ အချိန်ဇယားသတ်မှတ်ချက်အတိုင်းလုပ်ဆောင်ကြရန် ဗြိတိန်ရောအီးယူပါ အာရုံစိုက်နေကြဆဲဖြစ်လေသည်။

"ခွဲရေး"ဆောင်ရွက်ရာတွင် အီးယူနှင့် သဘောတူညီချက် ပီပီပြင်ပြင်ရှိထားပြီးဖြစ်မှသာလျှင် နိုင်ငံ့စီးပွားရေးအပွန်းအပဲ့၊ အထိအခိုက်၊ အကျအရှုံး ဖြစ်ရခြင်းမှ ရှောင်ရှားနိုင်ပေလိမ့်မည်။ သို့ရာတွင် ခွဲရေးလုပ်ငန်းစဉ်အပြီးဆောင်ရွက်ရန် ရက်ပေါင်း ၇၀ ကျော်မျှသာကျန်ရှိတော့ချိန်တွင် ဝန်ကြီးချုပ်မေက သူ၏ခွဲရေးအစီအစဉ်ကိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန် လူးလွန့်ရုန်းကန်လျက်ရှိလေသည်။

လတ်တလောတွင်မူ အတိုက်အခံလေဘာပါတီမှ အမတ် ၇၀ ကျော်က ဒုတိယမှိ လူထုဆန္ဒခံယူပွဲလုပ်ရန် တောင်းဆိုလျက်ရှိကြပြီးလျှင် အီးယူနှင့်သဘောတူညီချက်တစ်စုံတစ်ရာမရဘဲခွဲထွက်ခြင်းမပြုရန် အမတ်အုပ်စုတစ်စုက တောင်းဆိုနေကြဆဲ ဖြစ်လေသည်။

ခွဲထွက်သွားသော နိုင်ငံတစ်နိုင်ငံအတွက် အကျိုးရှိအောင် အီးယူ၏ ဥပဒေစည်းမျဉ်းများကို ဖြေလျှော့ပြောင်းလဲပစ်ရန် လိုလားခြင်းမရှိသော အီးယူနိုင်ငံအများစု၏ ဆန္ဒကိုလွန်ဆန်နိုင်မည့်အနေအထားမတွေ့မမြင်ရချိန်တွင် ဝန်ကြီးချုပ်မေက သူ၏ခွဲရေးဆိုင်ရာဒုတိယမှိ အစီအစဉ်ကို ဇန်နဝါရီ ၂၁ ရက်တွင် လွှတ်တော်ရှေ့မှောက်၌ချပြရန် စီစဉ်ထားပုံကိုသတိမူမိရင်း "လေးတွဲ့တွဲ့ တေးဖွဲ့မသီ ခွဲခွာလုပြီထင့်"ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

*Ref: In A Chaotic Week For U.K. Politics, What's Next For Brexit? (BBC)*

---

**○ ရတနာပုံမှ**

**(ဗထူးကွင်း)**

**ရတနာပုံ - နှစ်ဂိုး**
**ရှမ်းယူနိုက်တက် - နှစ်ဂိုး**

ရှမ်းယူနိုက်တက်အသင်း၏ ပထမဆုံးနိုင်ပွဲရယူနိုင်မည့် အခွင့်အရေးမှာ နောက်ဆုံးမိနစ်တွင် ရပ်တန့်ခံခဲ့ရပြီး ရတနာပုံအသင်းက နာကျင်အချိန်ပိုတွင် သွင်းယူသည့်ဂိုးဖြင့် သရေတစ်မှတ်ရယူနိုင်ခဲ့သည်။ ထို့ကြောင့် ရတနာပုံရော ရှမ်းယူနိုက်တက်အသင်းပါ နှစ်ပွဲဆက်နိုင်ပွဲပျောက်ခဲ့ပြီး သရေရလဒ်ဖြင့် ထပ်မံကျေနပ်ခဲ့ရသည်။

ပွဲအစတွင်နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားရာ ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၉ မိနစ်တွင် ထောင့်ကန်ဘောကို မေကွန်က ခေါင်းတိုက်သွင်းယူခဲ့သောကြောင့် ရှမ်းယူနိုက်တက်အသင်း ဦးဆောင်ဂိုးရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း၏ ဦးဆောင်မှုမှာ မိနစ်အနည်းငယ်သာကြာခဲ့ပြီး ၁၂ မိနစ်တွင် ဝင်းနိုင်ထွန်းက ရတနာပုံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ကစားပုံပိုကောင်းခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့၍ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရရန် ကြိုးပမ်းခဲ့ပြီး ၅၄ မိနစ်တွင် ထက်ဖြိုးဝေက ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

ယင်းနောက်ပိုင်းတွင် ရတနာပုံအသင်းက ချေပဂိုးရရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ဂိုးပြန်ရခဲ့သည်။ မြတ်ကောင်းခန့်ကန်တင်ပေးသည့် ဘောလုံးကိုဝင်းနိုင်ထွန်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဝေသာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက ဒဂုံအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းသည် ဂိုးပြတ်ရလဒ်ဖြင့် ပထမဆုံးနိုင်ပွဲရခဲ့ပြီး အနိုင်ဂိုးများကို ၂၉ မိနစ်တွင် ဆင်မြူရယ်၊ ၇၁ မိနစ်တွင် ချမ်းဦးနှင့် မိနစ် ၉၀ တွင် တည်ငြိမ်မင်းတို့က သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းက Southern အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Southern အသင်း၏ နှစ်ပွဲဆက်နိုင်ပွဲရရေး ကြိုးပမ်းမှုကို ဇွဲကပင်အသင်းက ရပ်တန့်ကာ ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ ဇွဲကပင်အသင်းအတွက် ဂိုးများကို ၂၃ မိနစ်တွင် သိန်းတန်၊ ၂၉ မိနစ်တွင် ပက်ထရစ်နှင့် ၈၅ မိနစ်တွင် ဝက်စ်တို့က သွင်းယူပြီး Southern အတွက် ဂိုးများကို ၁၀ မိနစ်တွင် ထူးထူးအောင်နှင့် ၅၉ မိနစ်တွင် ကောင်းစည်သူတို့က သွင်းယူခဲ့သည်။


ဒုတိယနေ့ကို ဇန်နဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဧရာဝတီအသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ဟံသာဝတီအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# နေပြည်တော်သို့ လေ့လာရေးခရီး လာရောက်ကြသည့် တိုင်းရင်းသားလူငယ်မောင်မယ်များ၏ စကားသံများ



ဦးဇေယျာလင်း



မောင်နိုင်မင်းထွန်း



မောင်မာတီးနို



ဒေါ်ဝေမင်းမော်



နော်ခင်ဝင်းလင်း



ကိုချမ်းသာ

**နယ်စပ်ရေးရာဝန်ကြီးဌာနသည် ချမှတ်ထားသောမူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များနှင့်အညီ နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်မောင်မယ် များကို နေပြည်တော်သို့ ဖိတ်ခေါ်၍ လေ့လာရေးခရီးများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်မှာ ငါးကြိမ်မြောက်ရှိပြီဖြစ်သည်။ ထို့အတူ ဝေးကွာသောနယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်မောင်မယ်များအကြား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားချစ်ခင်ယုံကြည်မှုရှိသော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ပွားများခြင်းခရီးမှာလည်း ငါးကြိမ်တိုင်ခဲ့ပြီဖြစ်သည်။**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူငယ်မောင်မယ်များအကြား တစ်အူထုံ့ဆင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမများပမာ ကောင်းမွန်မှန်ကန်သောခံယူချက်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ရှင်သန်ခိုင်မာလာစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် လေ့လာတွေ့ရှိပြီး လေ့လာရေးခရီးစဉ်မှ ရရှိသည့် အတွေ့အကြုံကောင်းများကို မိမိတို့နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးများအတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လေ့လာရေးခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခု ငါးကြိမ်မြောက် လေ့လာရေးခရီးစဉ်တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များမှ တိုင်းရင်းသားလူငယ်မောင်မယ် ၁၅၀ တို့ ပါဝင်ကြပြီး လေ့လာရေးခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးသည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူနှင့် လေ့လာရေးခရီးစဉ်တွင် ပါဝင်ကြသည့် တိုင်းရင်းသားလူငယ်မောင်မယ်များ၏ စကားသံများကို ဖော်ပြလိုက်ပါသည်-

**ဦးဇေယျာလင်း**
**ဒုတိယညွှန်ကြားရေးမှူး**
**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

ကျွန်တော်တို့ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားများကို လေ့လာရေးခရီးစဉ် ဆောင်ရွက်ပေးတဲ့အခါမှာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရရှိစေပြီး ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ရိုးရာအကတွေကို တွေ့ခွင့်ရကြမှာဖြစ်ပါတယ်။ ဝေးလံခေါင်သီတဲ့ဒေသက တိုင်းရင်းသားလူမျိုးများအတွက် အသိပညာ ဗဟုသုတတွေ၊ ဒေသန္တရဗဟုသုတတွေကိုလည်း ရရှိကြမှာဖြစ်ပါတယ်။ သူတို့ဒေသကိုပြန်ရောက်တဲ့အခါမှာလည်း ရရှိထားတဲ့ဗဟုသုတတွေ ပြန်လည်မျှဝေသွားနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေကို ခေါ်ယူတဲ့အခါမှာ ဝေးလံခေါင်သီတဲ့ဒေသတွေက တိုင်းရင်းသားတွေကို ဦးစားပေးအနေနဲ့ ခေါ်ယူပါတယ်။

ကျွန်တော်တို့ ခရီးစဉ်အတွင်းမှာ နေပြည်တော်ရဲ့ အထင်ကရတန်ခိုးကြီးဘုရားတွေ၊ ဗဟုသုတရရှိစေမယ့်နေရာတွေ၊ အပန်းဖြေနေရာတွေကို ပို့ဆောင်ပေးပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ပေးတဲ့နေရာတွေကနေ သူတို့အတွက် အသိပညာဗဟုသုတတွေရမယ်။ သူတို့ရဲ့ ဒေသဖွံ့ဖြိုးရေးအတွက် လက်တွေ့ပြန်လည်အသုံးချနိုင်တဲ့ ဗဟုသုတတွေကိုလည်း ရရှိစေပါတယ်။ အခြားတိုင်းရင်းသားလူမျိုးတွေရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့တွေ၊ ရိုးရာဝတ်စုံတွေ၊ တိုင်းရင်းသားဘာသာစကားတွေကို အချင်းချင်းဖလှယ်ခွင့်ရကြတယ်။ တွေ့မြင်ခွင့်ရကြပါတယ်။

ကျွန်တော်တို့ ဒီလိုအစဉ်အလာကောင်းတွေကို နှစ်စဉ်ဆောင်ရွက်ပေးသွားမယ်ဆိုရင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံပြီး ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေကို မြေပြင်မှာ လက်တွေ့အကောင်အထည်ဖော်တဲ့အခါ တိုင်းရင်းသားအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်လာကြမယ်လို့ ယုံကြည်ပါတယ်။

**မောင်နိုင်မင်းထွန်း**
**ချင်းတိုင်းရင်းသား**

ကျွန်တော်တို့ နေပြည်တော်ကို လေ့လာရေးခရီးသွားရမယ်လို့ ကျွန်တော်တို့ရဲ့ ဆရာကပြောတယ်။ အဲဒီအချိန်ကစပြီး တခြားတိုင်းရင်းသားလူငယ်တွေနဲ့ တွေ့တဲ့အခါမှာ ရိုးရာဓလေ့တွေ ဖလှယ်နိုင်ဖို့ ကျွန်တော်တို့ရဲ့ ရိုးရာအကတွေကို အချိန်ပေးပြီးတော့ လေ့ကျင့်ပြင်ဆင်ကြတယ်။ အခုလို လေ့လာရေးခရီးလာရတာ ဗဟုသုတတွေ အများကြီးရရှိစေပါတယ်။ အခြားတိုင်းရင်းသားတွေရဲ့ နေထိုင်မှုပုံစံတွေ၊ ဘာသာစကားပြောဆိုမှုတွေ၊ သူတို့ရဲ့ ရိုးရာတူရိယာတွေ၊ ရိုးရာဝတ်စုံတွေကို တွေ့ခွင့်ရတယ်။

ကျွန်တော်တို့ ဇန်နဝါရီ ၁၄ ရက်က နေပြည်တော်ကို ရောက်တယ်။ လွှတ်တော်၊ ရေပန်းဥယျာဉ်၊ ဥပ္ပါတသန္တိစေတီတော်စတဲ့ နေရာတော်တော်များများကို ရောက်ခဲ့ပါတယ်။ ပျော်ရွှင်စရာလည်း ကောင်းတယ်။ ဗဟုသုတတွေရသလို ဖွံ့ဖြိုးတိုးတက်မှုတွေကိုလည်း တွေ့မြင်ရပါတယ်။ ဒီလိုလေ့လာခွင့်ရဖို့၊ တိုင်းရင်းသားပေါင်းစုံနဲ့တွေ့ဆုံခွင့်ရဖို့ဆိုတာ မလွယ်ကူပါဘူး။ ဒါကြောင့် ဒီလေ့လာရေးခရီးကို လာခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။

**မောင်မာတီးနို**
**ကယားတိုင်းရင်းသား**

ဒီလိုလေ့လာရေးခရီးလာရတာ အသိအမြင်အများကြီးရပါတယ်။ တွေ့မြင်နေကျပုံစံနဲ့ ကွဲပြားတဲ့မြို့ပြအခြေအနေတစ်ခုကို မြင်တွေ့ခွင့်ရပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်တဲ့နေရာတွေကိုလည်းပတ်ခွင့်ရတယ်။ တီဗွီမှာကြည့်ရဖို့ ထုတ်လွှင့်မှုအဆင့်ဆင့်ကို မြင်ရတော့ တော်တော်စိတ်ဝင်စားပါတယ်။ တာဝန်ရှိသူတွေကလည်း သေချာရှင်းပြပေးပါတယ်။

ပြည်ထောင်စုကြီးအတွင်းက လူမျိုးတစ်မျိုးနဲ့တစ်မျိုး တွေ့ခွင့်ရတော့ အများကြီး ဂုဏ်ယူဝမ်းသာပါတယ်။ ကျွန်တော်တို့ကို လေ့လာရေးခရီး စီစဉ်ပေးတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း တိုင်းရင်းသားတွေအကြား ညီအစ်ကိုအရင်းပမာ ချစ်ခင်မှုရအောင် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေကြားမှာလည်း အမှန်တကယ် ချစ်ခင်ရင်းနှီးမှုတွေ ရရှိခဲ့ကြပါတယ်။ မတူညီတဲ့ဒေသတွေကလာတဲ့ တိုင်းရင်းသားတွေနဲ့ စကားတွေပြောကြတယ်။ အတူတူစားကြတယ်။ အတူတူသွားကြတယ်။ အတူတူနေခဲ့ကြရတယ်။ မမေ့နိုင်မယ့် ခရီးစဉ်တစ်ခုဖြစ်သလို အခုလိုပို့ဆောင်ပေးတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနကိုလည်း များစွာကျေးဇူးတင်ပါတယ်။

**ဒေါ်ဝေမင်းမော်**
**ရခိုင်တိုင်းရင်းသူ**

ကျွန်မက မူလတန်းပြဆရာမဖြစ်ပါတယ်။ နေပြည်တော်ကို ပထမဆုံး ရောက်ဖူးတာဖြစ်ပါတယ်။ ကျွန်မတို့ မသိသေးတဲ့အရာတွေကို သိလိုက်ရတဲ့အတွက် ဗဟုသုတတွေ အများကြီးရရှိပါတယ်။ ကိုယ်မသိတဲ့အရာတွေ၊ ကိုယ်မမြင်ဖူးတဲ့အရာတွေကို မြင်တွေ့ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ကိုယ့်ဒေသပြန်ရောက်တဲ့အခါမှာလည်း ကျွန်မရရှိခဲ့တဲ့ ဗဟုသုတတွေကို မျှဝေပေးမှာဖြစ်ပါတယ်။

နယ်စပ်ဒေသအသီးသီးမှာနေထိုင်ကြတဲ့ ညီအစ်ကို မောင်နှမတွေ၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြတဲ့ သွေးချင်း၊ သားချင်းတွေအားလုံး အခုလို ဆုံစည်းခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ချင်း၊ ကရင် တိုင်းရင်းသူတို့နဲ့လည်း တစ်ဆောင်တည်းနေရတော့ ညီအစ်မတွေလို ခင်မင်ကြတယ်။ ချင်းက ညီမလေးတွေဆိုရင် ဝါးညှပ်အက ကကြတယ်၊ ကျွန်မတို့ ရခိုင်အကနဲ့ ဖလှယ်ခွင့်ရခဲ့ပါတယ်။

**နော်ခင်ဝင်းလင်း**
**ကရင်တိုင်းရင်းသူ**

ကျွန်မတို့ ကရင်ပြည်နယ်က ဖာပွန်ဒေသခံ ၁၅ ဦးနဲ့ သံတောင်ဒေသခံ ၁၅ ဦး စုစုပေါင်း ၃၀ ဒီလေ့လာရေးအဖွဲ့မှာ ပါဝင်ပါတယ်။ နေပြည်တော်ကို လေ့လာရေးခရီးလာရတော့ ဗဟုသုတတွေ၊ အတွေ့အကြုံတွေ အများကြီးရရှိတဲ့အတွက် ဝမ်းသာပါတယ်။ ဒီလို လေ့လာရေးခရီးစီစဉ်ပေးတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။

ကိုယ့်ဒေသကိုပြန်ရောက်ရင် နေပြည်တော်ရဲ့ အထင်ကရနေရာတွေကို လေ့လာရတဲ့အတွက် ရရှိတဲ့ဗဟုသုတတွေ၊ တွေ့ကြုံရတဲ့ အတွေ့အကြုံတွေကို ပြန်လည်မျှဝေပါမယ်။ မရောက်ဖူးသေးတဲ့ တိုင်းရင်းသား၊ တိုင်းရင်းသူတွေလည်း လေ့လာခွင့်ရအောင် ခေါ်စေချင်ပါတယ်။ ကျွန်မတို့လို မျက်မြင်ကိုယ်တွေ့ လေ့လာခွင့်ရစေချင်ပါတယ်။ ခရီးစဉ်တစ်လျှောက်မှာ ဝမ်းသာပျော်ရွှင်မိပါတယ်။

**ကိုချမ်းသာ**
**ကိုးကန့်တိုင်းရင်းသား**

နေပြည်တော်က ရှုခင်းတွေကို ကြည့်ခွင့်ရတယ်။ ကြည့်လိုက်တာနဲ့ အများကြီး ပျော်ရွှင်မှုရပါတယ်။ ကျွန်တော်တို့ ဒီလေးရက်အတွင်းမှာ နေပြည်တော်ရဲ့ ဥပ္ပါတသန္တိစေတီတော်ကို သွားရောက်ဖူးမြော်ကြပါတယ်။ တိရစ္ဆာန်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်၊ ရေပန်းဥယျာဉ်တို့ကို သွားလည်ဖြစ်ပါတယ်။ စစ်သမိုင်းပြတိုက်မှာ မတွေ့ဖူးတာတွေ အများကြီးတွေ့ရပါတယ်။

ကျွန်တော်တို့ တခြားတိုင်းရင်းသားတွေနဲ့ ခင်မင်ခွင့်ရကြတယ်။ သူငယ်ချင်းတွေလည်း အများကြီးရခဲ့တယ်။ သူငယ်ချင်းတွေစုပြီး နေတယ်၊ စားတယ်၊ လည်တယ်၊ သီချင်းတွေဆိုကြတယ်။ ကျွန်တော်တို့ရဲ့စိတ်မှာ ဝမ်းသာပျော်ရွှင်မှုတွေ ခံစားရပါတယ်။ ရခိုင်တိုင်းရင်းသားတွေ၊ ကယားတိုင်းရင်းသားတွေရဲ့ဝတ်စုံက ဘယ်လိုလဲ၊ စားတဲ့ အစားအသောက်တွေက ဘာလဲဆိုတာ သိခွင့်ရတယ်။ သူတို့ရဲ့ယဉ်ကျေးမှုတွေကိုလည်း သိခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုတွေလည်း သိရှိသွားကြပါတယ်။ အကူအညီတွေရတယ်။ သိချင်တာတွေကို သူတို့ကိုမေးတဲ့အခါ ပြန်ဖြေပေးကြပါတယ်။ တိုင်းရင်းသားအားလုံးက စိတ်ဓာတ်တွေလည်း ကောင်းမွန်ကြတယ်။

**မျိုးသူဟိန်း၊ လူမော်**
**ဓာတ်ပုံ- ကျော်ဇင်ထိုက်**

# ရှာငံမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ



**ရှာငံ ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ဆတ်ခြံကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်းက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူက အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် ဆွေးနွေးပြောကြားသည်။ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခွန်ဝင်းလတ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်ဝင်းဆွေ၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးလှိုင်ဘွားနှင့် သက်ဆိုင်ရာဌာနများက မိမိတို့၏ ဆောင်ရွက်မှုအခြေအနေများကို ကဏ္ဍအလိုက် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဒေသခံများက ဒေသ၏ လိုအပ်ချက်များကို အကြံပြုတင်ပြဆွေးနွေးခဲ့ရာ ဌာနအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြသည်။

**ထွန်းထွန်းဝင်း(ရှာငံ)**

# သီအိုရီတွေအပြင် တကယ့်ကို ပြင်ပကနေ ဗဟုသုတတွေ၊ သုတေသနကို အခြေခံတဲ့ သုတေသနဆောင်ရွက်ချက်တွေကိုပါ ထည့်သွင်းပြီးတော့ သင်ရိုးညွှန်းတမ်းတွေကို ပြင်ဆင်ထားဖို့ လိုအပ်ပါလိမ့်မယ်

**နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသီဂီ**

## ကျောင်းသား ကျောင်းသူများ သုတေသနလုပ်ဆောင်သည့်အခါ မည်သို့လုပ်ဆောင်နေသည်နှင့်ပတ်သက်သည့် စကားဝိုင်း

**နိုင်လင်းကြည်**

**ကျောင်းသား ကျောင်းသူများ သုတေသနလုပ်ဆောင်သည့်အခါ မည်သို့လုပ်ဆောင်နေသည်နှင့်ပတ်သက်သည့် စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်(အထက ၁၁) ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက်စိုး၊ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန ဒေါက်တာနီနီသန်း၊ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာသီဂီ၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းဝင်း၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်း၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသတက္ကသိုလ် မောင်းသူမဲ့လေယာဉ် သုတေသနဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာသဲမောင်မောင်တို့၏ ပါဝင်ဆွေးနွေးမှုများကို ဖော်ပြလိုက်ပါသည်-**

**အစီအစဉ်မှူး။** ။ **ဒီကနေ့ ဆွေးနွေးမယ့်အကြောင်းရင်းနဲ့ပတ်သက်ပြီး ဆရာမကြီးအနေနဲ့ ပထမဆုံးမိတ်ဆက်ဆွေးနွေးပေးပါဦး။**

**ဒေါက်တာသန်းသန်းဝင်း။** ။ ဒီကနေ့ ဆွေးနွေးရမယ့်အကြောင်းအရာကတော့ အခြေခံပညာကစပြီးတော့ အဆင့်မြင့်ပညာသင်ကြားနေတဲ့ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေအထိ သုတေသနတွေ လုပ်ဆောင်တဲ့အခါမှာ ဘယ်လိုလုပ်ဆောင်နေသလဲဆိုတာကို ဆွေးနွေးမှာဖြစ်ပါတယ်။ အဆင့်မြင့်ပညာကဏ္ဍမှာ သုတေသနတွေစလုပ်ဖို့အတွက် စိတ်ဝင်စားအောင် လုပ်ဖို့၊ အလေ့အကျင့်ကောင်းတွေရှိဖို့အတွက် ဘာတွေလုပ်ပေးနေတယ်၊ အခြေခံကျောင်းတွေမှာ ဘာတွေဆောင်ရွက်ပေးနေတယ်ဆိုတာကို ဆွေးနွေးမှာဖြစ်တဲ့အပြင် တက္ကသိုလ်တွေမှာ သုတေသနဌာနတွေက ဘာတွေလုပ်နေသလဲ။ သုတေသနဌာနတွေက ပံ့ပိုးကူညီဆောင်ရွက်မှုအကြောင်းနဲ့ လက်ရှိသုတေသနလုပ်နေတဲ့ လုပ်ငန်းတွေအကြောင်းကို ဆွေးနွေးပေးမှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ **အခြေခံပညာကျောင်းတွေမှာ ကျောင်းသား ကျောင်းသူတွေ သုတေသနလုပ်ချင်တဲ့ အလေ့အကျင့်တွေရရှိအောင် အခြေခံပညာအထက်တန်းကနေ တက္ကသိုလ်အထိ ဘယ်လိုမျိုးလေ့ကျင့်ပေးသလဲဆိုတာ ပထမဆုံးဆွေးနွေးပေးပါဦး။**

**ဒေါက်တာသန်းထိုက်စိုး။** ။ ကျွန်တော်တို့ကျောင်းတွေမှာ အခုနောက်ဆုံးပေါ် Small Skill Concept နဲ့ Practical တွေလုပ်တယ်။ ကျွန်တော်တို့ ပြဋ္ဌာန်းထားတဲ့သင်ရိုးညွှန်းတမ်းနဲ့ ကိုက်ညီအောင် Small Skill Concept ရဲ့အားသာချက်က လက်တွေ့ခန်းအကြီးကြီးတွေမလိုဘူး။ ဆရာ ဆရာမတွေက စာသင်ခန်းထဲကိုတောင် ယူသွားလို့ရတယ်။ အုပ်စုခွဲပြီးလုပ်လို့ရတယ်။ အဲဒီအခါ စာတွေ့နဲ့ လက်တွေ့ ပေါင်းစပ်သင်ရတဲ့ရည်ရွယ်ချက်က ဝန်ထုပ်ဝန်ပိုးလည်း လျော့သွားတယ်။ ဘာဖြစ်လာသလဲဆိုရင် သင်ကြားသင်ယူမှုမှာ ပိုပြီးထက်မြက်လာတယ်။ ကလေးတွေကလည်း သူတို့အခြေခံကျောင်းသားဘဝမှာ Practical လုပ်ခဲ့ဖူးတယ်။ သုတေသန Mindset ကို ငယ်ငယ်ကတည်းက ဝင်သွားတာပေါ့။ ဒါလေးတွေဟာ နိုင်ငံတကာမှာလည်း ကျင့်သုံးနေပြီ။ ကျွန်တော်တို့ဆီမှာလည်း ကြိုးစားနေတယ်။ ဒါက Stand Education ရဲ့အစလည်းဖြစ်တယ်။

**အစီအစဉ်မှူး။** ။ **အခြေခံပညာကျောင်းတွေက ကျောင်းသား ကျောင်းသူတွေကို သုတေသနလုပ်ချင်တဲ့ဗီဇတွေ၊ လုပ်ချင်ကိုင်ချင်စိတ်တွေရှိအောင် ဘယ်လိုမျိုးပုံစံနဲ့ ပြုစုပျိုးထောင်ပေးပါသလဲ။**

**ဒေါက်တာသန်းထိုက်စိုး။** ။ ကျွန်တော်တို့ အခြေခံပညာမှာ အရင်ကတည်းက Environmental Education ဆိုပြီး ရှိပါတယ်။ ကျွန်တော်တို့ မန္တလေးမှာဆိုရင် ကျွမ်းကျင်သူတွေနဲ့ လုပ်တယ်။ သူတို့က ဘာတွေသင်ပေးထားသလဲဆိုရင် Green Map ရေးဆွဲတာပါ။ Green Map ဆိုတာ ကိုယ့်ရဲ့ကျောင်း၊ ကိုယ့်ရဲ့ပတ်ဝန်းကျင်၊ ကိုယ့်ရဲ့မြို့ရွာတွေကို ကလေးတွေက သွားပြီးဆွဲတယ်။ Green Map ဆွဲတဲ့ရည်ရွယ်ချက်က ငယ်ငယ်ကတည်းက သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်တတ်လာတယ်။ သဘာဝပတ်ဝန်းကျင်မှာရှိတဲ့ မိမိရဲ့ရေမြေတောတောင်တွေကို ချစ်ခင်တတ်တဲ့စိတ်တွေဖြစ်လာတယ်။ အဲဒီကနေပြီးတော့ သုတေသနလုပ်ချင်ကိုင်ချင်စိတ်တွေ ပေါ်ထွန်းလာပြီးတော့ တက္ကသိုလ်တွေရောက်တဲ့အခါမှာလည်း အခြေခံကနေ အဆင့်မြင့်ကိုရောက်သွားတယ်၊ ပရော်ဖက်ရှင်နယ်အဖြစ် ကူးပြောင်းနိုင်တယ်။ အဲဒီလိုဖြစ်အောင်လည်း ကြိုးစားနေတယ်။

**အစီအစဉ်မှူး။** ။ **အခုပြောင်းလဲလိုက်တဲ့ သိပ္ပံဘာသာမှာဆိုရင် စူးစမ်းလေ့လာမှုကို အခြေခံပြီးတော့ ရေးသားထားတယ်လို့ သိရပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီးတော့လည်း ဆွေးနွေးပေးပါဦး။**

**ဒေါက်တာနီနီသန်း။** ။ အခြေခံပညာသင်ရိုးသစ်ဖြစ်တဲ့ KG+12 သိပ္ပံဘာသာရပ်အတွက် Activity Base ကို အခြေခံထားပါတယ်။ ကိုယ်တိုင်စူးစမ်းလေ့လာပြီး လုပ်ဆောင်ရတဲ့အတွက်ကြောင့် သင်ခန်းစာကို သေချာနားလည်သွားစေတယ်။ သုတေသနရဲ့ အခြေခံဖြစ်တဲ့ စူးစမ်းလေ့လာမှုကိုလည်း ငယ်စဉ်ကတည်းက ရရှိသွားမှာဖြစ်ပါတယ်။ သင်ခန်းစာကို အလွတ်ကျက်ဖို့ထက် အလွတ်ကျက်စရာမလိုတော့ဘဲနဲ့ ကိုယ်တိုင်လုပ်ရတဲ့အတွက်ကြောင့် သူတို့ဟာ သင်ခန်းစာနဲ့ပတ်သက်လို့လည်း နားလည်မှုက ပိုပြီးရရှိမှာဖြစ်ပါတယ်။ ကလေးတွေကို Observation Skill ကနေစပြီးတော့ Science Process ကို တန်းစဉ်အလိုက် ပေးသွားမှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အကြံပြုလိုတာကတော့ ဆရာ ဆရာမတွေအနေနဲ့ သင်ရိုးသစ်အတွက် ကလေးတွေအပေါ် အုပ်စုလိုက် Activity တွေလုပ်ဆောင်ဖို့ သေသေချာချာ ကြိုတင်ပြင်ဆင်ပေးပြီးတော့ ကလေးများကို ကိုယ်တိုင်ပါဝင်လုပ်ဆောင်စေရမှာဖြစ်ပါတယ်။ အလယ်တန်း၊ အထက်တန်းကျောင်းတွေမှာလည်း သိပ္ပံနဲ့ပတ်သက်တဲ့ပွဲတွေကိုပြုလုပ်ပြီး ပြပွဲပြိုင်ပွဲတွေကို လုပ်ပေးသင့်ပါတယ်လို့ အကြံပြုလိုပါတယ်။

**အစီအစဉ်မှူး။** ။ **ကျောင်းသား ကျောင်းသူတွေ သုတေသနလုပ်ငန်းမှာ တိုးတက်ဖို့ဆိုရင်ရော ဘယ်လိုမျိုးလုပ်ဆောင်သင့်ပါသလဲဆိုတာလည်း ဆွေးနွေးပေးပါဦး။**

**ဒေါက်တာနီနီသန်း။** ။ ကျွန်မတို့ တက္ကသိုလ်တွေမှာ သုတေသနနဲ့ပတ်သက်လို့ နှစ်စဉ်ကျောင်းတွေမှာ သိပ္ပံနဲ့ပတ်သက်တဲ့ပွဲတွေကို ပြုလုပ်ပေးတယ်။ ပထမနှစ်ကစပြီး ပါရဂူတန်းအထိ ကလေးတွေဟာ သူတို့ရဲ့ပရောဂျက်တွေကို အုပ်စုလိုက် ဝင်ပြီးတော့ပြိုင်ကြတယ်။ ပြိုင်ဖို့အတွက်လည်း သုတေသနထောက်ပံ့ကြေးတွေ ထုတ်ပေးတယ်။ ပြိုင်ပွဲမှာ ဆုတွေအများကြီး ချီးမြှင့်ပေးတယ်။ တက္ကသိုလ်အဆင့်မှာလည်း မြန်မာနိုင်ငံ ဝိဇ္ဇာနဲ့ သိပ္ပံအသင်းကနေ သုတေသနပြိုင်ပွဲမှာ အကောင်းဆုံးဆုတွေကိုပေးတယ်။ နောက်တစ်ခါ သုတေသနကျမ်းပေါ့။ အကောင်းဆုံးသုတေသနကျမ်းတွေကိုလည်း နှစ်စဉ်ဆုကြေးတွေကို တိုးမြှင့်ပြီးတော့ ချီးမြှင့်ပေးတာဖြစ်တဲ့အတွက် ကလေးတွေဟာ သုတေသနလုပ်လိုစိတ်တွေ မြင့်တက်လာတာကိုလည်း တွေ့ရပါတယ်။

**အစီအစဉ်မှူး။** ။ **တက္ကသိုလ်အဆင့်မှာဆိုရင် သုတေသနလုပ်ငန်းတွေ လုပ်ဆောင်ဖို့အတွက် ဘယ်လိုမျိုးဆောင်ရွက်ပေးသင့်ပါသလဲ။**

**ဒေါက်တာသီဂီ။** ။ တက္ကသိုလ်ကို ရောက်လာတဲ့ ကျောင်းသား ကျောင်းသူတွေအတွက်ဆိုရင် သူတို့အတွက် သင်ရိုးညွှန်းတမ်း Curriculum တွေ ရေးဆွဲပြင်ဆင်တဲ့အခါမှာ သီအိုရီတွေအပြင် တကယ့်ကို ပြင်ပကနေ ဗဟုသုတတွေ၊ သုတေသနကို အခြေခံတဲ့ သုတေသနဆောင်ရွက်ချက်တွေကိုပါ ထည့်သွင်းပြီးတော့ သင်ရိုးညွှန်းတမ်းတွေကို ပြင်ဆင်ထားဖို့ လိုအပ်ပါလိမ့်မယ်။ နောက်တစ်ခုကတော့ သုတေသနကို ဦးတည်စေတဲ့ ပရောဂျက်တွေလုပ်ခိုင်းရမယ်။ ဆရာ ဆရာမတွေက သင်ကြားပြီးစီးတိုင်း သူတို့ကို Discussion တွေ လုပ်ခိုင်းရမယ်။ အမေး၊ အဖြေတွေ လုပ်ခိုင်းခြင်းအားဖြင့် ဒီကျောင်းသား ကျောင်းသူတွေရဲ့ နားလည်မှုကိုလည်းပဲ အမြဲတမ်းစစ်ဆေးဖို့ လိုအပ်ပါလိမ့်မယ်။ နားလည်မှု Level ကို စစ်ဆေးတဲ့အခါကျမှ ဒီကျောင်းသားဟာ ဗဟုသုတရသွားတာလား၊ ဒါမှမဟုတ် သင်ခန်းစာအပေါ်မှာ တကယ့်ကိုနားလည်သွားတာလား၊ ဒီသင်ခန်းစာကို ပြန်ပြီးအသုံးချနိုင်ပြီလား၊ ဒါမှတစ်ဆင့် Creative Thinking တွေ လုပ်နိုင်ပြီလားဆိုတဲ့ Level တစ်ခုရောက်အောင် ဆရာ ဆရာမတွေက သင်ကြားပေးဖို့ လိုအပ်ပါတယ်။ အဲဒီ Level အထိရောက်အောင် သင်ကြားပေးနိုင်ပြီဆိုရင် ကျောင်းသား ကျောင်းသူတွေဟာ သုတေသနလုပ်ငန်းကို အလွယ်တကူနဲ့ ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ **ဟုတ်ကဲ့ပါ၊ သုတေသနတစ်ခု ပြီးစီးအောင်မြင်ဖို့ဆိုရင်ရော ဘာတွေများ လိုအပ်မလဲ ဆွေးနွေးပေးပါဦး။**

**ဒေါက်တာသီဂီ။** ။ သုတေသနလုပ်ငန်းတစ်ခုကို လုပ်တော့မယ်ဆိုရင် ဒီသုတေသနကို ဦးဆောင်ပေးမယ့် ဆရာ ဆရာမ Supervisor ဆိုတာ လိုပါလိမ့်မယ်။ အဲဒီသုတေသနကို ဦးဆောင်မယ့် ဆရာ ဆရာမတွေမှာ ဘာတွေရှိရမလဲဆိုရင် သုတေသနကို တကယ်နားလည်တဲ့ ဆရာ ဆရာမဖြစ်ဖို့လိုပါတယ်။ အချိန်အလုံအလောက်ရှိဖို့လည်း လိုအပ်ပါတယ်။ နောက်တစ်ခုက သူ့ကို သုတေသနလုပ်ငန်းတွေ အထောက်အကူပြုနိုင်မယ့် ပစ္စည်းကိရိယာအစုံအလင်နဲ့ ဓာတ်ခွဲခန်းလိုအပ်ပါလိမ့်မယ်။ စာကြည့်တိုက်တွေလည်း လိုအပ်ပါလိမ့်မယ်။ သုတေသနလုပ်ငန်း လုပ်နေစဉ်မှာ တကယ့်ကိုအသုံးပြုဖို့အတွက် ICT ကလည်း အထောက်အပံ့အနေနဲ့ လိုအပ်ပါတယ်။ သုတေသနရန်ပုံငွေတွေလည်း လိုအပ်မှာဖြစ်ပါတယ်။ တကယ့်ကို အရည်အချင်းပြည့်ဝတဲ့ Supervisor တွေ ရရှိဖို့ဆိုရင် အဲဒီဆရာ ဆရာမတွေဟာ Research Methodology လိုဟာမျိုးတွေ၊ Research Management တွေ၊ Research Training တွေကို ရရှိပြီးသားဖြစ်ဖို့ လိုပါတယ်။ အဲဒီအတွက်လည်း ပညာရေးဝန်ကြီးဌာနကနေပြီးတော့ British Council တို့လို၊ JICA တို့လို အဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်း ပြီးတော့ ဆရာ ဆရာမတွေကို ပြည်တွင်းမှာ မွမ်းမံ သင်တန်းတွေ ပို့ချတာတွေရော ပြည်ပကိုစေလွှတ်ပြီး နိုင်ငံခြားဘွဲ့လွန်သင်တန်းတွေကိုပါ စေလွှတ်လျက်ရှိပါတယ်။ သုတေသနပြုလုပ်တဲ့အခါမှာ အဓိကသတိထားပြီး လိုက်နာရမယ့် ကျင့်ဝတ်ကတော့ တကယ့်ကို Research Active ပါ။ ဒါကတော့ အလွန်အရေးကြီးပါတယ်။

**အစီအစဉ်မှူး။** ။ **ဟုတ်ကဲ့ပါ။ သုတေသနလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက် အောင်မြင်ဖို့ဆိုရင် ဘာတွေလိုအပ်တယ်လို့ ထင်ပါသလဲ ဆွေးနွေးပေးပါဦး။**

**ဒေါက်တာသီဂီ။** ။ သုတေသနတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် သုတေသနလုပ်ငန်းဟာ အမြဲတမ်းစဉ်ဆက်မပြတ်လုပ်နေဖို့ အရေးကြီးပါတယ်။ နောက်တစ်ခုက သုတေသနလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်တာအပြင် သုတေသနလုပ်တဲ့ ကျောင်းသား ကျောင်းသူတွေ၊ သုတေသနပညာရှင်တွေအတွက် ပြိုင်ပွဲတွေလုပ်ပေးရမယ်။ ပြပွဲတွေ လုပ်ပေးရမယ်။ နောက်တစ်ခါ သူတို့အတွက်ကို ချီးမြှင့်မှုတွေလည်း လုပ်ပေးဖို့လိုအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ တက္ကသိုလ်အလိုက် သုတေသနစာတမ်းဖတ်ပွဲတွေ

**စာမျက်နှာ ၁၁ သို့ ❖**



✻ ကျောဖုံးမှ

အေအေသောင်းကျန်းသူများကို နှိမ်နင်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက တပ်မတော်သို့ သောင်းကျန်းမှု နှိမ်နင်းရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ လုံခြုံဘေးကင်းစေရေးကို ထိပါးနှောင့်ယှက်သည့် လုပ်ဆောင်ချက်မှန်သမျှကို ထိရောက်သော ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေး (Effective Counter-insurgency Operations) ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် တွေ့ဆုံပွဲ၌ သတင်းမီဒီယာများက "မနေ့က တပ်မတော်က ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ၇-၁-၂၀၁၉ ရက်က နိုင်ငံတော်သမ္မတအိမ်တော်မှာလုပ်တဲ့ ညှိနှိုင်းအစည်းအဝေးမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ မှာကြားချက်နဲ့ပတ်သက်ပြီး ထည့်သွင်းရှင်းလင်းသွားခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး အစိုးရရဲ့ မှတ်ချက်ကို သိလိုပါတယ်"ဟု မေးမြန်းရာ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက "ဒါက Privileged information ဖြစ်ပါတယ်။ အခြားထင်မြင်ချက် မပေးလိုပါဘူး"ဟု ပြန်လည်ဖြေကြားခဲ့သည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် သတင်းထောက်များ လက်ဖက်ရည်ဝိုင်းတွေ့ဆုံပွဲ ကျင်းပစဉ်။**

❂ မောင်တောမြို့နယ်မှ

ဖြစ်စဉ်မှာ အမှတ်(၂)နယ်ခြားစောင့် ရဲကွပ်ကဲမှု ဌာနချုပ်မှ ရဲတပ်ဖွဲ့ဝင်များ လိုက်ပါလာသောမော်တော်ယာဉ်အား ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်ခန့်တွင် မောင်တောမြို့နယ် ဝက်ကျိန်းကျေးရွာ တံတားအနီး၌ ARSA အကြမ်းဖက်အဖွဲ့အင်အား ၁၀ ဦးခန့်က လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများအား တပ်မတော်ဆေးရုံ(ဘူးသီးတောင်)သို့ပို့ဆောင်၍ ကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရရှိသောအထောက်အထားများအရ ယခုဖြစ်စဉ်မှာ ARSA အကြမ်းဖက်အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ARSA အကြမ်းဖက်အဖွဲ့သည် မေယုတောင်တန်း၏ အနောက်ဘက်ခြမ်းတွင်လည်းကောင်း၊ AA သောင်းကျန်းသူအဖွဲ့သည် မေယုတောင်တန်း၏ အရှေ့ဘက်ခြမ်းတွင် လည်းကောင်း နှစ်ဖွဲ့ညှိနှိုင်းချက်ဖြင့် နယ်မြေပိုင်းခြား လှုပ်ရှားနေခြင်း ဖြစ်နိုင်သည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့က သုံးသပ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံ ဖိတ်ခေါ်အမျိုးသမီးခရစ်ကက်ပြိုင်ပွဲ မြန်မာအသင်း နိုင်ပွဲများနှင့် အကောင်းဆုံးဆုများရရှိ

**ရန်ကုန် ဇန်နဝါရီ ၁၉**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇန်နဝါရီ ၁၂ ရက်မှ ၁၉ ရက်အထိ ကျင်းပလျက်ရှိသည့် Thailand Women's T20 Smash 2019 အမျိုးသမီး ဖိတ်ခေါ်ခရစ်ကက်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီး ခရစ်ကက်အသင်းသည် ပထမဆုံးအကြိမ်အဖြစ် သွားရောက်ယှဉ်ပြိုင်လျက်ရှိရာ လက်ရှိ ဇန်နဝါရီ ၁၈ ရက်အထိ ပြိုင်ပွဲငါးပွဲအပြီးတွင် နိုင်ပွဲ နှစ်ပွဲနှင့် အကောင်းဆုံးအားကစားသမားဆု သုံးဆု ဆွတ်ခူးရရှိထားကြောင်း သိရသည်။

အောင်မြင်မှုများမှာ ဇန်နဝါရီ ၁၅ ရက် ပြိုင်ပွဲတွင် ဘူတန်အသင်းကိုလည်းကောင်း၊ ဇန်နဝါရီ ၁၈ ရက် ပြိုင်ပွဲတွင် မလေးရှားအသင်းကို လည်းကောင်း အနိုင်ရရှိပြီး အကောင်းဆုံးကစားသမားဆုများကို ဇန်နဝါရီ ၁၃ ရက်တွင် အင်ဒိုနီးရှားနှင့်ပြိုင်ပွဲ၌ မဇွန်လင်း(ကယားပြည်နယ်)၊ ဇန်နဝါရီ ၁၅ ရက်တွင် ဘူတန်နှင့်ပြိုင်ပွဲ၌ မလင်းလင်းထွန်း (ရန်ကုန်တိုင်းဒေသကြီး)၊ ဇန်နဝါရီ ၁၈ ရက်တွင် မလေးရှားနှင့်ပြိုင်ပွဲ၌ မဇွန်လင်း(ကယားပြည်နယ်) တို့က အသီးသီး ဆွတ်ခူးရရှိခဲ့ကြခြင်းဖြစ်သည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

❂ စာမျက်နှာ ၆ မှ

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက "ယခုအစည်းအဝေးမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြမည့် ဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၂ ကို ရေးဆွဲခဲ့ကြောင်း၊ မဟာဗျူဟာစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍမှာ အရေးကြီးပါကြောင်း၊ ကော်မရှင်အနေဖြင့် မဲစာရင်းပြုစုခြင်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့က သုံးဦးသုံးဖလှယ် ဆောင်ရွက်မှုသာ မှန်ကန်သည့် မဲစာရင်းရရှိမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် အပြည့်အဝပူးပေါင်းကူညီဆောင်ရွက်ကြစေလိုကြောင်း" ပြောကြားသွားပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၂ ရေးဆွဲလျက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပါဝင်သက်ဆိုင်သူအားလုံးတို့က ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း တင်ပြအပ်ပါသည်။

❖ စာမျက်နှာ ၁၀ မှ

ပြုလုပ်နိုင်အောင်၊ သုတေသနစာစောင်တွေ၊ သုတေသနဂျာနယ်တွေ ထုတ်ဝေနိုင်အောင် ပံ့ပိုးပေးလျက်ရှိပါတယ်။ ပညာရေးရန်ပုံငွေတွေကိုလည်း နှစ်စဉ်တိုးမြှင့်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ တက္ကသိုလ် တွေအနေနဲ့ကလည်း ဒေသန္တရမှာလိုအပ်တဲ့ လိုအပ်ချက်တွေပြုလုပ်တဲ့ Research တွေ၊ နိုင်ငံအတွက် လိုအပ်တဲ့ သုတေသနလုပ်ငန်းတွေတင်မကဘဲ နိုင်ငံတကာက လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် သုတေသနလုပ်ငန်းတွေအထိ ဆက်လက်ဆောင်ရွက်သွားရပါလိမ့်မယ်။ သုတေသနလုပ်ငန်းကို ဆောင်ရွက်တဲ့အခါမှာ ကျောင်းသားကျောင်းသူများသာမကဘဲ ဆရာ ဆရာမတွေကပါ ပူးပေါင်းဆောင်ရွက်သွားပေးဖို့ လိုအပ်ပါလိမ့်မယ်။

**အစီအစဉ်မှူး။ ။သုတေသနဆိုတာက သိပ္ပံဘာသာရပ်ကိုပဲ ဆိုလိုတာလားဆိုတာကိုလည်း ဆွေးနွေးပေးပါဦး။**

**ဒေါက်တာသန်းသန်းဝင်း။** ။သုတေသနလို့ဆိုရာမှာ အခြေခံပညာကျောင်းသားတွေရော၊ တက္ကသိုလ်ပညာသင်ကြားနေကြတဲ့ ကျောင်းသားကျောင်းသူတွေရော သိနေကြတာက လက်တွေ့ခန်းမှာပဲ လက်တွေ့လုပ်ဆောင်တဲ့ ဘာသာရပ်တွေပဲ သုတေသနလုပ်တယ်လို့ နားလည်နေကြတယ်။ ဝိဇ္ဇာဘာသာရပ်တွေမှာ သုတေသနလုပ်တာကို သိရှိနားလည်တဲ့သူ နည်းပါတယ်။ ဘယ်လိုလဲဆိုရင် ဝိဇ္ဇာဘာသာရပ်တွေမှာ သုတေသနလုပ်တယ်ဆိုတာက အခြေခံပညာကစပြီး သင်လာတဲ့ ဝိဇ္ဇာဘာသာရပ်တွေကို ကျက်စာတွေဆို ကျက်တာပဲ မဟုတ်ဘဲနဲ့ သင်ကြားတဲ့အခါ ငြီးငွေ့မှုမရှိအောင် Assignment တွေပေးမယ်။ ဥပမာ ဘာသာရပ်နဲ့ သက်ဆိုင်တဲ့ Assignment တွေ ပေးလိုက်ပြီးတော့ သူတို့ကို Discussion ပြန်လုပ်ခိုင်းပြီး အခြေခံကနေ ဝိဇ္ဇာဘာသာရပ်ကို စိတ်ဝင်စားလာမယ်။ ဝိဇ္ဇာဘာသာရပ်ထဲမှာပါတဲ့ စီးပွားရေးပညာဘာသာရပ်ကလည်း လက်တွေ့ခန်းတွေမလိုဘူး။ ဒါပေမယ့် သူတို့ကနေပြီးတော့ လက်ရှိဖြစ်ပေါ်နေတဲ့ စီးပွားရေးအကြောင်းအရာတွေ၊ စီးပွားရေးရာအကြောင်းအရာတွေတင်မဟုတ်ဘဲ လူမှုရေးရာအကြောင်းအရာတွေကို လေ့လာဆန်းစစ်ပြီးတော့မှ ရရှိတဲ့အဖြေတွေကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း သုံးလို့ရတယ်ဆိုတာကို ကျောင်းသား ကျောင်းသူတွေ အားလုံးသိရှိနားလည်ဖို့ လိုပါတယ်။

**အစီအစဉ်မှူး။ ။ဟုတ်ကဲ့ပါ၊ ဒါဆိုရင် လက်တွေ့ခန်းတွေ မလိုအပ်ဘဲ သုတေသနတွေ လုပ်လို့ရတဲ့ ဘာသာရပ်တွေ တိုးတက်ဖို့ဆိုရင်ရော ဘာတွေများလိုအပ်ပါသလဲ။**

**ဒေါက်တာသန်းသန်းဝင်း။** ။လက်တွေ့ခန်း မလိုအပ်ဘူးလို့ ပြောတဲ့ဘာသာရပ်တွေမှာဆိုရင် ဝိဇ္ဇာဘာသာရပ်တွေမှာ သူတို့လုပ်ချင်စိတ်ရှိအောင် ဘယ်လိုလုပ်ပေးရမလဲဆိုရင် သင်နေတဲ့အချိန်မှာ ခုနပြောသလို Assignment တွေပေးမယ်။ ပေးမယ့် Assignment တွေအတွက် အချက်အလက်တွေကို ဘယ်ကရနိုင်မလဲ။ စာကြည့်တိုက်တွေကနေ ရနိုင်တယ်။ E-book တွေကနေ ရနိုင်တယ်။ စာကြည့်တိုက်မှာ ဖတ်ရှုပြီးတော့မှ ကိုယ့်ရဲ့အတွေးအမြင်တွေ အားလုံးကို Class Room ထဲမှာ Discussion တွေ လုပ်ခိုင်းတယ်။ Knowledge Sharing တွေလုပ်ခိုင်းခြင်းအားဖြင့် အဲဒါက လေ့လာမှုတစ်ခုပဲ၊ သုတေသနတစ်ခုပဲဆိုတာကို သိရှိအောင် သုတေသနလုပ်ဆောင်ဖို့ အစပျိုးပေးလိုက်တဲ့ သဘောမျိုးပါ။ သုတေသနအလေ့အကျင့်ကောင်းတွေ ရရှိဖို့အပြင် ဘာသာရပ်ကိုစိတ်ဝင်စားမှုပိုလာအောင် ဝိဇ္ဇာဘာသာရပ်တွေက ကျက်စာပဲလို့သိနေတဲ့ အသိစိတ်ကနေပြီးတော့ အခြားလေ့လာဖို့တွေရှိသေးတယ်ဆိုတဲ့ ဘာသာရပ် စိတ်ဝင်စားမှုလေးလည်း ဖြစ်ပေါ်လာလိမ့်မယ်။ ပြီးတော့လည်း စာကြည့်တိုက်အသုံးပြုမှု အလေ့အကျင့်လည်း ဖြစ်ပေါ်လာမယ်။

**(ဆက်လက်ဖော်ပြပါမည်)**

AR YU INTERNATIONAL HOSPITAL
GLOBAL CARE within reach

အာယုနိုင်ငံတကာအဆင့်မီဆေးရုံကြီး၏
ဝန်ဆောင်မှုနှင့် အထောက်အပံ့များ

- ထိုင်းနိုင်ငံ၏အယုံကြည်စိတ်ချရဆုံးဖြစ်သော ခွဲစိတ်ခန်းဆိုင်ရာနည်းပညာဝန်ဆောင်မှုနှင့် အထောက်အပံ့ပစ္စည်းများ
- သေချာစွာလေ့ကျင့်သင်ကြားထားသော ခွဲစိတ်ခန်းဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများရှိခြင်း
- ခမ်းနားသေသပ်လှပသော ဧည့်နားနေခန်းမ
- ထူးခြားသာလွန်ကောင်းမွန်၍ သက်တောင့်သက်သာရှိသော အတွင်းလူနာခန်းများ
- တစ်နေရာတည်းပြီးပြည့်စုံသော ကျန်းမာရေးစစ်ဆေးမှုစင်တာ
- ပင်မဆေးရုံအဆောက်အဦးနှင့်တိုက်ရိုက်ဆက်သွယ်ထားသော ကျယ်ဝန်းသည့်ကားရပ်နားရန်နေရာ
- ခေတ်မီစက်ကိရိယာများအသုံးပြုသည့်အတွက် ပိုမိုတိကျသေချာသော ရောဂါအဖြေများအားသိရှိနိုင်ခြင်း
- အတွေ့အကြုံများစွာရှိသည့် အထူးကုသမားတော်ကြီးများမှ စမ်းသပ်စစ်ဆေးကုသပေးခြင်း

ပြင်ပလူနာဌာနတွင် အောက်ပါရောဂါအမျိုးမျိုးတို့အား စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိပါသည်

- နှလုံးနှင့်နှလုံးသွေးကြောဆိုင်ရာရောဂါများ
- ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများ
- အရိုး၊ အကြော၊ အဆစ်ဆိုင်ရာရောဂါများ
- အသည်းရောဂါအမျိုးမျိုး
- အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာရောဂါများ
- သားဖွားနှင့်မီးယပ်ရောဂါများ
- ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ
- အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ
- အရေပြားရောဂါဆိုင်ရာရောဂါအမျိုးမျိုး
- ကလေးအထွေထွေရောဂါများ
- အထွေထွေရောဂါအမျိုးမျိုးတို့အား ခွဲစိတ်ကုသခြင်းနှင့် စမ်းသပ်စစ်ဆေးကုသပေးခြင်းတို့ဖြစ်ပါသည်။



အမှတ် - ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (၀၁) ၉၃၇ ၆၂၀၀
www.aryuhospital.com

# အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေး ဖေဖော်ဝါရီလတွင် ကျင်းပမည်

**ဝါရှင်တန် ဇန်နဝါရီ ၁၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်၏လက်ထောက် ကင်ယောင်ချိုတို့ ဇန်နဝါရီ ၁၉ ရက်က တွေ့ဆုံခဲ့ပြီးနောက် အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ဖေဖော်ဝါရီလ နှောင်းပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ယနေ့ပြောကြားခဲ့သည်။ သို့သော် မည်သည့်နေရာတွင် ကျင်းပမည်ဆိုသည်နှင့်ပတ်သက်ပြီး ကြေညာခြင်း မရှိသေးပေ။


**မိနစ် ၉၀ ကြာ ဆွေးနွေး**

သမ္မတထရန့်နှင့် ကင်ယောင်ချိုတို့သည် ဝါရှင်တန်မြို့တွင် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံထိပ်သီးအစည်းအဝေး ကျင်းပရန်နှင့် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်အပြီးတိုင် ကင်းစင်ပပျောက်ရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး မိနစ် ၉၀ ကြာ ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ် နှစ်နိုင်ငံထိပ်သီးအစည်းအဝေး ကျင်းပမည်ဖြစ်သော်လည်း ဝါရှင်တန်အနေဖြင့် ပြံုယမ်းအပေါ် ချမှတ်ထားသည့် မူဝါဒကို ပြောင်းလဲပစ်မည်မဟုတ်ကြောင်း အိမ်ဖြူတော်က ဆိုသည်။

လွန်ခဲ့သောနှစ်က စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် ပထမအကြိမ် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးတွင် မြောက်ကိုရီးယားက ၎င်း၏နျူကလီးယားအစီအစဉ်အားလုံးကို အပြီးသတ် ဖျက်သိမ်းမည်ဖြစ်ကြောင်း ခေါင်းဆောင်ကင်ဂျုံအန်က ကတိပြုခဲ့သည်။ ပြံုယမ်းအနေဖြင့် အမေရိကန်၏ စီးပွားရေးပိတ်ဆို့ချမှတ်မှုများကို ပြန်လည်ရုပ်သိမ်းပေးရန် မျှော်လင့်စောင့်စားလျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**





# ဖိလစ်ပိုင်မှ အကြွယ်ဝဆုံးသူဌေးသူကြွယ်ကြီး အသက်(၉၄)နှစ်အရွယ်တွင် ကွယ်လွန်

**မနီလာ ဇန်နဝါရီ ၁၉**

ဖိလစ်ပိုင်နိုင်ငံမှ အကြွယ်ဝဆုံးသူဌေးသူကြွယ်ကြီး ဟင်နရီစိုင်သည် ဇန်နဝါရီ ၁၉ ရက်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ၎င်း၏ စီးပွားရေးလုပ်ငန်းစုကြီးမှ ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းသည် တရုတ်နိုင်ငံမှ ဖိလစ်ပိုင်နိုင်ငံသို့ ငွေကြေးတစ်ပြားတစ်ချပ်မှမရှိဘဲ ရွှေ့ပြောင်းအခြေချနေထိုင်ခဲ့ရာမှ အမေရိကန်ဒေါ်လာသန်းထောင်ပေါင်းများစွာ တန်ဖိုးရှိသည့် စီးပွားရေးအင်ပါယာကြီးကို ထူထောင်ခဲ့သူဖြစ်သည်။

ဟင်နရီစိုင်သည် တရုတ်နိုင်ငံ ရှမင်မြို့မှ ဖိလစ်ပိုင်နိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်ခဲ့သူဖြစ်ပြီး အသက် (၉၄) နှစ်အရွယ်တွင် ကွယ်လွန်သွားခြင်းဖြစ်သည်။ ၎င်းသည် ဖိလစ်ပိုင်နိုင်ငံတွင် ကုန်တိုက်များစွာကို ပိုင်ဆိုင်ပြီး ကမ္ဘာပေါ်တွင် အကြီးမားဆုံးကုန်တိုက်ကြီးအချို့ ထူထောင်သူလည်းဖြစ်သည်။

**မှတ်တမ်းဝင်ခဲ့**

၎င်း၏ပိုင်ဆိုင်မှုများထဲတွင် ဖိလစ်ပိုင်နိုင်ငံ၌ ဘဏ်တိုက်များ၊ ဟိုတယ်များနှင့် အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်းများအပြင် တရုတ်နိုင်ငံရှိ ကုန်တိုက်များလည်း ပါဝင်သည်။

ဟင်နရီစိုင်၏ အသားတင်ကြွယ်ဝချမ်းသာမှုမှာ အမေရိကန်ဒေါ်လာသန်း ၁၉၀၀၀ ဖြစ်ကြောင်း ဖော့ဘ်မဂ္ဂဇင်းက ပြောကြားသည်။ ၎င်းသည် ၂၀၁၈ ခုနှစ်က ကမ္ဘာပေါ်တွင် ၅၂ ဦးမြောက် အချမ်းသာဆုံးသူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

**အေအက်ဖ်ပီ**

# ကက်ရှ်မီးယားဒေသတွင် အိန္ဒိယတပ်ဖွဲ့များက အကြောင်းမဲ့ ပစ်ခတ်မှုများပြုလုပ်ဟု ပါကစ္စတန်စစ်ဘက်ပြောကြား

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၉**

ပိုင်ဆိုင်မှုအငြင်းပွားနေသည့် ကက်ရှ်မီးယားဒေသရှိ ထိန်းချုပ်ရေးမျဉ်း (အယ်လ်အိုစီ)တစ်လျှောက်တွင် အိန္ဒိယတပ်ဖွဲ့များက အကြောင်းမဲ့ ပစ်ခတ်မှုများပြုလုပ်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်မှ ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်ပိုင်နက်နယ်မြေအတွင်းရှိ အရပ်ဘက်လူနေဒေသများအား ပစ်မှတ်ထားတိုက်ခိုက်သည့် အိန္ဒိယတပ်ဖွဲ့များကို ပါကစ္စတန်တပ်ဖွဲ့များက ထိရောက်စွာ လက်တုံ့ပြန်ပစ်ခတ်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်ပြည်သူ့ဆက်ဆံရေးဌာန (အိုင်အက်စ်ပီအာရ်)က ပြောကြားသည်။

မိမိတို့တပ်ဖွဲ့များ၏ တုံ့ပြန်ပစ်ခတ်မှုများကြောင့် အိန္ဒိယစစ်သည်သုံးဦးထက်မနည်း သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းနှင့် အိန္ဒိယတပ်ဖွဲ့၏ စခန်းတစ်ခုကိုလည်း ဖျက်ဆီးခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်မှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ကက်ရှ်မီးယားဒေသရှိ ထိန်းချုပ်ရေးမျဉ်း(အယ်လ်အိုစီ)တစ်လျှောက်ရှိ ကူရီရာတာနှင့် ကောက်ဟီတီရာဒေသတို့တွင် အိန္ဒိယတပ်ဖွဲ့များက အပြစ်မဲ့ အရပ်သားဒေသခံများအား ပစ်မှတ်ထားပစ်ခတ်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်မှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဇန်နဝါရီ ၇ ရက် အစောပိုင်းက ကက်ရှ်မီးယားဒေသ ထိန်းချုပ်ရေးမျဉ်းတွင် အိန္ဒိယတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် အသက် ၂၆ နှစ်အရွယ် ပါကစ္စတန်နိုင်ငံသားတစ်ဦးသေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦးဒဏ်ရာရခဲ့သည်ဟု (အိုင်အက်စ်ပီအာရ်)၏ ထုတ်ပြန်ချက်အရ သိရသည်။

ပါကစ္စတန်နှင့် အိန္ဒိယတို့သည် ကက်ရှ်မီးယားဒေသရှိ ထိန်းချုပ်ရေးမျဉ်းတစ်လျှောက်တွင် အပစ်အခတ်များရပ်စဲကြသည်ဟု ၂၀၀၃ ခုနှစ်တွင် ကြေညာခဲ့ကြသော်လည်း ယင်းသဘောတူညီချက်ကို ချိုးဖောက်ကြောင်း တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်စွပ်စွဲပြောဆိုမှုများ ပုံမှန်ပြုလုပ်ကြသည်။

**ဆင်ဟွာ**

# မက္ကဆီကိုတွင် လောင်စာဆီပိုက်လိုင်းတစ်ခု မီးလောင်ပေါက်ကွဲ၊ အနည်းဆုံး ၂၁ ဦး သေဆုံး

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၉**

မက္ကဆီကိုနိုင်ငံ အလယ်ပိုင်းတွင် တရားမဝင် လောင်စာဆီပိုက်လိုင်းတစ်ခု မီးလောင်ပေါက်ကွဲခဲ့ခြင်းကြောင့် အနည်းဆုံး ၂၁ ဦး သေဆုံးခဲ့ပြီး ၇၁ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ငံမြောက်ပိုင်းရှိ ဟီဒယ်ဂို ပြည်နယ်တွင် လောင်စာဆီပိုက်လိုင်းအက်ကွဲကြောင်းမှ လောင်စာဆီများ ယိုစိမ့်ပန်းထွက်ခဲ့သဖြင့် အနီးပတ်ဝန်းကျင်ရှိ လူတစ်စုက သွားရောက်ခိုးယူသယ်ဆောင်စဉ် အဆိုပါပိုက်လိုင်း မီးလောင်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်သက်သေများက ဆိုသည်။

အဆိုပါ လောင်စာဆီပိုက်လိုင်း ပေါက်ကွဲမှုကြောင့် မီးခိုးလုံးများ ကောင်းကင်ယံသို့ ပျံတက်သွားပုံနှင့် လောင်စာဆီပိုက်လိုင်း ပေါက်ကွဲမှု မဖြစ်ပွားမီ ယိုစိမ့်ထွက်လာသော လောင်စာဆီများကို အနီးဝန်းကျင်ရှိ လူများ သွားရောက်ခိုးယူ သယ်ဆောင်ကြသည့် မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံများ ရိုက်ကူးထားကြောင်း သိရသည်။

လောင်စာဆီယိုစိမ့်ထွက်နေသော အဆိုပါပိုက်လိုင်းအား မည်သို့ မီးကူးစက်လောင်ကျွမ်းခဲ့သည်ကို မသိရှိရသေးပေ။ အခင်းဖြစ်ပွားရာနေရာသို့



မီးသတ်သမားများနှင့် လူနာတင်ယာဉ်များ ရောက်ရှိလာကာ မီးလောင်ကျွမ်းဒဏ်ရာခံစားရသူများကို ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း သိရသည်။

**မီးလောင်ပေါက်ကွဲ**

ဇန်နဝါရီ ၁၈ ရက်ညပိုင်းတွင် အဆိုပါမီးလောင်ကျွမ်းမှု စတင်ခဲ့ပြီး ညသန်းခေါင်ယံအချိန်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်ဟု မီးသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပြီးခဲ့သောလမှစပြီး သမ္မတရာထူး စတင်ထမ်းဆောင်ခဲ့သော မက္ကဆီကိုသမ္မတ အန်ဒရီးစ် မန်နျူယယ်လိုပက်ဇ် အိုဘရာဒို ဦးဆောင်သော အစိုးရအဖွဲ့က နိုင်ငံအတွင်းရှိ လောင်စာဆီ ခိုးယူသယ်ဆောင်မှုနှင့်ပတ်သက်ပြီး ပြင်းပြင်းထန်ထန် အရေးယူ ဆောင်ရွက်လျက်ရှိစဉ် အဆိုပါ တရားမဝင်လောင်စာဆီပိုက်လိုင်း မီးလောင်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

မက္ကဆီကိုသမ္မတ လိုပက်ဇ် အိုဘရာဒိုသည် အခင်းဖြစ်ပွားရာနေရာသို့ ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့သည်။ မီးလောင်ကျွမ်းမှုတွင် သေဆုံးသွားသူများအတွက် လွန်စွာဝမ်းနည်းမိပါကြောင်း မက္ကဆီကိုသမ္မတက သူ၏တွစ်တာစာမျက်နှာတွင် ဖော်ပြထားကြောင်း သိရသည်။

မက္ကဆီကိုသမ္မတ လိုပက်ဇ် အိုဘရာဒို ဦးဆောင်သော အစိုးရအဖွဲ့က နိုင်ငံအတွင်းရှိ လောင်စာဆီပိုက်လိုင်းများကို ယာယီပိတ်သိမ်းထားပြီး လုံခြုံ ဘေးကင်းသည့် အခြေအနေ ရောက်ရှိမှသာ ပြန်လည်ဖွင့်ပေးမည်ဖြစ်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။

**အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံ တစ်ဝန်းလုံးတွင် တုပ်ကွေးရောဂါ ဆိုးရွားစွာဖြစ်ပွား

**တိုကျို ဇန်နဝါရီ ၁၉**

ဂျပန်နိုင်ငံတစ်ဝန်းလုံးတွင် တုပ်ကွေးရောဂါကူးစက်ပြန့်ပွားမှု ဆိုးရွားစွာ ဖြစ်ပွားလျက်ရှိကြောင်း၊ ခန့်မှန်းခြေအားဖြင့် လူပေါင်း ၁ ဒသမ ၆ သန်းခန့် တုပ်ကွေးရောဂါခံစားနေကြရကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးက ပြောကြားသည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

တုပ်ကွေးရောဂါလက္ခဏာခံစားနေရသည့် လူပေါင်း ၁၉၀၀၀၀ ခန့်အား ကျန်းမာရေးဌာန ၅၀၀၀ နီးပါးခန့်တွင် လွန်ခဲ့သည့် ရက်သတ္တပတ် တနင်္ဂနွေအထိတိုင် ဆေးကုသမှုပေးခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံရှိ ပြည်နယ်အများစုတွင် တုပ်ကွေးရောဂါဖြစ်ပွားမှုဆိုးရွားစွာဖြစ်ပေါ်နေပြီး လာမည့်ရက်သတ္တပတ်များအတွင်း၌ ပြည်သူအများအပြား ဖျားနာမှုဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသည်ဟု ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများအား ကာကွယ်ရေးအဆင့်များကို လုပ်ဆောင်ကြရန် တိုက်တွန်းထားပြီး အထူးသဖြင့် ကလေးများနှင့်သက်ကြီးရွယ်အိုများသည် လက်များသန့်ရှင်းရေးအတွက် ဆေးကြောကြရန်နှင့် မျက်နှာဖုံးအကာအကွယ်များ တပ်ဆင်ကြရန် တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## သတင်းပဒေသာ သိမှတ်ဖွယ်ရာ

### ရခိုင်အာနန္ဒစန္ဒြကျောက်စာပါ အကြောင်းအရာများ ပြသမည်

ရခိုင်တို့၏ အတိတ်ကာလသမိုင်းကြောင်းနှင့် စာပေအရေးအသားလေ့လာနိုင်သည့် ရခိုင်ရှေးဟောင်း အာနန္ဒစန္ဒြကျောက်စာပါ အကြောင်းအရာများကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ အမည်ဖြင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပွဲတော်တွင် ရခိုင်ပြည်နယ်ပြခန်း၌ အခမဲ့ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာနန္ဒစန္ဒြကျောက်စာသည် ရခိုင်သမိုင်းစဉ်တွင် အရေးကြီးသော ရခိုင်လူမျိုးတို့အတွက် တန်ဖိုးမဖြတ်နိုင်သော ကျောက်စာတိုင်တစ်တိုင်ဖြစ်သည်။

**မောင်မောင်ကျော့(ပလက်ဝ)**

### စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး စည်းဝေးမည်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ကျင်းပသည့် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ၏ (၁/၂၀၁၉) အစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၂) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း အခွန်အကောက်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း-၂၀၁၉ အခမ်းအနား ကျင်းပမည်

မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း အခွန်အကောက်ဆိုင်ရာလုပ်ငန်းများ လွှတ်တော်ကိုယ်စားလှယ်များသို့ ရှင်းလင်းတင်ပြခြင်း-၂၀၁၉ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှုမျှော်မှန်းချက်ပြည့်မီရေးအဆင့်မြင့်ဖိုရမ် နေပြည်တော်၌ ကျင်းပမည်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ၏ ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှုမျှော်မှန်းချက်ပြည့်မီရေးဆိုင်ရာ အဆင့်မြင့်ဖိုရမ်ကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ အစည်းအဝေး ကျင်းပမည်

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်၍ ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၃) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

## စစ်မှုထမ်းဆောင်ကြတော့မယ့် မင်ဟိုနဲ့ ကီး



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်နှစ်ဦးဟာလည်း မကြာမီ စစ်မှုထမ်းဆောင် သွားတော့မှာဖြစ်ပြီး လတ်တလောမှာတော့ စစ်မှုထမ်းဆောင်ဖို့ရာ ပြင်ဆင်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ သူတို့နှစ်ဦးကတော့ "SHINee" အဖွဲ့ဝင် မင်ဟိုနဲ့ ကီးတို့ ဖြစ်ကြကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၇ ရက်မှာတော့ တောင်ကိုရီးယားမီဒီယာတစ်ခုက "SHINee" ရဲ့ အဖွဲ့ဝင်နှစ်ဦး လာမယ့်နွေဦးမှာ စတင်စစ်မှုထမ်းဆောင်တော့မှာဖြစ်ကြောင်း ရေးသားဖော်ပြလာတာ ဖြစ်ပါတယ်။ အဖွဲ့ရဲ့ဖျော်ဖြေရေး အေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်မှ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ မင်ဟိုနဲ့ ကီးတို့ စစ်မှုထမ်းဆောင်ဖို့ရာ ပြင်ဆင်နေကြောင်း သိရတာဖြစ်ပါတယ်။

မင်ဟိုဟာ လာမယ့်ဖေဖော်ဝါရီလအတွင်း အာရှပရိသတ်တွေနဲ့ တွေ့ဆုံပွဲတွေ ပြုလုပ်ဖို့ရာလည်း စီစဉ်ထားပြီး ဖြစ်ပါတယ်။ ဒီပွဲတွေအပြီး လာမယ့်နွေဦးမှာ စစ်မှုစတင်ထမ်းဆောင် သွားမှာဖြစ်တယ်လို့ သိရပါတယ်။ ကီးဟာလည်း လာမယ့်လအတွင်း ဆိုးလ်မှာ တစ်ကိုယ်တော်ဖျော်ဖြေပွဲ ပြုလုပ်သွားဖို့ရာ စီစဉ်ထားပါတယ်။ စစ်မှုထမ်းဆောင်ရာမှာတော့ မင်ဟိုနဲ့ ကီးတို့ တစ်ချိန်တည်းမှာပင် စတင်ထမ်းဆောင်နိုင်ဖွယ်ရှိတယ်လို့လည်း သိရပါတယ်။

**အေးပြည့်**

Times City

Times City ၏

Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ ဆိုင်ခန်းများ ငှားရမ်းမိတ်ဆက်ပွဲအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁၂) ရက် နှင့် (၁၃) ရက် တို့တွင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ထပ်မံ၍ ငှားရမ်းလိုသော မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီအထိ **Information Centre** အား ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ပြီး မိတ်ဆွေများအနေဖြင့်သိရှိလိုသည့်အချက်များ၊ ငှားရမ်းလိုသည့် ရုံးခန်း၊ဆိုင်ခန်းများအား ဆက်လက်ကြည့်ရှု စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

*Soft opening on 01 May 2019*

ဆက်သွယ်ရမည့်လိပ်စာ - Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်းနံပါတ်များ -09-765800800 , 09-764800800 , 09-5045777

Website - http://www.timescity.com.mm

Facebook - Times City Yangon - Myanmar

Email - timescityproject@gmail.com

# ကော့ကရိတ်မြို့နယ်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ကော့ကရိတ် ဇန်နဝါရီ ၁၉**
ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မြဝတီ-ကော့ကရိတ်အာရှလမ်း နတ်စင်ကွေ့ကုန်းအဆင်းတွင် ဇန်နဝါရီ ၁၈ ရက် ညပိုင်းက ခြောက်ဘီးယာဉ်တစ်စီး တိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်းမှာ ယာဉ်၏ရှေ့ပိုင်းအောက်တွင် ပိနေသော်လည်း အချိန်မီကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၈ ရက် ည ၈ နာရီခန့်က မြဝတီ-ကော့ကရိတ်အာရှလမ်းအတိုင်း ယာဉ်မောင်း လင်းလင်းထွန်း အမှတ်(၄)ရပ်ကွက် မြဝတီမြို့နေသူသည် NISSAN UD အမျိုးအစား စိမ်း၊ ဖြူအရောင် ခြောက်ဘီးယာဉ်ဖြင့် ကားတာယာများနှင့် ကြောင်စာအိတ်များ တင်ဆောင်ပြီး မြဝတီမြို့မှ ကော့ကရိတ်မြို့သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၁၅၄ နှင့် ၁၅၅ ကီလိုမီတာအကြား နတ်စင်ကွေ့ကုန်းဆင်းအရောက် ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်သွားစဉ် လင်းလင်းထွန်းမှာ ယာဉ်၏ ရှေ့ခေါင်းပိုင်းအောက်၌ ပိနေသဖြင့် အခင်းဖြစ်နေရာအနီး ရောက်ရှိနေသော နယ်ခြားစောင့်တပ်မှ ဗိုလ်မှူးခင်မောင်ဝင်း၏ စီမံမှုကြောင့် လူအင်အားဖြင့် ဝိုင်းဝန်း၍ အချိန်မီကယ်ထုတ်နိုင်ခဲ့ပြီး ယာဉ်မောင်းတွင် ဒဏ်ရာရရှိခဲ့ခြင်း မရှိခဲ့ကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**



# ဆွာမြို့တွင် အရှိန်မထိန်းသည့် ၁၂ ဘီးယာဉ် ရပ်ထားသည့် ကားနှင့်ဆိုင်ကယ်များကို ဆင့်တိုက်

**ရေတာရှည် ဇန်နဝါရီ ၁၉**
ပဲခူးတိုင်းဒေသကြီး ဆွာမြို့တွင် ဇန်နဝါရီ ၁၉ ရက် နံနက် ၅ နာရီခွဲက ရန်ကုန်-မန္တလေး ကားလမ်းဟောင်းအတိုင်း မြောက်မှတောင်သို့မောင်းနှင်လာသော ၁၂ ဘီးကုန်တင်ယာဉ်တစ်စီး အရှိန်လွန်ကာ ကားလမ်းအနောက်ဘက်တွင် ရပ်တန့်ထားသည့် ၁၂ ဘီးကုန်တင်ယာဉ်၏နောက်ပိုင်းကို ဝင်ရောက်တိုက်မိခဲ့သည်။ အတိုက်ခံရသော ယာဉ်လိမ့်၍ လက်ဖက်ရည်ဆိုင်ရှေ့၌ ရပ်တန့်ထားသော ဆိုင်ကယ်ငါးစီး တိုက်မိပျက်စီးသွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဆွာနယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်မြလွင်ဦးနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း မြောက်မှတောင်သို့ လင်းကိုကို မှော်ဘီမြို့နယ် ရန်ကုန်မြို့ နေသူမောင်းနှင်လာသော နီဆန်း/------ ၁၂ ဘီးယာဉ်သည် ဆွာမြို့လယ် မိုင်တိုင် ၂၀၀/၇ နှင့် ၈ အကြား လက်ဖက်ရည်ဆိုင်ရှေ့အရောက် အရှိန်လွန်ကာ လမ်းအနောက်ဘက်တွင် ရပ်တန့်ထားသည့် ဟီးနိုး ၁၂ ဘီးယာဉ်၏ နောက်ပိုင်းကို ဝင်ရောက်တိုက်မိခဲ့သည်။

အတိုက်ခံရသောအရှိန်ကြောင့် ဟီးနိုး ၁၂ ဘီးယာဉ်သည် လက်ဖက်ရည်ဆိုင်ရှေ့ရပ်တန့်ထားသည့် ဆိုင်ကယ်ငါးစီးအား ထပ်မံတိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လင်းကိုကိုအား ဆွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပေါင်မြို့နယ်တွင် နေအိမ်မီးလောင်မှုဖြစ် အသက် ၇၀ အရွယ် အဘွားအိုတစ်ဦး ထိခိုက်ဒဏ်ရာရ

**ပေါင် ဇန်နဝါရီ ၁၉**
မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမကျေးရွာအုပ်စု ဇေတဝန်ရပ်ကွက် ဘူတာဝင်းတွင် ဇန်နဝါရီ ၁၉ ရက် နံနက် ၂ နာရီခန့်က ထင်းမီးဖိုဖြင့် ရေနွေးအိုးတည်ထားရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ်တစ်လုံး မီးလောင်သွားပြီး လူတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ မုတ္တမကျေးရွာ မီးရထားဘူတာဝင်းအတွင်း ဒေါ်စိန်(၇၀)နှစ်၊ ဒေါ်မြသန်း(၈၀)နှစ်နှင့် ဦးခင်မောင်သန်း(၅၀)နှစ်တို့နေထိုင်သော နေအိမ်တွင် ထင်းမီးဖြင့် ရေနွေးအိုးတည်ထားရာမှ မီးဖိုမှ မီးလောင်နေသောထင်းများ ပြုတ်ကျပြီး နေအိမ်နံရံအားမီးစွဲကာ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ပေါင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူက ပြောသည်။

အဆိုပါမီးလောင်မှုကြောင့် သွပ်မိုးပျဉ်ကာတစ်ထပ်နေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ပြီး ဒေါ်စိန်တွင် မီးလောင်ဒဏ်ရာများရရှိခဲ့သဖြင့် မုတ္တမတိုက်နယ်ဆေးရုံသို့ တင်ပို့ထားသည်။

မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများကဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မိနစ် ၃၀ ခန့်အကြာတွင် မီးငြိမ်းနိုင်ခဲ့ပြီး မီးပေါ့ဆစွာအသုံးပြုသူ အိမ်ရှင် ဒေါ်စိန်အား မုတ္တမနယ်မြေရဲစခန်းက ဥပဒေအရအမှုဖွင့်ထားကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**



**သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၅)ရပ်ကွက် သံသုမာလမ်း အထက(သုဝဏ္ဏ) ကျောင်းရှေ့တွင် ဇန်နဝါရီ ၁၆ ရက်က မှုခင်းပြခန်းယာဉ်ဖြင့် ကျောင်းသားကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများအား ယာဉ်ထိန်းတပ်ဖွဲ့စု၊ လူမှောင်ခို၊ လူကုန်ကူးတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စုတို့နှင့်အတူ ဒု-မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးဝင်းအောင်က အသိပညာပေးဆွေးနွေး ဟောပြောစဉ်။**

ကိုရဲ

CHINDWIN COLLEGE

# ချင်းတွင်းမှာတက်ရင် အလုပ်ဝင်ဖို့ ပိုအဆင်သင့်ဖြစ်တယ်

**MBA | Engineering | Business | Hospitality**

- ပညာရပ်တွေကို UK နိုင်ငံရဲ့ အကြီးမားဆုံးပညာရေးအဖွဲ့ အစည်းကြီးဖြစ်သည့် Pearson မှ ချီးမြှင့်သော BTEC HND (Higher National Diploma) များကို ၁၀ တန်းအောင်မြင်ပြီးသူများနှင့် ၁၀တန်းတစ်ကြိမ်ဖြေဆိုဖူးသူများ အမှတ်စာရင်းပြစရာမလို၊ ဝင်ခွင့်ဖြေစရာမလိုဘဲ တက်ရောက်နိုင်ပါသည်။
- တက္ကသိုလ်ပထမနှစ် ပြီးဆုံးထားသူများ သို့မဟုတ် တက္ကသိုလ်မှ ဘွဲ့တစ်ခုရရှိထားသူများလည်း BTEC HND Level 4 ကနေ စတင်ပြီး တက်ရောက်နိုင်ပါသည်။
- HND အောင်မြင်ပြီးပါက UK နိုင်ငံတွင် Ranking ၂၅ အဆင့်ရှိသော University of Portsmouth မှ တိုက်ရိုက်ချီးမြှင့်မည့် Bachelor Degree ကို ရယူနိုင်ပြီဖြစ်ပါသည်။
- မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ၏ Affiliated Training Center ဖြစ်သည့်အပြင် ပြည်တွင်းပြည်ပက အတွေ့အကြုံရှိ ဝါရင့် ဆရာ၊ ဆရာမများက စာတွေလက်တွေ့အချိုးကျစွာ သင်ကြားပို့ချပေးနေတာဖြစ်သည့်အတွက် ကျောင်းပြီးလျှင် လုပ်ငန်းခွင်ကို အဆင်သင့်ဝင်ရောက်နိုင်မှာဖြစ်ပါသည်။
- Assignment များ၊ Group Project များ၊ Individual Project များနှင့် Presentation များကို ကိုယ်တိုင်လုပ်ရသည့်အတွက် လုပ်ငန်းခွင် ဝင်ရောက်ရန် လိုအပ်သည့် soft skills, hard skills, teamwork, exposure and experience များ ရရှိသည့်အတွက် လုပ်ငန်းခွင်ဝင်ရန်ပိုမို အဆင်သင့်ဖြစ်စေပါသည်။

UNIVERSITY OF PORTSMOUTH

2019 January Intake အတွက် ကျောင်းအပ်လက်ခံနေပါပြီ

ချင်းတွင်းမှာဘွဲ့ရပြီးရင် 73% သောကျောင်းသားတွေဟာ ၆ လအတွင်း အလုပ်ရကြပါတယ်

ကျောင်းသား 90.1% ဟာဆိုရင်ဖြင့် စာသင်ကြားမှုအပိုင်းမှာ ကျေနပ်ပျော်ရွှင်ကြပါတယ်

UK ရဲ့အကောင်းဆုံး တက္ကသိုလ် အဆင့် 25 ရထားတဲ့ University of Portsmouth မှ Program တွေကို သင်ကြားပေးနေပါတယ်

Yangon Chindwin : No. (75), Thein Phyu Road, (Lower Block),Botahtaung Township, Yangon, Ph: 01-297673, 298137
Mandalay Chindwin : Corner of (77x78)st & (31x32)st, Sebai Building, Greatwall Condo Complex. Ph: 02-2844179, 02-4072179
Taunggyi Chindwin : No.57/16 ,Myat Yadanar Street ,Yae Aye Kwin Quarter. Ph: 09 784038995, 784038996

09953005959



ရမည်းသင်းမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း ရဲတပ်သားသစ်(အမျိုးသမီး)သင်တန်း အမှတ်စဉ် (၄၇/၂၀၁၈ ) သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက် ၇ နာရီခွဲက အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ ခေတ္တကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီးသန့်ဇင်က ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

ဇော်ဝင်းအောင်

# ကျောက်စရစ်ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ အငြင်းပွားတိုင်ကြားမှုများအား ဖြေရှင်းမည်

**မကွေး ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီးအတွင်း မြစ်ချောင်းများ၌ သတ်မှတ်စည်းကမ်းများနှင့်အညီ ထုတ်လုပ်ခွင့်ပြုထားသော ကျောက်စရစ်လုပ်ငန်းများနှင့်ပတ်သက်သည့် အငြင်းပွားမှုများ၊ တိုင်ကြားမှုများအား ဖြေရှင်းနိုင်ရန် ဒေသဆိုင်ရာ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ စီမံခန့်ခွဲမှုကော်မတီကို တိုင်းဒေသကြီးအတွင်း မြို့နယ်များအားလုံး၌ ဖွဲ့စည်းနေပြီဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ အငြင်းပွားမှုနှင့် တိုင်ကြားမှုများကို စတင်ကိုင်တွယ်မည့် စီမံခန့်ခွဲမှုကော်မတီများတွင် ဥက္ကဋ္ဌအဖြစ် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အဖွဲ့ဝင်များအဖြစ် ရဲတပ်ဖွဲ့၊ စည်ပင်၊ မီးသတ်၊ ငါးလုပ်ငန်း၊ ပြည်တွင်းရေကြောင်းဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ ပါဝင်မည်ဖြစ်ပြီး အရပ်ဘက်မှ လုပ်ငန်းရှင်သုံးဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဆိုပြုသည့် ရပ်မိရပ်ဖနှစ်ဦး၊ လွှတ်တော်ကိုယ်စားလှယ်များမှ အမည်စာရင်းပေးသည့် ရပ်မိရပ်ဖသုံးဦးတို့အား ထည့်သွင်းဖွဲ့စည်းသွားမည်ဖြစ်သည်။

"မကွေး၊ မင်းဘူး၊ မင်းလှ၊ ဆင်ပေါင်ဝဲ၊ အောင်လံ၊ သရက်၊ ကံမနဲ့ မင်းတုန်းဆိုတဲ့ မြို့ရှစ်မြို့မှာ ကော်မတီ ဖွဲ့စည်းပြီးပါပြီ။ ရေနံချောင်း၊ ချောက်၊ ပခုက္ကူနဲ့ ရေစကြိုမြို့တွေမှာ တစ်ပတ်အတွင်း ဆက်လက်လုပ်ဆောင်သွားပါမယ်။ ပြီးရင် ဆော၊ ကျောက်ထု၊ ဂန့်ဂေါမြို့နဲ့ ကျန်မြို့တွေမှာ ဆက်လက်ဖွဲ့စည်းသွားမယ်။ စီမံခန့်ခွဲသူတွေအနေနဲ့ မြစ်ကျောက်စရစ်လုပ်ကွက်တွေရဲ့ ထုတ်လုပ်မှု၊ စည်းကမ်းဖောက်ဖျက်မှု၊ လုပ်ငန်းရှင်နဲ့ ဒေသခံတွေကြား ပဋိပက္ခဖြစ်မှုတွေကို ဖြေရှင်းဆောင်ရွက်သွားမှာပါ။ သဲကျောက်ဈေးနှုန်းတွေတည်ငြိမ်ဖို့နဲ့ လုပ်ငန်းသမားအချင်းချင်း မျှတမှုရှိစေဖို့လည်း ဈေးနှုန်းသတ်မှတ်ပေးတာတွေကိုလည်း လုပ်ဆောင်မှာပါ"ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဇော်လွင်က ပြောသည်။

ကော်မတီအနေဖြင့် ပုဂ္ဂိုလ်၊ အသင်းအဖွဲ့၊ ကုမ္ပဏီများ လုပ်ငန်းမှတ်ပုံတင်လျှောက်ထားရာတွင် သဘောထားမှတ်ချက်ပေးခြင်း၊ ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ရသူများအား အခွင့်အရေးဆုံးရှုံးမှုမရှိစေရန် အကာအကွယ်ပေးခြင်း၊ လုပ်ငန်းများကြောင့် ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမဖြစ်ရေး၊ ရေနေသတ္တဝါများ၏ ဂေဟစနစ်မပျက်စီးရေး၊ မျိုးမတုံးစေရေးတို့ လုပ်ဆောင်သွားမည်ဖြစ်သည်။

ဧယျာတု(မကွေး)

# ပညာဆီမီး ထိန်ညီးဂုဏ်ဆောင် ရွာကျွဲသောင်

မြင့်စိုး(နတလ)

ရန်ကုန်မြို့ ဗုဒ္ဓတက္ကသိုလ်တွင် M.A (Buddhism) တက်ရောက်အောင်မြင်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ တက္ကသိုလ်တစ်ခု၌ဆက်လက်၍ ပညာဆည်းပူးသင်ယူခဲ့သော ကျွန်တော်တို့ရွာက ဦးပဥ္ဇင်းလေး အရှင်ပဏ္ဍိတ၏ ပညာရေးရှေ့ခရီးအတွက် ပြီးခဲ့သည့် ဇန်နဝါရီ ၁၂ ရက်က ဦးပဥ္ဇင်းလေးနှင့်အတူ ကျေးဇူးတော်ရှင် အောင်ဆန်းဆရာတော်ကြီးထံ သွားရောက်လျှောက်ထားဩဝါဒခံယူခဲ့ကြသည်။ ယင်းနောက် ဆရာတော်ကြီးက သူ၏ဇာတိ ကျွဲသောင်ရွာသို့ ရောက်ဖူးခြင်း ရှိ-မရှိ ကောက်ကာငင်ကာမေးလာသဖြင့် မရောက်ဖူးသေးကြောင်း ပြန်လည်လျှောက်ထားခဲ့ရသည်။ မင်းကျွဲသောင်ကိုမရောက်ဖူးသေးရင် ခေတ်မမီသေးဘူး၊ လာမယ့် ၁၅ ရက်နေ့ ဘုန်းကြီးတို့ရွာမှာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ ကျင်းပမယ်၊ လိုက်နိုင်ရင် လိုက်ခဲ့ပါ" ဟု အမိန့်ရှိရင်း ဖိတ်စာနှစ်စောင်ကိုပါ တစ်ပါတည်း ပေးလိုက်သည်။

**တိုးမြှင့်ဖွင့်လှစ်**

တစ်စောင်က ကျေးဇူးရှင် အောင်ဆန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ Ph.D (Vipassan Bh vana )၊ Ph.D (Social Science) ပြည်တွင်းပြည်ပကမ္ဘာ့ဗုဒ္ဓသာသနာပြု၊ ဝိဇ္ဇာကာသိ သီရိကမ္မဋ္ဌာနာစရိယ (သီရိလင်္ကာနိုင်ငံ)၊ နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆုရ ဆရာတော်ကြီးအား ဦးထိပ်ထားလျက် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာဦးစီးဌာနက အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့သော ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ကျွဲသောင်ကျေးရွာအုပ်စု ကျွဲသောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဖွင့်ပွဲအခမ်းအနား တက်ရောက်ပါရန် ဖိတ်ကြားပါသည်ဟူ၍။ နောက်တစ်စောင်ကတော့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၇၇) တောရတပ်ဦးကျောင်းတိုက် အင်းစိန်မြို့နယ် အောင်ဆန်းမြို့၌ ဇန်နဝါရီလ ၂၀ ရက်နေ့ မွန်းလွဲပိုင်းပြုလုပ်မည့် အောင်ဆန်းဆရာတော် ဝိဇာတမင်္ဂလာအထိမ်းအမှတ် ကုသိုလ်တော်(၂၇) ကြိမ်မြောက် အဓိဋ္ဌာန် ဒုလ္လဘ ရဟန်းအပါး ၅၀၀ ဥပသမ္ပဒ ကံဆောင်ပွဲ၊ (၁၂) ကြိမ်မြောက် သီလရှင်အပါး ၁၀၀ ဝတ်ပွဲနှင့် (၁၇၉) ကြိမ်မြောက် ၁၀ ရက်စခန်း တရားအားထုတ်ပူဇော်ပွဲ အခမ်းအနားသို့ ကြွရောက်ကြည်ညိုပါရန်ဟု ဖော်ပြပါရှိပါသည်။

လေးမျက်နှာမြို့ ပရဟိတကျောင်းမှာ ၉ တန်း၊ ၁၀ တန်း နှစ်နှစ်နေထိုင် ပညာသင်ခဲ့ဖူးသော်လည်း လေးမျက်နှာမြို့နယ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် အင်္ဂပူမြို့နယ်ထဲက ကျွဲသောင်ကျေးရွာသို့ မရောက်ဖူးသည်မှာ အမှန်ပင်ဖြစ်၏။ ကျွန်တော်တို့နေခဲ့စဉ်ကာလ လေးမျက်နှာ ပရဟိတကျောင်းသို့ ကျွဲသောင်ရွာမှ ကျောင်းသားများလည်း လာရောက်မှီခိုပညာသင်ခဲ့ကြသည်။ ဆရာတော်ကြီးသည်ပင်လျှင် ကျွန်တော့်ဦးလေးများနှင့် အတန်းတူ လေးမျက်နှာပရဟိတ ကျောင်းထွက်ဖြစ်သောကြောင့် ဆရာတော်ကြီး ဦးပညာလောက၊ ဦးဇောတိပါလတို့၏ ကျေးဇူးတရားများကို မမေ့ရန်၊ ဇာတိမြေကိုမမေ့ရန်၊ တတ်နိုင်သမျှ ရပ်ကျိုးရွာကျိုး သယ်ပိုးဆောင်ရွက်ကြရန် အမြဲလမ်းညွှန်ပြသ ဆိုဆုံးမတော်မူခဲ့သည်။

ဆရာတော်ကြီးက ကျွဲသောင်သို့ လိုက်စေလိုသည့် ဆန္ဒရှိနေမှတော့ ငြင်းပယ်ရန်မဝံ့ပါ။ သို့ဖြစ်၍ ဇန်နဝါရီ ၁၄ ရက်နေ့တွင် အောင်ဆန်းကျောင်းဆုံရပ်သို့ အရောက်သွားခဲ့သည်။ ဆရာတော်ကြီးနှင့် သံဃာတော်များ၊ သီလရှင်များ၊ အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)နှင့် လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) တို့မှ ဒါယကာ၊ ဒါယိကာမများ၊ ဧည့်သည်များ စုစုပေါင်း ကား ၁၁ စီးပါ ယာဉ်တန်းတစ်ခု မွန်းလွဲ ၂ နာရီခန့်တွင် ရန်ကုန်မှထွက်ခွာခဲ့ကြသည်။ ဧရာဝတီတံတား (ညောင်တုန်း) မှတစ်ဆင့် ခနောဖြူ၊ ဇလွန်မြို့များကိုဖြတ်ပြီး ဟင်္သာတမြို့ကိုဝင်တော့ ညနေဆည်းဆာချိန်တိုင်ခဲ့ပြီ။ လိုက်ပါလာသော ဧည့်ပရိသတ် ၄၀ ကျော်ခန့်ကို ဟင်္သာတခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးဝင်းမြင့်နှင့် ဇနီးဒေါ်ထွေးထွေးတို့က ညစာဖြင့် တည်ခင်းကျွေးမွေးပြီး လမ်းတစ်လျှောက် သွားလာရေးအဆင်ပြေစေရန်လည်း စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဟင်္သာတမှ တလုတ္တော်အထိ ကျွန်တော့်အတွက် နယ်မြေမစိမ်းသေး၊ လေးမျက်နှာသို့သွားလျှင် တလုတ္တော်မှ ဖြတ်၍သွားခဲ့ဖူးသည်။ တလုတ္တော်လွန်သည်နှင့် ကားမီးရောင်ဖြင့် မြင်သမျှဆိုင်းဘုတ်တွေ လိုက်ဖတ်နေရပြီ။ ဟော-ဟိုရှေ့မှာ ခမ္မီဆိုပါကလား၊ အဆိုပါခမ္မီက ဆရာလေးဦးစိန်သန်း၏ ဇာတိ၊ ဒါကို တော့ဖြင့် သတိရဖြစ်အောင်ရလိုက်မိ၏။ ငယ်ငယ်က ကြည့်ခဲ့ဖူးသည့် ပန်တျာကြည်လင်ဇာတ်ထဲက ပြဇာတ်မင်းသားချော ခမ္မီသန်းဆွေဆိုတာကိုလည်း ဖျတ်ခနဲ အမှတ်ရလိုက်ပြန်၏။ ထိုမှ ကွင်းကောက်လမ်းခွဲအတိုင်း မောင်းလာကြပြီး ခြောက်ရွာမှ လမ်းခွဲအတိုင်း ကျွဲသောင်ရွာသို့ ရောက်ရှိလာခဲ့ကြသည်။ လမ်းကြမ်းသည်၊ ကတ္တရာလမ်းမဟုတ်တော့၊ ကျောက်ခင်းလမ်း။ ကျွဲသောင်ရွာကို ည ၈ နာရီခွဲခန့် ရောက်သွားသည်နှင့် ဆရာတော်ကြီးအား စောင့်ကြိုဖူးမြော်ကြသော များပြားလှသည့် နယ်သူနယ်သားများကို တွေ့လိုက်ရသည်။ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲအထိမ်းအမှတ်အဖြစ် ထိုနေ့ညက အောင်ဆန်း ပညာရတနာခန်းမဆောင်သစ်ကြီးတွင် ရေကြည်မြို့ မင်္ဂလာတေးအဖွဲ့က အဆို၊ အကများဖြင့် ဖျော်ဖြေခဲ့ကြရာ မိမိတို့အဖွဲ့နှင့်အတူ လိုက်ပါလာခဲ့သော ဒေါ်ဆွေဆွေမြင့်(တေးသံရှင်ဆုမွန်)ကလည်း တေးသံသာများဖြင့် ပါဝင်သီဆိုဖျော်ဖြေခဲ့သည်။ တေးသံရှင်ဆုမွန်သည် အနုပညာဦးစီးဌာနတွင် အဆိုနည်းပြ၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများတွင် အဆိုအကဲဖြတ်ပညာရှင် ဒိုင်အဖွဲ့ဝင်၊ ရန်ကုန်မြို့တော်စည်ပင်၏ အဆိုနည်းပြတာဝန်များ ထမ်းဆောင်ခဲ့သလို တေးသံရှင်သမီးငယ်လေး မေသက်ထားဆွေ၏ ဆရာမလည်းဖြစ်ခဲ့ကြောင်း သိရသည်။



**ကျားကုတ်ကျားခဲ**

နောက်နေ့ အခမ်းအနားကျင်းပမည့်နေ့၊ ထိုနေ့နံနက်စောစောနိုးနေသဖြင့် ကျွဲသောင်ရွာနှင့် ကျောင်းပတ်ဝန်းကျင်ကို လိုက်လံလေ့လာကြည့်ရှုမိသည်။ ထွက်လိုက်သည်နှင့် တွေ့မြင်နေရပါပြီ။ မြောက်ဘက်မှာ ငဝန်မြစ်ကျိုးအင်းကြီး၊ မြေနုကျွန်းပေါ်မှာ ကိုင်းစိုက်ခင်းများနှင့် စိမ်းလန်းလို့နေတော့သည်။ အရှေ့ဘက်မှာ ကမ်းနားတန်းရပ်ကွက်၊ အနောက်ဘက်တွင် ချမ်းသာကြီးရပ်ကွက်၊ တောင်ဘက်တွင် ရွာမရပ်ကွက်တို့ရှိပြီး အိမ်ခြေ ၄၅၅ အိမ်ရှိကြောင်း၊ ညက ခြောက်ရွာမှ ချိုးဝင်လာသည့် လမ်းတစ်လျှောက်တွင် ကျုံပို၊ ရွှေကျောင်းအိုင်၊ ဘောစကိုင်း၊ သနပ်ခုံ၊ မှန်ကုန်းရွာတွေကို ဖြတ်ပြီးမှ ကျွဲသောင်ကို ရောက်ခြင်းဖြစ်ကြောင်း၊ ဝင်လာခဲ့သော ကျောက်လမ်း (၅/၀) မိုင်၊ ရွာလယ်ချောင်းပေါ်မှ တံတားနှစ်စင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ စသည်တို့သည် ဆရာတော်ကြီး၏ ဦးဆောင်ညွှန်ပြစီစဉ်လှူဒါန်းမှုတို့ကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း၊ ဆေးခန်းမှထွက်လာသည့် သားဖွားဆရာမလေး မခိုင်ခိုင်ဦးနှင့် ကြီးကြပ်(၂) ဝန်ထမ်း မောင်ရန်နောင်စိုးတို့က ပြောပြပါသည်။

ယခု အထကကျောင်း(ခွဲ)အဆင့်မှ အထကကျောင်းအဆင့်သို့မရောက်မီ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ လောက်ကတည်းက ကျွဲသောင်ဒေသ ပညာရည်မြင့်မားရေးအတွက် ကျားကုတ်ကျားခဲ ကြိုးပမ်းအားထုတ်ခဲ့ရကြောင်း၊ ကျွဲသောင်ဆိုသည်ကလည်း ရှေးနှစ်ပေါင်းများစွာက လမ်းပန်းဆက်သွယ်ရေးခက်ခဲလွန်းသဖြင့် တစ်ခါလာပြီးရင် ဘယ်သူမှ နောက်တစ်ခေါက် မလာချင်ကြတော့ကြောင်း၊ ကျွဲသောင်မှ ငဝန်မြစ်အတိုင်း နှစ်နာရီခန့် စက်လှေစီးပြီးမှ မြို့ကွင်းသို့ရောက်၊ မြို့ကွင်းမှ ဟင်္သာတသို့ ရထားစီး၊ ပြီးမှ ရန်ကုန်ခရီးကို သာရဝေါ ဘူတာမှတစ်ဆင့် သွားလာကြရခြင်းဖြစ်ကြောင်း၊ ယခင်က ပညာရေးကို စိတ်ဝင်စားမှုနည်းပြီး လယ်လုပ်၊ ကိုင်းလုပ်ဘဝဖြင့် အရိုးထုတ်သွားကြသူတွေ များခဲ့ကြောင်း၊ မိမိအား ကျွဲသောင်ရွာမှာမွေးပြီး ဘွဲ့သုံးဘွဲ့ဖြင့် ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခွင့်ရခြင်းသည်ပင်လျှင် ဤရွာလေး၏ ကျေးဇူးကြောင့်ဖြစ်ကြောင်း၊ မွေးရပ်မြေအား ကျေးဇူးဆပ်ရန်အတွက် ယခုကဲ့သို့ ပညာရေးလုပ်ငန်းများအပါအဝင် အခြားသော ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ဩဝါဒစကား မြွက်ကြားပါသည်။ မြွက်ကြားခဲ့သည့်အတိုင်းပင် ဆရာတော်ကြီးသည် ကျွဲသောင်အမကကျောင်းကို တွဲဖက် အလက ဖွင့်လှစ်ခွင့်ပြုခဲ့သည့် ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်မှ ယနေ့ အထကအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရချိန်အထိ မေတ္တာဆောင်၊ ကရုဏာဆောင်၊ စေတနာဆောင်၊ မုဒိတာဆောင်၊ အောင်ဆန်းဆရာတော်ဆောင် စသည့် ကျောင်းဆောင်များကို ဦးဆောင်ဦးရွက်ပြု လှူဒါန်းဆောက်လုပ်ပေးခဲ့သည့်အပြင် ယခုလည်း ခမည်းတော် ဦးကျင်မောင်၊ မယ်တော် ဒေါ်မြလေးစိန်၊ ညီဖြစ်သူ ဦးစိုးအောင်တို့အား ရည်စူး၍ (၁၀၆ ပေ × ၃၉ ပေ) အောင်ဆန်းပညာရတနာခန်းမဆောင်ကြီးကိုလည်း လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။


**ထူးချွန်သူပေါ်ထွန်း**


ဆရာတော်ကြီးနှင့် ကုသိုလ်ရှင် အလှူရှင်များအနေဖြင့် ကျောင်းအတွက် ကျောင်းဆောင်များလှူဒါန်းရကျိုးနပ်သည်ဟု ပြောရပါလိမ့်မည်။ တွဲဖက်အထက ကျွဲသောင်သည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် ၃၄ ဒသမ ၆၂ ရာခိုင်နှုန်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အောင်ချက် ၄၃ ဒသမ ၅၇ ရာခိုင်နှုန်းဖြင့် အင်္ဂပူမြို့နယ်တွင် ဒုတိယရရှိကာ သုံးဘာသာနှစ်ဦး၊ နှစ်ဘာသာနှစ်ဦး၊ တစ်ဘာသာ ခြောက်ဦး ဂုဏ်ထူးများရရှိခဲ့ကြပါသည်။

ထိုနေ့က ကျင်းပခဲ့သည့် အထကကျောင်းဖွင့်ပွဲနှင့် အောင်ဆန်းပညာရတနာခန်းမဆောင်ကြီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူး၊ ဟင်္သာတခရိုင် ပညာရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ဒေသခံ ရွာသူ ရွာသားများ တက်ရောက်ခဲ့ကြသည်။ ယင်းအခမ်းအနားပြုလုပ်ပြီးနောက် ဆရာတော်ကြီးသည် လေးမျက်နှာမြို့သို့ ကြွရောက်ကာ မကြာမီဖွင့်လှစ်တော့မည့် ငဝန်တံတား (လေးမျက်နှာ) ပေါ်၌ ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပေးခဲ့သည်။ တစ်ဖန် ဇန်နဝါရီ ၁၆ ရက်တွင် ကျွဲသောင် အထကကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးထွက်အောင်သင်ကြားပေးသော ဆရာ ဆရာမများ၊ တစ်နှစ်ပတ်လုံး ကျောင်းတက်ရက်မပျက်သည့် ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ပေးပြီး ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးခဲ့သည်။ ထူးခြားမှုတစ်ခုမှာ ထိုနေ့ညနေပိုင်းက ရွာအနီး ငဝန်မြစ်ကျိုးအင်းထဲ၌ ရိုးရာလှေပြိုင်ပွဲများ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်လှေအသင်း ၁၂ သင်းအား ဆုများချီးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

မိမိကိုအကြောင်းပြု၍ မိမိဇာတိဖြစ်သော လေးမျက်နှာမြို့နှင့် မြို့သူမြို့သားအပေါင်းတို့၏ ဂုဏ်သိက္ခာကို မထိခိုက်စေရန်၊ ဂုဏ်တက်စေရန် အမြဲနှလုံးသွင်းလျက်ရှိသည်ဆိုသည့် ကျေးဇူးတော်ရှင် ရွှေဟင်္သာ ဆရာတော်ကြီး မိန့်တော်မူခဲ့သည့်အတိုင်း အောင်ဆန်းဆရာတော်ကြီးကလည်း လိုက်နာကျင့်သုံးခဲ့သည်။ ဆရာတော်ကြီးများ၏ထုံးနှလုံးမူ ခံယူလိုက်နာ၍ မိမိတို့ဒေသမှာပဲ မကြည်သောရေကို ကြည်အောင်၊ မနုသောမြက်ကို နုအောင် ကြိုးပမ်းဖော်ဆောင်ကြရင်း ရပ်ကျိုးရွာကျိုး ဒေသအကျိုးကို သယ်ပိုးဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းရေးသား တင်ပြအပ်ပါသည်။ ။


ကျားဝါဖေ့ဖေ့
ကြယ်ဖြူ
မိသားစုကာတွန်းများ


ရွှေဆံရစ်










## သဗ္ဗညု ပုထိုးတော်ကြီး(ရန်ကုန်)
## လုံးတော်ပြည့် ဆေးဖြူသင်္ကန်းကပ်လှူပူဇော်နိုင်ရန် နှိုးဆော်လွှာ



ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်း တောင်ပိုင်း သုခလမ်းတွင် အဘွားလေးဒေါ်ခမွေသီ တည်ထားကိုးကွယ်တော်မူခဲ့သော တန်ခိုးကြီး သဗ္ဗညုပုထိုးတော်ကြီးအား သဗ္ဗညုဂေါပကအဖွဲ့နှင့် ဒေါက်တာဒေါ်ပညာသိရီမှ ဦးဆောင်၍ အများပြည်သူ စုပေါင်းကောင်းမှုဖြင့် လုံးတော်ပြည့် ဆေးဖြူသင်္ကန်းကပ်လှူ၍ တပေါင်းလပြည့်နေ့ (**March 20, 2019**) ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပပူဇော်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကုသိုလ်ရှင်များအနေဖြင့် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါရန်။

၁။ ဆေးဖြူသင်္ကန်း (၅)ဂါလံပုံး (၉၀၀) ပူဇော်ရပါမည်။ တစ်ပုံးကို ကျပ် (၁)သိန်း။

၂။ အထက်ပစ္စယံ လျှပ်စစ်ဆလိုက်မီးလုံးအကြီး (၄)လုံး၊ တစ်လုံးကို ကျပ် (၁၁)သိန်း။
လျှပ်စစ်ဆလိုက်မီးလုံးအလတ် (၆၄)လုံး၊ တစ်လုံးကို ကျပ်(၁)သိန်း။
လျှပ်စစ်ဆလိုက်မီးလုံးအသေး (၈၄)လုံး၊ တစ်လုံးကို ကျပ်(၅)သောင်း။
အတွင်းပိုင်းတွင် ရှေးဟောင်းမြတ်စွာဘုရားရှင်များပူဇော်ရန် LED မီးချောင်း (၅၀၀)စုံ၊ တစ်စုံကို ကျပ်(၁)သောင်း၊
နေ့စဉ် မိမိတို့၏ မွေးနေ့များတွင် လျှပ်စစ်မီးထွန်းညှိပူဇော်နိုင်ရန်၊ တစ်နေ့တာအတွက် ကျပ်(၃)သောင်း၊

၃။ ဘုရားခန်းကြီးအတွင်း ကျောက်ပြား(၁၀၀၀)ချပ် ခင်းပူဇော်ရန် တစ်ချပ်ကို ကျပ် (၁)သောင်း၊
ရင်ပြင်တော်နေပူခံကျောက်ပြား (၁၀၀၀)ချပ် ခင်းပူဇော်ရန် တစ်ချပ်ကို ကျပ်(၁)သောင်း၊

၄။ ဘိလပ်မြေအိတ် (၁၀၀၀) လိုအပ်ပါသည်၊ တစ်အိတ်လျှင် ကျပ် (၆၀၀၀)၊ သဲကားတစ်စီး ကျပ်(၁၅၀၀၀)၊ မိမိဆန္ဒအလျောက် လှူဒါန်းနိုင်ကြပါသည်။ တပေါင်းလပြည့်နေ့ (**March 20, 2019**) ဗုဒ္ဓပူဇနိယပွဲတော်အမှီ ပါဝင်လှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမြော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်နိုင်သောဖုန်းနံပါတ် – ဒေါက်တာ ဒေါ်ပညာသိရီ – ၀၉ ၅၉၉၆၆၈၂၂၀၊ ၀၉ ၄၅၀၀၄၆၂၉၀**
**မြောက်ဥက္ကလာ ကမ္ဘောဇဘဏ် PINNYA SIRI – KBZ Bank (Account No.070-301-07000085501)**
**ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်းလှူဒါန်းနိုင်ပါသည်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် တရားဝင်အသိအမှတ်ပြု လိုင်စင်ရ အဖွဲ့အစည်းများ၊ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) Simulation Centre & Medical Research Laboratory ရှိ Lab အတွင်းခန်းများ (၃)လွှာအတွက် Decoration ပြုလုပ်ခြင်း။

(ခ) လမ်းမတော်၊ ပြည်လမ်း၊ သထုံလမ်းရှိ စာသင်ဆောင်အကြီးစားပြုပြင်ခြင်း။ (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်)
၁။ သန့်စင်ခန်းများအဆင့်မြှင့်မွမ်းမံခြင်း။

(ဂ) လသာမြို့နယ်၊ မြို့မကျောင်းလမ်းနှင့် လမ်းမတော်ဘူတာအကြား ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ အရာရှိကြီးများအိမ်ရာ(၂)ခန်းတွဲ(၄)ထပ်တွင် (500) KVA Transformer အသစ်(၁)လုံးတပ်ဆင်ခြင်း။

၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချ- ၂၂-၁-၂၀၁၉ရက်၊ နံနက် ၉း၃၀နာရီ မည့်ရက်
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၂၁-၂-၂၀၁၉ရက်၊ ညနေ ၁၆း၃၀ နာရီ နှင့်အချိန်
တင်ဒါဖွင့်မည့်ရက် - ဆက်သွယ်အကြောင်းကြားပါမည်။
တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်-၂၄၅၊ မြို့မကျောင်းလမ်း၊ လမ်းမတော်မြို့နယ်၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၂၅၁၀၃၂၊ ၂၅၁၀၃၇ Ex-(၂၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**နယူးနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့** အသက်သာဆုံးခရီးစဉ်အား

ဇန်နဝါရီ (30)ရက်မတိုင်မီ စရံပေးသွင်းပါက ဗလာမပါ ငွေသားကံစမ်းမဲနှင့်အတူ အခမဲ့ လိုက်ပါခွင့်စရံ (2)သိန်း+US 500 (11)ရက်ခရီးစဉ်နှင့် စရံ (2)သိန်း + US 600 (15) ရက်
(ကံစမ်းမဲကို ခရီးစဉ်မထွက်ခင် (1) ရက်အလိုတွင်ဖောက်မည်။)



ခရီးစဉ်ထွက်ခွာမည့်ရက်- မတ် (6)သွား (16) ပြန် (11-ရက်)၊ မတ် (11)သွား (25) ပြန် (15-ရက်)၊ ဧပြီ(13)သွား၊ (22)ပြန်(10-ရက်)၊ ဧပြီ(13)သွား (27)ပြန်(15-ရက်)
မိုးရိုးခရီးစဉ် စရံ (2) သိန်း+US 750 (၁၅) ရက်/စရံ (2)သိန်း+US 550 (၁) ပတ် (10) ဦး (၁)ဦး အခမဲ့၊ ဖေဖော်ဝါရီ (1)သွား (15) ပြန် (15-ရက်)၊ မတ်လ (4) သွား (11)ပြန် (1-ပတ်)- အထူး (15)ရက် Feb (2), Jan (30), အထူး-(11)ရက် Feb (13)
06230406201337301-KBZ ဘဏ်၊ အလုံ၊ ကမ်းနားလမ်း။ ဆင်မင်းဈေးအနီး B1(101)၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ ရန်ကုန်။
(Email/Facebook: newnilar) / Viber: 5052973, 5069624, 5071583
Office: /899060007/799422740/786337158/9694964952,

**တစ်ဦးတည်းဖြစ်ကြောင်း**


တိုက်ကြီးမြို့နယ်၊ တော်လတီ(အထက)၊ ပဋ္ဌမတန်းမှ မကေဇင်မော်၏ဖခင် ဦးဇော်ဇော်နှင့် ဦးထွန်းလင်း[၁၂/တကန(နိုင်)၁၅၉၃၁၉]မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးထွန်းလင်း**

**Air-Con**
**အဟောင်း/အပျက်များ**
**ဈေးကောင်းပေးဝယ်သည်။**
**ကိုမောင်မောင်တင်**
**ဖုန်း-၀၉-၇၃၀၉၅၉၅၀**
**၀၉-၇၆၅၀၈၅၈၅၀**

Taxi ငှားရန်
AA/--- Probox
အိမ်ပေးငှားရန်ရှိသည်။
**ဖုန်း-၀၉-၉၇၁၂၃၄၇၈၀**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင် နိုင်ငံတော်မှ 'သီရိသုဓမ္မ မဏိဇောတဓရ' ဘွဲ့အားထိုက်တန်စွာ ချီးမြှင့်ခံရသည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးလှငွေး (ငွေးမိသားစု ကုမ္ပဏီများ ဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးလိဂ်ကော်မတီဥက္ကဋ္ဌ နှင့် ဇွဲကပင် ယူနိုက်တက် အသင်းပိုင်ရှင်) အတွက် လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုး၊ ဘောလုံးလောက အကျိုးအတွက် ဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်တောင်းအပ်ပါသည်။



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် ဝန်ထမ်းများ

◆ ဂုဏ်ထူးရှင်များစွာနှစ်စဉ်ပေါ်ထွက်သော . . .
**BIO KAN MYINT**
B.Sc (Hons:), M.Sc(Zool:)
၂၀၁၉ တက္ကသိုလ်ဝင်တန်း ဇီဝဗေဒ
**EXAM:GUIDE**
မေးခွန်းမေးကွက် အမျိုးမျိုးအတွက် တိတိကျကျအဖြေများကို သင်ရိုးကုန်ဖြေပြထားသည်။
Perfect စာပေ၊ ၃၈-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း - ၀၉၇၃၁၅၀၇၃၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ တိုက်အမှတ်-(၂၁)ဟုခေါ်တွင်သော (၈ထပ်ခွဲ)တိုက်ခန်း၏ ဒုတိယထပ်(၃လွှာ)၊ အကျယ်အဝန်း(၁၂၅၀စတုရန်းပေ)ရှိသော အခန်းနှင့်ရေ၊ မီး၊ Lift အပါအဝင် တွယ်ကပ်ဆက်စပ်နေသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မြင့်ထွန်း[၁၂/လသန(နိုင်)၀၁၆၀၄၅]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့ တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်တင်စုဝေ(စဉ်-၁၀၈၂၈) (LL.B,D.B.L,M.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၂၀၊ စံရိပ်ငြိမ်(၆)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၇၆၉၄၃၁၁၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၂၅၃၂၄၅၃၆၀**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၅)ရပ်ကွက်၊ ယုကလစ်မြိုင်လမ်း၊ အမှတ်(၂၇၆/၆)နေ ဒေါ်ယုယုခင်[၈/ရနက(နိုင်)၀၁၄၅၃၄] ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

တရုတ်နိုင်ငံ၊ ကွမ်ကျိုးမြို့အခြေစိုက် MCI (Michealagelo International Company Limited)၏ စီးပွားရေးလုပ်ငန်း၏ တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သော s doi lar (ခ)ဦးဂွန်းလှ မိတ်ဆက်ပေးမှုမှတစ်ဆင့် s doi lar (ခ) ဦးဂွန်းလှထံ MCI၏စီးပွားရေးလုပ်ငန်းထံသို့ ကျွန်ုပ်အမှုသည် ဒေါ်ယုယုခင် ရင်းနှီးငွေများကို ထည့်ဝင်ထားခဲ့သူတစ်ဦးသာဖြစ်ပါသည်။ ကျွန်ုပ်၏အမှုသည် ဒေါ်ယုယုခင်သည် MCI ကုမ္ပဏီတွင် မည်သည့်ရာထူးတာဝန်များ ရယူထားခြင်းမရှိဘဲ အများသူငှာ ငွေကြေးထည့်ဝင်ထားသလို ထည့်ဝင်ထားသူသာဖြစ်ပါသည်။ ထိုသို့ MCI (Michealagelo International Company Limited)သို့ ငွေကြေးထည့်ဝင်ထားရင်း s doi lar နှင့်ခင်မင်ရင်းနှီးခဲ့ပါသည်။

s doi lar သည် ၎င်းကိုယ်ပိုင် s doi lar Success resources Co.,Ltd တည်ထောင်၍ အသေးစား၊ အလတ်စားစီးပွားရေးများ လုပ်ကိုင်ရန် ကုမ္ပဏီမှတ်ပုံတင်ထားလိုကြောင်း ကုမ္ပဏီမှတ်ပုံတင်ရာတွင် ဒါရိုက်တာတစ်ဦး လိုအပ်နေ၍ ဒေါ်ယုယုခင်အားနာမည်ထည့်လိုကြောင်း ပြောကြားခဲ့၍ s doi lar success resources co.,Ltdတွင် ဒါရိုက်တာတစ်ဦးအဖြစ် အမည်ခံပါဝင်ခဲ့ပါသည်။ အဆိုပါ ကုမ္ပဏီမှာ မှတ်ပုံတင်ထားရုံမှုလွဲ၍ မည်သည့်စီးပွားရေး တစ်စုံတစ်ရာ လုပ်ကိုင်ခြင်း၊ မည်သူတစ်ဦးတစ်ယောက်ထံမှ ငွေကြေးတစ်စုံတစ်ရာရယူထားခြင်း၊ ရင်းနှီးငွေထည့်ဝင်ထားခြင်းများမရှိပါကြောင်းနှင့် s doi lar success resources Co.,Ltd နှင့် MCI (Michealagelo International Company Limited) တို့သည် လုပ်ငန်းချင်းသော်လည်းကောင်း၊ ငွေကြေးဆိုင်ရာသော်လည်းကောင်း၊ မည်သည့်အကြောင်းနှင့်မှ ဆက်နွယ်ပတ်သက်မှုမရှိပါကြောင်း MCI ကုမ္ပဏီနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးမဟုတ်ပါ။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏အမှုသည် ဒေါ်ယုယုခင်နှင့်ပတ်သက်၍ ဂုဏ်သိက္ခာထိခိုက်နစ်နာစေရန် Social Media များပေါ်၌သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းရှေ့မှောက်၌သော်လည်းကောင်း၊ ရေးသားပြောဆိုမှု ပြုလာမည်ဆိုပါက တည်ဆဲဥပဒေများအရ ထိရောက်စွာတရားစွဲဆိုသွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းချိုဦး (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၇၀)**
**(၈၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၇၃၀၃၆၁၃၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အင်းတိုင်ကျေးရွာ၊ အမှတ်(၅)တွင် တည်ထောင်ဖွင့်လှစ်ထားသည့် TOYA MYANMAR CO.,LTDသည် ၂၆-၁-၂၀၁၆ရက်မှစ၍ အစုရှယ်ယာအားဖြင့် ကန့်သတ်ထားသော ကုမ္ပဏီအဖြစ် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်၍ မှတ်ပုံတင်အမှတ်(၈၄၇/FC/၂၀၁၅-၁၆/(ရက))ဖြင့် တရားဝင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ထိုကုမ္ပဏီတွင် ကိုရီးယားလူမျိုး၊ MR.JUNG JUN HO (P P No.M-29415985) 158/483,Kwang Meyong,Dong Kwang Meyong Si,Gyonggi.Do,Koreaနေသူသည် စတင်တည်ထောင်စဉ်က အစုရှယ်ယာပါဝင်၍ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ရာမှ ၎င်း၏ကိုယ်ရေးကိုယ်တာကိစ္စများကြောင့် အစုရှယ်ယာများကို လွှဲပြောင်း၍ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်းပြုလုပ်ခဲ့ပြီးဖြစ်သောကြောင့် TOYA MYANMAR CO.,LTDတွင် MR. JUNG JUN HO သည် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါရှိခြင်းမရှိတော့ဘဲ၊ TOYA MYANMAR CO.,LTDနှင့် လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် TOYA MYANMAR CO.,LTDမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော TOYA MYANMARအထည်ချုပ်စက်ရုံလုပ်ငန်းများသည်လည်း MR. JUNG JUN HOနှင့် ပိုင်ရေးဆိုင်ခွင့်သော်လည်းကောင်း၊ စီမံခန့်ခွဲခွင့်သော်လည်းကောင်း၊ လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ထို့အပြင် MR. JUNG JUN HO၏ ငွေရေးကြေးရေးကိစ္စများ၊ ၎င်းနှင့်ပတ်သက်သော ကိုယ်ရေးကိုယ်တာလူမှုရေးကိစ္စများ၊ ၎င်းနှင့်ပတ်သက်သူများ၏ ကိစ္စအဝဝကို TOYA MYANMAR CO.,LTDအနေဖြင့်လည်းကောင်း၊ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအနေဖြင့်လည်းကောင်း၊ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ကုမ္ပဏီနှင့်သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

MR. JUNG JUN HOနှင့် ပတ်သက်၍ ကုမ္ပဏီသို့ဖြစ်စေ၊ ဒါရိုက်တာအဖွဲ့ဝင်များသို့ဖြစ်စေ ဂုဏ်သိက္ခာကျဆင်းစေရန် သို့တည်းမဟုတ် တစ်စုံတစ်ရာထိခိုက်နစ်နာစေရန် ဆောင်ရွက်မှုများ ပေါ်ပေါက်လာပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာဆောင်ရွက် အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**TOYA MYANMAR CO.,LTDဒါရိုက်တာအဖွဲ့ဝင်များ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးမင်းဝင်း(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၁၅)**
**အမှတ်(၇၉၂)၊ ပုလဲရတနာလမ်း၊ (စုပေါင်းရုံးနောက်)၊ မြို့မတိုးချဲ့(၈/၂)ရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း-၀၉-၄၅၀၀၁၂၁၉၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၁၁-ရပ်ကွက်၊ ၃၂-လမ်း၊ အမှတ်(၂၀၉)၊ ဒုတိယထပ်ပေ(၁၂ခွဲ×၅၀)(မျက်နှာမူ) ခြေရင်းခန်း(တော်ဝင်မြန်မာကန်ထရိုက်) မြို့တော်စည်ပင်သာယာရေးပိုင် အဆောက်အအုံကို အမည်ပေါက် (ဦးစိန်လှိုင်)၏ဇနီး(ဒေါ်သီတာ)[၁၄/ပဘတ(နိုင်)၀၁၂၇၄၆]ဆီမှ ဝယ်ယူထားသော အကျိုးခံစားခွင့်အရပ်ရပ်ကို ယခုလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်သူဇာညွန့်[၁၄/ပတန(နိုင်)၀၀၂၇၈၀]ထံမှ ကျွန်ုပ်ကစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်မေလွင်**
**ဖုန်း-၀၉-၉၇၂၇၁၂၄၆၆**

**သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရှေ့ တိုက် ကို စိုး**

THANLWIN
EDUCATION SERVICE

# Thanlwin Education Services Co.,Ltd.

## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သံလွင်ပညာရေး ဝန်ဆောင်မှုလုပ်ငန်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော သံလွင်ပုဂ္ဂလိကအထက်တန်းကျောင်းကို (၂၀၁၇-၂၀၁၈)ပညာသင်နှစ်၊ (၁-၆-၂၀၁၇)ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။

၂။ ယခုအခါ သံလွင်ပုဂ္ဂလိကအထက်တန်းကျောင်း၏ (၂၀၁၉-၂၀၂၀)ပညာသင်နှစ်အတွက် လိုအပ်လျက်ရှိသော သင်ကြားရေးဝန်ထမ်းများအား ခန့်အပ်သွားမည်ဖြစ်ပါသည်။လိုအပ်လျက်ရှိသော ရာထူးနှင့် ပညာအရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) အထက်တန်းဘာသာရပ်ပြဆရာ / ဆရာမ** **ကျား / မ (၆)ဦး**
**အခြေခံလစာ(၅.၅)သိန်း**

**လျှောက်ထားနိုင်သည့်ဘာသာရပ်များ**

(၁) အင်္ဂလိပ်စာ (၂) သင်္ချာ (၃) ဓါတုဗေဒ
(၄) ရူပဗေဒ (၅) ဇီဝဗေဒ (၆) ဘောဂဗေဒ

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၃၀)နှစ်မှ (၄၅)နှစ်ကြားဖြစ်ရမည်။
(၂) ပညာရေးဘွဲ့/သင်ကြားရမည့် ဘာသာရပ်နှင့်ကိုက်ညီသော သက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်ဘွဲ့/မဟာဘွဲ့နှင့် အထက်ရရှိပြီးသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS (6.0) ရရှိသူများ (သို့မဟုတ်) ၄င်းအဆင့်နှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။
(၄) သက်ဆိုင်ရာဘာသာပြလုပ်သက် အနည်းဆုံး(၄)နှစ်ရှိရမည်။
(၅) ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။

**(ခ) အလယ်တန်းဘာသာရပ်ပြဆရာ / ဆရာမ** **ကျား / မ (၇)ဦး**
**အခြေခံလစာ(၄.၅)သိန်း**

**လျှောက်ထားနိုင်သည့်ဘာသာရပ်များ**

(၁) မြန်မာစာ (၂) အင်္ဂလိပ်စာ (၃) သင်္ချာ
(၄) ပထဝီဝင် (၅) သမိုင်း

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၃၀)နှစ်မှ (၄၀)နှစ်ကြားဖြစ်ရမည်။
(၂) ပညာရေးဘွဲ့/ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဆရာအတတ်သင်ပညာဒီပလိုမာ (သို့မဟုတ်) လက်မှတ်ရရှိပြီးသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS (6.0) ရရှိသူများ (သို့မဟုတ်) ၄င်းအဆင့်နှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။
(၄) သက်ဆိုင်ရာဘာသာပြလုပ်သက် အနည်းဆုံး(၄)နှစ်ရှိရမည်။
(၅) ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။

**(ဂ) မူလတန်းပြ(အငယ်တန်း)** **ကျား / မ (၇)ဦး**
**အခြေခံလစာ(၄)သိန်း**

**လျှောက်ထားနိုင်သည့်ဘာသာရပ်များ**

(၁) မြန်မာစာ (၂) အင်္ဂလိပ်စာ (၃) သင်္ချာ
(၄) သိပ္ပံ (၅) လူမှုရေး(ပထဝီ၊ သမိုင်း)

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၂၅)နှစ်မှ (၃၅)နှစ်ကြားဖြစ်ရမည်။
(၂) ဘွဲ့တစ်ခုခုရရှိပြီး တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများတွင်ဖြစ်စေ၊ နိုင်ငံတော်မှ ခွင့်ပြုထားသော ဘာသာရပ်ဆရာအဖြစ်ဖြစ်စေ အနည်းဆုံး(၅)နှစ်သင်ကြားရေး အတွေ့အကြုံရှိသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS (5.0) ရရှိသူများ (သို့မဟုတ်) ၄င်းအဆင့်နှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။
(၄) ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။

**(ဃ) သင်ကြားရေးအကူ** **ကျား / မ (၅)ဦး**
**အခြေခံလစာ(၂.၅)သိန်း**

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၃၀)နှစ်နှင့် အောက်ဖြစ်ရမည်။
(၂) ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
(၃) English 4 Skills အသင့်အတင့်ရှိရမည်။
(၄) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်ထားသော ECCD လက်မှတ်ရရှိထားပြီး ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းခွင်အတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။

**(င) ထပ်ဆောင်းသင်ရိုး(ပန်းချီ) ဆရာ / ဆရာမ** **ကျား(၂)ဦး**
**အခြေခံလစာ(၃.၅)သိန်း**

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၃၅)နှစ်နှင့်အောက်ဖြစ်ရမည်။
(၂) ယဉ်ကျေးမှုတက္ကသိုလ်မှ ပန်းချီဖြင့်ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(၃) သက်ဆိုင်ရာဘာသာရပ်အတွက် လုပ်သက်(၁)နှစ်နှင့်အထက်ရှိရမည်။

**(စ) ထပ်ဆောင်းသင်ရိုး(Computer Assistant)** **မ(၁)ဦး**
**အခြေခံလစာ(၂.၅)သိန်း**

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၃၀)နှစ်နှင့်အထက်ဖြစ်ရမည်။
(၂) ကွန်ပျူတာတက္ကသိုလ်မှ ဘွဲ့ရရှိသူ ဖြစ်ရမည်။
(၃) သက်ဆိုင်ရာရာထူးအတွက် လုပ်သက်အနည်းဆုံး(၂)နှစ်ရှိရမည်။

၃။ လျှောက်ထားသူများအနေဖြင့် အထက်ဖော်ပြပါ ရာထူး(၆)မျိုးအနက် တစ်မျိုးတည်းသာ လျှောက်ထားခွင့်ရှိမည်ဖြစ်ပြီး တစ်မျိုးထက် ပိုမိုလျှောက်ထားပါက ထည့်သွင်းစဉ်းစားသွားမည် မဟုတ်ပါ။

၄။ အဆိုပါရာထူးများအားလုံးအတွက် လျှောက်ထားရာတွင် www.thanlwinprivateschool.com မှ Applicant's Informations Form (လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်ပုံစံ)အား ရယူပြီး အချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖြည့်သွင်း၍ (၂၁-၁-၂၀၁၉) ရက်နေ့မှစပြီး အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားရမည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာ (လျှောက်ထားသည့်ရာထူး၊ဘာသာရပ်တို့အား တိတိကျကျဖော်ပြပေးထားရမည်။)
(ခ) ကိုယ်ရေးအချက်အလက် (CV Form) အပြည့်အစုံ (ဓါတ်ပုံကပ်ပြီး)။
(ဂ) ပတ်စပို့ဆိုဒ်ဓါတ်ပုံ(၃)ပုံ (နောက်ခံအပြာရောင်)။
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မူရင်းတင်ပြရမည်)။
(င) ဘွဲ့လက်မှတ်မိတ္တူ (မူရင်းတင်ပြရမည်)။
(စ) အခြားပညာအရည်အချင်းလက်မှတ် မိတ္တူ (မူရင်းတင်ပြရမည်)။
(ဆ) လွန်ခဲ့သော (၃)လအတွင်း ပြုလုပ်ထားသည့် ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမူရင်း။
(ဇ) အလုပ်သမားမှတ်ပုံတင်(လေဘာ) မိတ္တူ။
(ဈ) အိမ်ထောင်စုစာရင်းမိတ္တူ။
(ည) Recommendation Letter။

၅။ လျှောက်ထားသူများအနေဖြင့် လျှောက်လွှာများအား (၄-၂-၂၀၁၉) ရက်နေ့ နောက်ဆုံးထား၍ သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ အမှတ်(၂၀၃)၊ (၅)လမ်းနှင့် (၆)လမ်းကြား၊ ကုံကော်အိမ်ယာ(၂)၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်သို့ အထက်အပိုဒ်(၄)ပါ စာရွက်စာတမ်းများနှင့်အတူနေ့စဉ် နံနက် (၉:၀၀)နာရီ မှ ညနေ (၄:၃၀)နာရီ အတွင်း လူကိုယ်တိုင်သော်လည်းကောင်း ၊ hr@thanlwinprivateschool.com သို့ e-mail ပို့၍သော်လည်းကောင်း လျှောက်ထားနိုင်ပါသည်။

၆။ ပြည့်စုံမှုမရှိသောလျှောက်လွှာများနှင့် သတ်မှတ်ရက်ထက်နောက်ကျပြီးမှ ရောက်ရှိလာသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားသွားမည်မဟုတ်ပါ။

၇။ အပိုဒ်(၂)၊ (က)မှ (ဃ) အထိ လျှောက်ထားသူများအား ပထမအကြိမ် ရေးဖြေစစ်ဆေးခြင်းများအတွက် အောက်ဖော်ပြပါ ဘာသာရပ်များအား (၁)နာရီမေးခွန်းဖြေဆိုသွားရမည်ဖြစ်သည်-

(က) မြန်မာစာ (ခ) အင်္ဂလိပ်စာ (ဂ) သင်္ချာ
(ဃ) လျှောက်ထားသည့်ဘာသာ(အထက်တန်းပြများသာ)

၈။ အထက်ဖော်ပြပါ ဘာသာရပ်များအပြင် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ စစ်ဆေးသော စိတ်အခြေအနေ(ရေး/ဖြေ)စစ်ဆေးခြင်းကို ခံယူရမည်။

၉။ ရေးဖြေစာမေးပွဲကျင်းပမည့်ရက်များအား ထပ်မံအကြောင်းကြားပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်အား မှတ်ပုံတင်(မူရင်း)နှင့်အတူ လူကိုယ်တိုင်လာရောက်ထုတ်ယူရမည်။

၁၀။ ရေးဖြေအောင်မြင်ပြီးသူများ ဒုတိယအကြိမ်စစ်ဆေးခြင်းအား အောက်ဖော်ပြပါအတိုင်း ပြုလုပ်သွားမည်-

(က) လက်တွေ့သင်ကြားပြသမှု စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း။
(ခ) ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာနမှ စိတ်အခြေအနေ(လူတွေ့) စစ်ဆေးခြင်း။

၁၁။ ဒုတိယအကြိမ် စစ်ဆေးအောင်မြင်သူများအနေဖြင့် သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်းကဖွင့်လှစ်သင်ကြားသွားမည့် Professional Development Course for Teacher သင်တန်းတွင် သင်တန်းသား (Trainee)အနေဖြင့် တက်ရောက်သွားရမည်ဖြစ်သည်။

၁၂။ အသေးစိတ်သိရှိလိုပါက သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း (မင်္ဂလာဒုံ)ဝန်ထမ်းရေးရာ ဌာန ၀၉ -၉၅၂၂၄၂၄၂၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း**


Gakken Classroom
Maths in English
Enroll Now!
လူဦးရေအကန့်အသတ်ရှိလို့ အခုပဲစာရင်းသွင်းလိုက်ကြရအောင်
Special Summer Campaign
Summer Start Course
3 Months Package (Maths in English)
Start Month Feb / Mar
Application Closing Date 16th Feb, 2019
Course Fee 220,000ks 180,000ks
Registration Fee 20,000ks FREE
Grade KG - Grade 2 students
*This is the course for those who start the regular course for the first time
Contents 2 times Diagnostic Test, 28 times classwork, Daily Homework
Special Gifts
Become a regular member and get special gifts!
1 Gakken Classroom Bag + 2 Gakken Original Stamp Set + 3 Two Original Plastic File
4 +PLUS Free Registration
*Gakken Original Stamp Set will be provided in June
Summer Limited Course
2.5 Months Package (Maths in English)
Start Month Feb / Mar
Application Closing Date 15th Mar, 2019
Grade KG - Grade 2
Course Fee 170,000k 150,000ks
Contents 26 Times Class(24times classwork, Daily Homework and 2 times Diagnostic Test)
Nay Pyi Taw
Ottarathiri Centre
Pobbha Thiri Nay Pyi Taw Centre
Nay Pyi Taw Zabuthiri Centre
Yangon
Golden Valley Centre
38th Street Centre
Waizayantar Centre
Khine Shwe War Centre
Yankin Centre
Junction Square Centre
Myanmar Gone Young Centre
51st Street Centre
FMI City Centre
Bagaya Centre
Hlaing -Than Lan Centre
Mingalardon Khayaypin Junction Centre
Thinwin North Dagon Centre
Shwe Pin Lon Centre
Lamadaw Centre
Mandalay & Pyin Oo Lwin
Yadanar Mandalay Centre
82 & 20 Corner Centre
Pyin Oo Lwin Ruby Mart Centre
Shwe Phyu Plaza Centre
Myothit Mandalay Centre
Bagan
Bagan-Nyaung Oo Centre
Lashio
Block-7 Zayar Street Lashio Centre
Pyay
Pyiyadana Pyay Centre
Taunggyi
Taunggyi Yea Aye Kwin Centre
Taunggyi U Gyi Kham Centre
Pathein
Pathein Aung Yadanar Centre
Bago
Bago Zaypaing Centre
Shwe Bo
Shwe Bo Centre
Shwebo
Lashio
Mandalay
Bagan
Taunggyi
Nay Pyi Taw
Pyay
Bago
Pathein
Yangon
Gakken Ace Education Co., Ltd.
Address: Beside Junction Square, No(8), 2nd Floor, Kamayut Township,Yangon.
Find us on Facebook
Gakken Classroom Myanmar
09-424264642
09-424264643
Fundamental Academic Abilities & Logical Thinking Skills
Gakken
Maths/Programming

# ပြည်သူများ လုံခြုံရေးကို ထိပါးနှောင့်ယှက်မှုမှန်သမျှအား ထိရောက်သော ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေး ဆောင်ရွက်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၉**

နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် သတင်းထောက်များလက်ဖက်ရည်ဝိုင်းတွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် Press Room ၌ ကျင်းပသည်။

**ကာကွယ်စောင့်ရှောက်**

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း။

မကြာသေးမီက အေအေသောင်းကျန်းသူအဖွဲ့က နယ်ခြားစောင့်ရဲတပ်ဖွဲ့၏ စခန်းများကို တိုက်ခိုက်ခဲ့ခြင်းသည် နိုင်ငံတော်အစိုးရက အထူးအလေးထား ဆောင်ရွက်လျက်ရှိသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် များစွာထိခိုက်စေပါကြောင်း။

နိုင်ငံတော်အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးကို တပ်မတော်က တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်နှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ထိပါးနှောင့်ယှက်လာသည့်

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳**



ရတနာပုံအသင်းတိုက်စစ်ကို ရှမ်းယူနိုက်တက်ဂိုးသမား ဘုန်းသစ္စာမင်းနှင့် နောက်ခံလူများ ကာကွယ်နေစဉ်။

# ရတနာပုံနှင့် ရှမ်းယူနိုက်တက် နှစ်ပွဲဆက်သရေကျ ဇွဲကပင်နှင့် ရခိုင်အသင်း ပထမဆုံးနိုင်ပွဲရရှိ

ရန်ကုန် ဇန်နဝါရီ ၁၉

**၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရခိုင်နှင့် ဇွဲကပင်အသင်း နိုင်ပွဲရယူနိုင်ခဲ့ပြီး ရတနာပုံနှင့် ရှမ်းယူနိုက်တက်အသင်း သရေကျခဲ့သည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ◯


# မောင်တောမြို့နယ်၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များလိုက်ပါလာသော မော်တော်ယာဉ်အား ARSA အကြမ်းဖက်အဖွဲ့က ချောင်းမြောင်းပစ်ခတ်၊ ခြောက်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များလိုက်ပါလာသော မော်တော်ယာဉ်အား ARSA အကြမ်းဖက်အဖွဲ့က ဇန်နဝါရီ ၁၆ ရက် မွန်းလွဲပိုင်းက လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်သဖြင့် ရဲတပ်ဖွဲ့ဝင် ခြောက်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❂**

**နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ARSA အကြမ်းဖက်အဖွဲ့နှင့် AA သောင်းကျန်းသူအဖွဲ့မှ တိုက်ခိုက်ခံရမှုဖြစ်စဉ် အခြေပြမြေပုံ**





Created by Universal Document Converter



ဝတ္ထုတို

## ခက်မာန်သွေး(တပ်ကုန်း)



### အခန်း(၁)

"ကျေးရွာဥက္ကဌအလုပ်ဆိုတာက ငါထင်ထားသလို မလွယ်ပါလား" ကိုငြိမ်းမောင် ဤကဲ့သို့ ညည်းမိသည်။

ဥက္ကဌအလုပ်ဟူသည်က ရပ်ရေးရွာရေး ကောင်းစားရေးအတွက် ဦးဆောင်လုပ်ရမယ့်သူလို့ပဲ တွေးထင်ခဲ့တာ။ ဟိုအရင်က လူတွေလည်း ရပ်ရွာကောင်းကျိုး ဘာမှမလုပ်နိုင်ခဲ့ကြဘူးလို့လည်း အပြစ်တင်ခဲ့လိုက်သေးတာ။ သူသာ ဥက္ကဌဖြစ်ရင် ကိုယ့်ရပ်ကိုယ့်ရွာအတွက် သူစွမ်းသမျှ အစွမ်းကုန်ပေးဆပ်မယ်လို့ အားခဲထားခဲ့တာ၊ သူ့စေတနာအရင်းခံ ရည်ရွယ်ချက်ကောင်းမွန်မှုကြောင့်လို့ပဲ ဆိုရမလား။ သူ့ရဲ့နေပုံထိုင်ပုံ ပညာအရည်အချင်း စတဲ့အချက်အတော်များများနဲ့ ပြည့်စုံကောင်းမွန်နေသူဖြစ်သည်ကတစ်ကြောင်း၊ ဆွေမျိုးသားချင်းတောင့်တင်းတာက တစ်ကြောင်း၊ ထိုအကြောင်းများစွာကြောင့် သူအုပ်ချုပ်ရေးမှူးအဖြစ် တင်မြှောက်ခံထားရသူ ဖြစ်သည်။ ဥက္ကဌဖြစ်ခါစက ကျေးလက်တိုးတက်ဖို့ ဘယ်သို့စီမံမည်၊ မည်သို့ဆောင်ရွက်မည် စသည်ဖြင့် ကြွေးကြော်ထားခဲ့တဲ့ ကိုငြိမ်းမောင် အခု သူထင်သလိုတော့ မစွမ်းဆောင်နိုင်သေးပေ။

တစ်နေ့တစ်နေ့ လင်မယားရန်ဖြစ်လို့၊ ကလေးချင်းရန်ဖြစ်လို့၊ ညီအစ်ကိုချင်း မှုံးပြီးရန်ဖြစ်တဲ့ ပြဿနာ၊ လယ်ထဲ ရေခိုးသွင်းလို့ဖြစ်တဲ့ ပြဿနာ၊ စပါးခင်းထဲ နွားဝင်စားတဲ့ ပြဿနာ၊ ဘယ်သူနဲ့ ဘယ်သူ စသည့်စသည့် ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ဒိုင်ခံဖြေရှင်းပေးနေရတာပဲရှိသည်။

တစ်ခါတစ်ရံ တောင်ကျောင်းဘုန်းကြီးနဲ့ မြောက်ကျောင်းဘုန်းကြီး ဘယ်ဘုန်းကြီးက တန်ခိုးပိုကြီးတယ်ဆိုပြီးတောင် ရန်ဖြစ်ကြတဲ့ ဒီရွာသားတွေရဲ့ ပြဿနာက မသေးလှပေ။ ဒါကြောင့် အပူသည်ပေါင်းစုံကို အိမ်ဝယ်လက်ခံဖြေရှင်းပေးတဲ့ အလုပ်ဖြစ်နေပြီလို့ တွေးမိပြီး "ငါထင်ထားသလို မလွယ်ပါလားနော်"လို့ ညည်းမိခြင်းဖြစ်သည်။

အဲဒီ ညည်းမိသံကို ကြားသွားတဲ့ မိခင် ဒေါ်ခင်မေက ရေနွေးအိုးလေး ကိုင်လာရင်း

"ဘာ အခုမှ မလွယ်ပါဘူးလဲ၊ အခုမှ ညည်းမနေနဲ့၊ နင့်အဘိုးက ငါ့မြေးရယ် ရွာထဲကလူတွေ မြှောက်ပေးတိုင်း ဒီအလုပ်ကို မလုပ်ချင်စမ်းပါနဲ့၊ အဲဒီအလုပ်က မီးပုံ နှစ်ပုံကြားမှာ နေရသလိုပဲကွဲ့။ ကိုယ့်အယူအဆနဲ့ကို မှန်တယ်ထင်တဲ့ သူတွေရဲ့ကြားကနေ အမှားအမှန် ဖြေရှင်းပေးရတာ မလွယ်ဘူး။ လူမုန်းများတယ်လို့ အတန်တန်တားတုန်းက တားရခဲ့လို့လား ဟင် ဘယ့်နှယ်ရှိစ" လို့ ဒေါ်ခင်မေက သူ့သားတော်မောင် အုပ်ချုပ်ရေးမှူးကြီးကို ဆူလေသည်။

### အခန်း(၂)

ဟိုအရင်တစ်ပတ်ကလည်း ရွာက ကာလသားတွေ ရန်ဖြစ်လို့ဆိုပြီး သူ့ဆီ လာတိုင်ကြတယ်။ ဖြစ်ပုံကဒီလို လူငယ်တွေက ကျေးရွာဘောလုံးပွဲလုပ်မယ်ဆိုပြီး ရွာထဲမှာပဲဆိုင်းဘုတ်တွေထောင်တယ်။ အချင်းချင်းလူတွေစု အသင်းတွေခွဲတယ်။ သူတို့ကြည့်နေတဲ့ ပရီမီယာလိဂ်ဆိုလားပဲ အဲဒီထဲမှာကန်ကြတဲ့ အသင်းနာမည်တွေနဲ့ ဘာတဲ့ အာဆင်နယ် အသင်းတွေရော၊ မန်ယူတွေ၊ လီဗာပူးလ်တွေရော အဟုတ်ပဲဗျ။ အံမယ် နွားပွဲစား ဦးမြင့်ဦးကတောင် ချယ်လ်ဆီးဆိုတဲ့အသင်းက ကောင်လေးတွေကို စပွန်ဆာပေးသေးတယ် ဆိုပဲ။ ဒါတွေကို အရင်က ကိုငြိမ်းမောင်က မသိရဘူး။ ပထမပွဲတွေတုန်းက ဟုတ်တိပတ်တိပဲ။ ပေးလားဝါးလားနဲ့ ရွာထဲက စာသင်ကျောင်းဝိုင်းလေးထဲ ညနေဆို စည်ကားနေတာ။ ဟောအခု သူတို့ဘောလုံးပွဲရဲ့ တတိယလုပ်ပွဲကန်ချိန်ကျမှ ဒိုင်ကညစ်တယ်၊ ဘက်လိုက်တယ်ဆိုပြီး ပွဲအပြီးမှာမှ ရှုံးတဲ့အသင်းဘက်က တစ်ယောက်က ဒိုင်လုပ်တဲ့သူကို ရန်ရှာတယ်တဲ့။ ဒိုင်ကိုထိတော့ နိုင်တဲ့ဘက်ကသူတွေကလည်း ဒိုင်ဘက်ကနေ ပြန်ခုခံပေးကြတယ်။ အဲတာနဲ့ပဲ ရန်ဖြစ်လိုက်ကြတာ။ နဖူးကွဲတဲ့ကောင်ရော၊ ဒူးကွဲတဲ့ကောင်ရော အဲဒါ မကျေနပ်တဲ့ဘက်က လာတိုင်တာတဲ့၊ ဘယ်ဘက်က မကျေနပ်ကြတာလဲဆိုတော့လည်း ကြည့်အုံး နှစ်ဦးနှစ်ဖက်လုံးက မကျေနပ်နိုင်ဘူးတဲ့။ တစ်ယောက်တစ်မျိုး လာပြောနေကြတာ နှစ်ဖက်အသင်းဆိုတော့ လူတွေကများတယ်။ ဒီကြားထဲ ပွဲကိုမကြည့်ဘဲ တောထဲကပြန်လာတဲ့ ဦးသာဒင်ကလည်း သူ့တူခံရလို့ဆိုပြီး ဓားကြီးဆွဲပြီး လူကြီးအိမ်ထဲ ပြေးဝင်လာပြီး ဘယ်ကောင်တုန်း ငါ့တူကို ထိတဲ့အကောင်ဆိုပြီး ဘီလူးဝင်ပူးလာသလိုလုပ်လာလို့ ရုတ်ရုတ်သဲသဲဖြစ်သွားရသေးတယ်။ တော်သေးတယ် လူအုပ်က ဝိုင်းဆွဲထားနိုင်လို့ မဟုတ်ရင် ဥက္ကဌတောင် ဆွဲရိုက်ရင်ရိုက်နေဦးမယ့် စတိုင်။

ရုတ်တရက်ကြီးဆိုတော့ ကိုငြိမ်းမောင် ဘာလုပ်ရမည်မသိဖြစ်သွားတယ်။ ဘောလုံးကန်တုန်းက လူကြီးဆီ ခွင့်လာမတောင်းကြဘူး။ ရန်ဖြစ်တော့မှ လူကြီးကို လာဖြေရှင်းခိုင်းတယ်ဆိုတော့လည်း အခက်သား။ ကိုငြိမ်းမောင် တွေတွေကြီးထိုင်နေရင်း ဘာမှမပြောသေးဘူး။ လူတွေလည်း ငြိမ်သွားတယ်။ ခဏလောက်နေတော့ သတိဝင်လာသလိုဖြစ်ပြီး ချောင်းဟန့်လိုက်တယ် "အဟမ်း အဟမ်း" ရွာသားတွေက နားစွင့်ထောင်နေကြပြီ။ ဥက္ကဌ ဘာပြောမလဲ ဘယ်လိုဆုံးဖြတ်မလဲပေါ့။ "ခင်ဗျားတို့ကို ကျွန်တော်ပြောမယ်။ ဒီကနေ့ ဘောလုံးပွဲမှာ ရန်ဖြစ်တဲ့သူတွေနဲ့ ထိခိုက်တဲ့လူတွေပဲ ဒီမှာ ကျန်ခဲ့ကြ ကျန်တဲ့လူတွေအကုန်ပြန်ကြပါ။ အားလုံးအဆင်ပြေအောင် ညှိနှိုင်းပေးလိုက်မယ်။ စိတ်ချလက်ချ ပြန်ကြ ဟုတ်ပြီလား" ပြောပြီး လူအုပ်ကိုကြည့်လိုက်တော့ ဘာမှတ်ချက်မှပြန်မပြောကြ။ မပြန်ချင်ဘူးဆိုတဲ့သဘော။

"ဒီလိုဗျာ ခင်ဗျားတို့ ဘောလုံးပွဲကို ကျူပ်လည်း လာမကြည့်မိဘူး။ ရန်ဖြစ်တာလည်း မသိလိုက်ဘူးဆိုတော့ အခု ရန်ဖြစ်တဲ့မင်းတို့ နှစ်ဦးနှစ်ဖက်လုံးကလည်း ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ် ဝန်မခံကြဘူး။ ဒီတော့ ဒီကိစ္စကို ကူဖြေရှင်းပေးမယ့် ပုဂ္ဂိုလ်တစ်ဦးကို ကျူပ်ပင့်ရမယ်။ သူက အခြားသူမဟုတ်ဖူး။ ခင်များတို့ ကျူပ်တို့ကိုးကွယ်နေတဲ့ ရွာဦးကဘုန်းကြီးပဲ။ ကဲကဲ ခင်ဗျားတို့ မပြန်ချင်ကြဘူးဆိုရင်လည်း ဒီကစောင့်နေကြပေါ့။ ကျူပ် ဆရာတော်သွားပင့်လိုက်ဦးမယ်" လို့လည်း ပြောရော လူအုပ်ကြီး ဟာ ဟင် တွေ ဖြစ်ကုန်တယ်။

ခဏလောက်ကြာတော့ တစ်ယောက်မှ မကျန်တော့ဘူး။ ဘယ်ကျန်တော့မလဲ ရွာဦးကျောင်းဆရာတော်ရဲ့ တရားရှည်တာကို သူတို့ ကြာကြာမနာချင်ကြဘူး။ သူတို့က ရန်ဖြစ်ဖို့သာ ဝန်မလေးတာ တရားနာရမှာကို ငရဲကျရမှာထက် ကြောက်တဲ့သူတွေ၊ ဒါကို သိထားလို့လည်း ကိုငြိမ်းမောင်က ပြောလိုက်တာ။ လူအုပ်ကြီးမရှိတော့မှဘဲ ကိုငြိမ်းမောင် အသက်ဝဝရှူရသလို ခံစားလိုက်ရတယ်။ ဒါကတစ်မျိုးပေါ့။

### အခန်း(၃)

ကိုငြိမ်းမောင် အိမ်မှာ ရေနွေးလေးသောက်ရင်း တရားစာအုပ်လေးဖတ်နေတုန်း

"ကယ်ကြပါဦးရှင် ကယ်ကြပါဦး မောင်ငြိမ်းမောင်ရယ်" ဖြူဖွေးနေတဲ့ဆံပင်တွေ ဖရိုဖရဲနဲ့ ငိုရင်းယိုရင်း ပြေးရင်း လွှားရင်းနဲ့ အရီးမြအိမ်ထဲသို့ရောက်လာတယ်။ "အရီးမြ အရီးမြ ဘာတွေဘယ်လိုဖြစ်တာတုန်း ဖြေးဖြေးလုပ်ပါ။ ကဲ ပြော ဘာကူညီပေးရမလဲ။ ဘာမှမပူနဲ့နော်" ကိုငြိမ်းမောင်က မေး၏။

အရီးမြက အခုမှ သတိဝင်လာသလိုဖြစ်ပြီး အကျိုးအကြောင်းရှင်းပြသည်။ အရီးမြက စကားကို ရှည်လျားစွာရှင်းပြနေသည်။ အသက်ကြီးသူမို့ထင်ပ။ လိုရင်းကို တော်တော်နဲ့ မရောက်ဖူး။ ယခုကိစ္စနဲ့ မဆိုင်တာတွေကို ပယ် ဆိုင်တာတွေကို မှတ်ထားရမယ်။ ဒါမှ သူဘာလုပ်ရမယ်ဆိုတာကို ဆုံးဖြတ်လို့ရမှာ မဟုတ်လား။

ဖြစ်ပုံက ဒီလို။ အရီးမြရဲ့ သားက မောင်ငြိမ်းမောင်ရဲ့သူငယ်ချင်း စိုးမောင်ပေါ့။ အဲကောင် ဂြိုလ်မွှေနေတာ အရီးမြမှာ သားသုံးယောက်ရှိတာ။ စိုးမောင်က အလတ်ကောင်၊ အကြီးဆုံးနဲ့ အငယ်ဆုံး၊ သားနှစ်ယောက်က ဘွဲ့တစ်ခုစီရပြီး မြို့ပေါ်မှာ အလုပ်သွားလုပ်ရင်း အိမ်ထောင်ကိုယ်စီကျကုန်ပြီလေ။ သူတို့အတွက် ဘာမှ မပူပင်ရဘူး။ အိမ်မှကျန်နေတဲ့ အလတ်ကောင် စိုးမောင်က ဆယ်တန်းသုံးခါကျလို့ ကျောင်းထုတ်ထားရတဲ့ကောင်။ ငြိမ်းမောင်နဲ့ အတန်းတူ။ ငြိမ်းမောင်တို့ ဆယ်တန်းအောင်တုန်းက စိုးမောင်က ကျခဲ့တာ။ နောက် နှစ်နှစ်လောက်ပြန်ဖြေတာကို မအောင်ဘူး။ အလုပ်မရှိတဲ့ စိုးမောင်က ရွာရိုးကိုးပေါက်လျှောက်လည်ပြီးဖဲရိုက်၊ ကြက်တိုက်နဲ့ အရက်သမားဖြစ်လို့နေတာကြာပြီ။ မနက်မိုးလင်းတာနဲ့ "အမေ့ အရက်ဖိုးပေး"ဆိုပြီး အိမ်ကထွက်သွားပြီ။ ညနေ နေဝင်တာနဲ့ မူးပြီး ပြန်လာပြီ သူစားဖို့ ထမင်းအသင့် ခူးထားပေးရတာ။

ဒီနေ့ကျတော့ မနက်အစောကြီးရှိသေးတယ် စိုးမောင်မူးပြီး သောင်းကျန်းနေတယ် အမေ့ခွဲပေးရမယ်တဲ့။ အမေ့မခွဲပေးရင် အိမ်ကို မီးရှို့မှာတဲ့။ အဲဒါ အရီးမြ သူ့သားကို သူမနိုင်တော့ဘူး။ မောင်ငြိမ်းမောင်ဆီ ငိုယိုလာတိုင်ပြီး အကူအညီတောင်းတာ။

မောင်ငြိမ်းမောင် အစတော့ ဘာလုပ်ရမယ် မသိသေးဘူး။ ရပ်မိရပ်ဖတွေနဲ့ တိုင်ပင်ပြီး ဆုံးဖြတ်ကြတယ်။ ဘေးပတ်ဝန်းကျင်ကလည်း မီးကိစ္စဆိုတော့ စိတ်ပူကြတယ်။ ဒီတော့ အရီးမြကို ပြောပြပြီး စိုးမောင်ကို အချုပ်ခန်းထဲ တစ်ညလောက် သိပ်လိုက်ဖို့ လုပ်ကြတယ်ပေ့ါ။ အရီးမြကလည်း မိဘကို စိတ်ဆင်းရဲအောင် ခဏခဏ လုပ်တဲ့သား မှတ်လောက်အောင် ထားလိုက်ပါဆိုပြီး သဘောတူတယ်။

ဆိုကြပါစို့ဗျာ မြို့က ရဲနှစ်ယောက်လာပြီး စိုးမောင်ကို မူးဆူမှုနဲ့ ဖမ်းဖို့လာတယ်။ အရီးမြက အိမ်ခြံဝအထိ ဖမ်းသွားတဲ့စိုးမောင်ကို "လိုက်သွား၊ မိဘကို စိတ်ဆင်းရဲအောင်လုပ်တဲ့သား သွား မှတ်လောက်သားလောက်အောင် အချုပ်ခန်းထဲသွားနေ သွား"ဆိုပြီး ငိုလိုက်ပြောလိုက်နဲ့ လုပ်နေသေးတယ်။ စိုးမောင်က ငြိမ်းမောင်ကို စိတ်ဆိုးဆိုးနဲ့ ငါကိုင်တုတ်ဆဲလိုက်တာမှ စုံလို့။ သူငယ်ချင်း အချင်းချင်း ဥက္ကဌဖြစ်သွားမှ လုပ်ရက်တယ်လေး ဘာလေးနဲ့လည်း ပြောသေးတယ်။ အဲ ပြန်လာရင် ငါ့အကြောင်းသိမယ်တဲ့။ ကျိန်းသွားတာ ကိုငြိမ်းမောင်ကတော့ အရီးမြနဲ့ ရွာသားတွေ စိတ်ချမ်းသာဖို့အရေးကြီးပါတယ်ဆိုပြီး ငြိမ်နေလိုက်တယ်။

ညနေ နေလည်းစောင်းရော စိုးမောင်ရဲ့ အစ်ကိုနှစ်ယောက်နဲ့ အရီးမြတို့ သားအမိတွေရောက်လာတယ်။ အရီးမြက ထုံးစံအတိုင်းပဲ ငိုလို့။ ကိုငြိမ်းမောင် စိတ်ပူရပြန်တယ်။ ဘာဖြစ်လာကြပြန်တာတုန်းမေးတော့ အရီးမြက မျက်ရည်လေးကို တဘက်လေးဖြင့်သုတ်ရင်း

"အဟင့် အဟင့် မောင်ငြိမ်းမောင်ရယ် အဟင့် အဟင့်" ပြောဖို့ အားယူနေဟန်လုပ်နေပြန်တယ်။ "ပြောပါ အရီးမြ အခု ဘာထပ်ပြီး အရီးမြသားတွေက အရီးကို စိတ်ဆင်းရဲအောင် လုပ်ပြန်ပြီလဲ"။ "အခုသားတွေက ဘာမှမဖြစ်ပါဘူးကွယ်။ ဟိုဟို စိုးမောင် ကိစ္စပါပဲ"။ "စိုးမောင်က အချုပ်ခန်းထဲမှာလေ။ အရီးမြ ဘာမှ မပူနေနဲ့။ ဒီကောင် အခုလောက်ဆို နောင်တရနေမှာပါ"ကိုငြိမ်းမောင်ကပြောတော့ အရီးမြအော်ငိုပြန်တယ်။

"အမယ်လေး မောင်ငြိမ်းမောင်ရယ်။ အခုလောက်ဆို အရီးသားလေး ခြင်တွေကိုက် ဘာတွေကိုက်နဲ့ ဒုက္ခရောက်နေမှာ တွေးမိပြီး တစ်နေကုန်လုံး အရီးမြ စိတ်ဆင်းရဲနေရတယ်။ အရီးမြ သားလေးကို အချုပ်ခန်းထဲနေ ပြန်ထုတ်ပေးပါလားကွယ်။ သူတောင်းတဲ့ အမွေကိုလည်း ခွဲပေးဖို့ အကြီးကောင်နဲ့ အငယ်ကောင်ကို ဖုန်းဆက်ခေါ်လာတာပါ။ အဲဒါလေး ကူညီပေးပါကွယ်နော် အဟင့် အဟင့်"။ ကိုငြိမ်းမောင် ဘာပြန်ပြောရမယ် မသိဖြစ်သွားတယ်။ သက်ပြင်းတွေသာ တွင်တွင်ချရင်း "အချုပ်ခန်းက ထုတ်ပေးတာက အာမခံလုပ်ပြီး ထုတ်ရင်လွယ်ပါတယ်။ ဒါပေမယ့် အမွေကိစ္စက ထင်သလိုမလွယ်ဘူးနော်။ အရီးမြ တော်ကြာညီအစ်ကိုချင်းတွေပါ ရန်ဖြစ်ကုန်ကြပါဦးမယ်။ အမွေခွဲမတတ်ရင် အရီးမြနဲ့ သားတွေလည်း မခေါ်မပြောတွေ ဖြစ်သွားနိုင်တယ်။ ဒါကြောင့် စဉ်းစားပါဦးဗျာ"

"အစ်ကိုတို့က အမွေမရလည်း ဘာမှမဖြစ်ပါဘူး မောင်ငြိမ်းမောင်ရာ။ အဓိကက အမေနဲ့ ညီလေးစိုးမောင် စိတ်ချမ်းသာဖို့ပါ"။ ညီအစ်ကို နှစ်ယောက်လုံးက တညီတညာတည်း ပြောကြတယ်။ ဒီလိုနဲ့စိုးမောင်ကို မြို့ကနေ ပြန်ခေါ်လာကြတယ်။ အမွေခွဲဖို့ကို နောက်နေ့မနက်မှ စီစဉ်ကြမယ်ပေါ့။ တစ်ညလုံး ကိုငြိမ်းမောင် တစ်ယောက် အရီးမြတို့သားအမိအကြောင်း စဉ်းစားနေရတယ်။ မနက်လည်းရောက်ရော အရီးမြတို့ သားအမိရောက်လာပြန်တယ်။ အမွေခွဲဖို့တဲ့ ဒါနဲ့ ရွာလူကြီးတွေ ညဘက်အကုန်ခေါ်၊ အမွေလည်းခွဲရော အမွေမလိုချင်ပါဘူးဆိုတဲ့ ညီအစ်ကိုနှစ်ယောက်ကလည်း မိဘပိုင်သမျှ အညီအမျှ ယူချင်တယ် လုပ်တယ်။ စိုးမောင်ကလည်း သူကအနီးကပ်ပြုစုရလို့ အိမ်နဲ့ဝင်းကို ပိုယူမယ်တဲ့။ ဒီတော့ ဘယ်ပြောကောင်းမလဲ။ ရန်ပွဲကြီးဖြစ်လိုက်ကြပြန်တာ ညီအစ်ကိုသုံးယောက်စလုံး တုတ်ဆွဲဓားဆွဲတွေဖြစ်ကြပြန်ရော။ ဥက္ကဌနဲ့ ရပ်မိရပ်ဖတွေ အတော်လေး ဆုံးမယူလိုက်ရတယ်။ အဲဒီနေ့က အမွေလည်း မခွဲဖြစ်လိုက်ပါဘူး။ ဥက္ကဌ ကိုငြိမ်းမောင်လည်း ညတွင်းချင်း ပျောက်သွားလိုက်တာ နောက်ထပ် ရွာလူကြီးအသစ်ရွေးမယ့်နေ့မှာ ပြန်ရှာတွေ့တယ်။

ရွာလူကြီးရွေးပွဲကိုလည်း သူမသွားရဲဘူး။ သွားရင်လည်း ရွာကလူတွေက သူ့ကို ဘယ်လိုတွေပြောဆိုနေဦးမယ် မသိဘူးလေ။ ကိုငြိမ်းမောင်ကတော့ ရွာလူကြီးအသစ်ဖြစ်မယ့်လူကိုစိတ်ဝင်စားမိတယ်။ ရန်တွေဖြစ်ကြသေးတယ်လို့လည်းကြားတယ်။ ဒါက ထုံးစံဆိုတော့ စိတ်မပူတော့ဘူး။ နောက်ဆုံးတော့ ရွာထဲက လော်စပီကာနဲ့ ရွာလူကြီးအသစ်ကို ကြေညာတယ်။ အိမ်ထဲကနေ ရွာလူကြီး ဘယ်သူဖြစ်တယ်ဆိုတဲ့သတင်းလည်းကြားရော ရွာလူကြီးအသစ်ကိုရည်စူးပြီး ရင်ထဲနှလုံးသားထဲက စီးဆင်းလာတဲ့ ကရုဏာမေတ္တာများနဲ့ ကိုငြိမ်းမောင်နှုတ်က ရေရွတ်မိတယ် "ဥက္ကဌအသစ်ကြီးရေ ဒီရွာအတွက် ငါ့ဝဋ်ကတော့ ကျေပြီထင်တာပဲ။ မင်းလည်း အခုဥက္ကဌ ဖြစ်ပြန်ပြီ၊ ငါတော့ မြင်ယောင်ပါသေးတယ်ကွာ။ ပြီးတော့ ရွာကို မတိုးတက်ရင်နေပါစေ တို့ရွာကလူတွေ အသိတရားသာ ပိုတိုးတက်အောင် အရင်လုပ်ပေးလိုက်စမ်းပါကွာ"

သူပို့တဲ့မေတ္တာကို ဥက္ကဌအသစ်ကြီးကတော့ မကြားနိုင်ပါဘူး။ ဒါပေမယ့် မိခင် ဒေါ်ခင်မေကတော့ ပြုံးကြည့်ပြီး သူ့သားကို ပြောလိုက်တယ် "ငါ့သားတောင် လွယ်မယ်ထင်လို့ လုပ်ကြည့်ခဲ့သေးတာ မဟုတ်လားကွယ်"တဲ့။ ဒီစကားကို အမေက ပေါ့ပေါ့ဆဆ ပြောတာမဟုတ်မှန်း အခု သူသိသွားပြီ။ ကိုယ့်ရွာအကြောင်း၊ ကိုယ့်ရွာကလူတွေစရိုက်အကြောင်း အမေတို့က ပိုသိခဲ့ကြတာပါပဲ။ သူလည်း အခုသိခဲ့ရပြီးပြီ မဟုတ်လား။ ဒါကြောင့်လည်း အမေကို ဘာမှပြန်စောဒက မတက်ဖြစ်ပါ။

ဥက္ကဌအသစ်အိမ်မှာလည်း အောင်ပွဲကျင်းပနေပြီတဲ့။ ခါတ်စက်သံတွေညံလို့ပဲ။ ဘာဆက်ဖြစ်ကြမယ်ဆိုတာတော့ မသိသေးပါ။ ၃၁ ဘုံရှိ သတ္တဝါများစွာထဲ တို့ရွာသားတွေပို၍ အသိပညာတိုး၍ ချမ်းသာကိုယ်စိတ်မြဲပါစေဟုသာ ဆုတောင်းပေးမိနေပါတော့သတည်း။

ဆောင်းပါး

# စာကြည့်တိုက်မှသည် ခေါင်းဆောင်ကောင်းဆီသို့

■ မောင်မြင့်ဝင်း

"လူငယ်တွေမှာ လုပ်စရာအလုပ်မရှိရင် စာဖတ်ခြင်းက အလုပ်ပဲ"

ဆရာကြီးဦးအောင်သင်းပြောဖူးတဲ့ မှတ်သား လိုက်နာဖွယ် စကားလေးဖြစ်ပါတယ်။ ဆရာကြီးဟာ လူငယ်တွေကို ချစ်တယ်။ လူငယ်တွေကို တိုးတက်စေချင်လို့ ရေးသမျှစာတွေ ဟောပြောသမျှ ဟောပြောပွဲတွေမှာ လူငယ်တွေကိုပဲ အဓိကထား ဟောပြောပါတယ်။ဘာဖြစ်လို့လဲဆိုတော့ လူငယ်တွေဟာ အနာဂတ်မှာ တိုင်းပြည်အတွက် အဖိုးတန်တွေ ဖြစ်လာမှာမြင်လို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့လည်း အဓိကရေးတဲ့ အကြောင်းအရာတွေထဲမှာလည်း လူငယ်တွေအတွက်ပဲ ရေးဖြစ်တာများပါတယ်။ ကိုယ်တိုင်လည်း လူငယ်တွေနဲ့ နေတဲ့သူဆိုတော့ လူငယ်တွေရဲ့ လိုအပ်ချက်တွေကို မြင်တွေ့နေရပါတယ်။

အခုခေတ်လူငယ်တွေ စာဖတ်တာ အတော်နည်းသွားကြပါပြီ။ စာမဖတ်ကြတော့ တွေးခေါ်ဆင်ခြင်နိုင်မှုတွေ အားနည်းပြီး အချိန်ဆိုတာ တန်ဖိုးထားရမှန်းမသိ။ ပညာဆိုတာ တန်ဖိုးထားရမှန်းမသိ ဖြစ်နေကြတယ်။ အချိန်ရဲ့ တန်ဖိုးကိုမသိတော့ အားလပ်ချိန်တွေကို အလကားဖြုန်းတီးနေတတ်ကြပါတယ်။ အချိန်လေးအားတာနဲ့ ဖုန်းလေးကိုင် ဖေ့ဘွတ်လေးတက် ဟိုရေးဒီရေး ဖေ့ဘွတ်သုံးလို့ ငြီးငွေ့ရင် ဗိုက်ဘာလေးသုံး အဲလိုနဲ့ပဲ တစ်နေ့ပြီးတစ်နေ့ အချိန်တွေ ကုန်သွားတတ်ကြတယ်။ လောကမှာ ပြန်မရနိုင်တဲ့ ဆုံးရှုံးမှုတွေထဲမှာ ကုန်လွန်သွားတဲ့အချိန်တွေလည်း ပါဝင်ပါတယ်။ အချိန်ရဲ့ တန်ဖိုးကို နားမလည်ရင်၊ မလေးစားရင် ဘဝပျက်တဲ့အထိဖြစ်သွားကြရတဲ့ သာဓကတွေလည်း အများကြီးရှိနေပါတယ်။ အများသိကြတဲ့ စစ်ဗိုလ်ချုပ် နပိုလီယမ်ဟာ အချိန်အနည်းငယ် နောက်ကျခဲ့တဲ့အတွက် ဝါတာလူးစစ်ပွဲမှာ ရှုံးနိမ့်ခဲ့ရဖူးတဲ့ သာဓကတွေလည်း အထင်အရှားရှိခဲ့ပါတယ်။

### အတွေးအခေါ် ထက်မြက်

လူငယ်တွေကို တစ်လကိုစာအုပ် ဘယ်နှအုပ် ဖတ်ဖူး သလဲမေးလိုက်ရင် စာဖတ်ရမှာပျင်းလို့ မဖတ်ဘူးလို့သာ ဖြေသူများပါတယ်။ သူတို့အဖြေကိုကြားပြီး အနာဂတ် အတွက် ထိတ်လန့်စရာကောင်းနေပါတယ်။ သူတို့ဒီလို စာမဖတ်ကြတာဟာ စာဖတ်ခြင်းရဲ့အကျိုးကို သေသေချာချာမသိလို့သာ ဖြစ်ပါတယ်။

စာအုပ်တွေက သူတို့မသိသေးတဲ့အရာတွေ၊ မစဉ်းစားမိတဲ့ အတွေးအခေါ်တွေ ရစေတယ်ဆိုတာ သူတို့မသိလို့သာ စာဖတ်ခြင်းကို ပျင်းရိစရာအဖြစ် မြင်နေတာ ဖြစ်ပါတယ်။ အရင်က ကျွန်စနစ်တုန်းကဆို ကျွန်တွေကို သခင်တွေက စာပေးမဖတ်ပါဘူး။ ကျွန်တွေစာဖတ်ရင် အသိဉာဏ် အတွေးအခေါ်တွေ ထက်မြက်လာမယ်။ အဲဒီအခါ သူတို့ အတွေးအခေါ်နဲ့ သူတို့ဘဝကို တိုးတက်ကောင်းမွန်အောင် လုပ်ကြလိမ့်မယ်ဆိုတာ ကျွန်ပိုင်ရှင်တွေကသိလို့ စာပေး မဖတ်စေတာပါ။ သူတို့ကိုယ်တိုင်ကျ အိမ်ထဲမှာစာကြည့်တိုက်ကြီးတွေထောင်ပြီး ဖတ်ကြတယ်လို့ မှတ်သားရဖူးပါတယ်။

တကယ်တော့ လက်တွေ့ဘဝမှာ အတွေ့အကြုံရှာရတာ ပင်ပန်းလွန်းလှသလို အချိန်လည်းပေးရပြီး ငွေလည်း ကုန်ပါတယ်။

စာအုပ်ကိုဖတ်ရင် အချိန်ကုန်ငွေကုန် သက်သက်သာသာနဲ့ ထက်မြက်တဲ့ အတွေးအခေါ် အတွေ့အကြုံကောင်းတွေ ရလာစေမှာပါ။ စာအုပ်တွေထဲမှာက သူတို့ဘဝတွေ့ကြုံလာရတဲ့ အခက်အခဲတွေကို ဘယ်လိုကြိုးစားရုန်းထွက်ခဲ့သလဲဆိုတာတွေကို ရေးသားထားပါတယ်။

လူငယ်ဆိုတာ လောကထဲမှာ အများကြီး ကျင်လည်နေရဦးမှာပါ။ ဒါကြောင့်လည်း ကိုယ့်ဘက်က ရင့်ကျက်တဲ့သူဖြစ်အောင်၊ ဗဟုသုတများသူဖြစ်အောင်၊ ကြုံလာသမျှ လောကဓံတွေကို ခံနိုင်ရည်ရှိသူဖြစ်အောင် လုပ်ကြရမှာပါ။ လူငယ်ဘဝမှာ အတွေ့အကြုံရင့်ကျက်သူဖြစ်တဲ့အခါ လုပ်သမျှအလုပ်တိုင်းဟာ အမှားနည်းပြီး လုပ်သမျှတိုင်း အောင်မြင်နိုင်သလို လောကဓံတွေကို ခံနိုင်ရည်ရှိတော့ ကြုံလာသမျှ အခက်အခဲတွေကို ပြုံးပြုံးကြီး ရင်ဆိုင်နိုင်ပါတယ်။ ရင့်ကျက်သူဖြစ်တော့ လူအများရဲ့လေးစားခြင်း၊ အထင်ကြီးခြင်းကိုပါ ခံကြရပြီး လုပ်သမျှ အလုပ်တွေလည်း ထူးထူးချွန်ချွန် အောင်မြင်ပါတယ်။

### ကမ္ဘာအထိ ခေါင်းဆောင်တက်လုပ်

ကျွန်တော်တို့ရဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ စာအလွန်ဖတ်သူပါ။ ဒါကြောင့်လည်း အတွေးအခေါ်ထူးချွန်ထက်မြက်ပြီး လူအများရဲ့အထင်ကြီးလေးစားတဲ့ဘဝနဲ့ တိုင်းပြည်ကို သူ့ကျွန်ဘဝကနေ လွတ်မြောက်အောင် လုပ်နိုင်ခဲ့တာပါ။ နောက်တစ်ဦးက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ပါ။ ဦးသန့်ဟာ စာအလွန်ဖတ်သူလို့ သိရပါတယ်။ ဒါကြောင့်လည်း မြန်မာပြည်လို နိုင်ငံလေးကနေ ကမ္ဘာအထိ ခေါင်းဆောင် တက်လုပ်နိုင်ခဲ့တာပါ။ ဒါတင်မကသေးဘဲ သူ့ရဲ့ စာဖတ်ခဲ့တဲ့ အတွေ့အကြုံတွေကြောင့် တာဝန်ထမ်းဆောင်နေစဉ်မှာ ထူးချွန်ထက်မြက်တဲ့ စွမ်းဆောင်မှုတွေနဲ့အတူ လူအများရဲ့ အထင်ကြီးလေးစားအားကျတဲ့ ဘဝကို ပိုင်ဆိုင်ခွင့်ရခဲ့တာပဲ ဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ လူငယ်တွေအပါအဝင် လူလတ်ပိုင်းတွေကော လူကြီးပိုင်းတွေပါ စာဖတ်တာတွေ အတော်လေး အားနည်းနေပါပြီ။ စာမဖတ်တော့ သူများထက် ထူးခြားကောင်းမွန်တဲ့ အတွေးတွေလည်း မတွေးနိုင်တော့ ပထမဆုံး ကိုယ့်ဘဝ မြင့်မားအောင် မလုပ်နိုင်ပါဘူး။ အဲဒီနောက် တိုင်းပြည်နဲ့ လူမျိုးအတွက် အကျိုးပြု လုပ်ငန်းတွေ မလုပ်နိုင်တော့ပါဘူး။ ဒါကြောင့်လည်း နောက်လူတွေအတွက် လေးစားစံပြုစရာ၊ အတုယူစရာ ပုဂ္ဂိုလ်ကိုပြပါဆိုရင် ဗိုလ်ချုပ်အောင်ဆန်းတို့၊ ဦးသန့်တို့လောက်သာ ပြစရာရှိပြီး နောက်ထပ်ထူးချွန်ထက်မြက်တဲ့ ကမ္ဘာသိပုဂ္ဂိုလ်တွေ အများကြီးပေါ်ထွက်မလာသေးပါဘူး။ စင်ကာပူမှာဆိုရင် လီကွမ်ယု၊ တရုတ်ပြည်မှာဆိုရင် မော်စီတုံး စသူတွေ သူ့နိုင်ငံအတွက် အကောင်းမွန်ဆုံးလုပ်ဆောင်ရင်း သူတို့လူမျိုးအတွက် မြင့်မားတဲ့ဘဝတွေ ဖန်တီးပေးခဲ့ကြသူတွေဖြစ်တော့ သူတို့နိုင်ငံက ကလေးတွေအတွက် ရှေ့ဆောင်လမ်းပြဖြစ်နေကြပါတယ်။ ဒီနိုင်ငံမှာက လက်ရှိအနေအထားအတိုင်းသာ ဆက်ပြီးစာမဖတ်သူတွေ ဆက်ရှိနေမယ်ဆိုရင် ဆင်းရဲတွင်းထဲ ဆက်နစ်နေဦးမှာ ဖြစ်ပါတယ်။

### စာအုပ်တစ်အုပ် မဖြစ်မနေဌား

တစ်ချိန်က စစ်ဒဏ်ခံခဲ့ရတဲ့ ဂျပန်နိုင်ငံဟာ ဘာကြောင့် တိုးတက်ခဲ့တယ်။ ဘိန်းစားတွေများတဲ့ တရုတ်နိုင်ငံ တိုးတက်ပြီး အနောက်အင်အားကြီးနိုင်ငံတွေကို ဘာကြောင့် စီးပွားရေးနဲ့ နည်းပညာတွေမှာ ခြိမ်းခြောက်နိုင်သလဲ စတာတွေကို ကျောင်းသင်ခန်းစာတွေထဲမှာလည်း ပို့ချပြီး သင်သင့်သလို စာအုပ်တွေထဲမှာလည်း ရှာဖွေဖတ်ရှုသင့်ပါတယ်။

ဒီနေ့ အာရှရဲ့ ထိပ်သီး ဂျပန်နိုင်ငံရဲ့ ပညာရေးစနစ်ကို အတုယူသင့်ပါတယ်။ ဂျပန်နိုင်ငံက ကလေးတွေကို ခြောက်နှစ်မှာ ကျောင်းစနေစေပြီး ကျောင်းစတက်ချိန်မှာ ဘာစာမှသင်မပေးပါဘူး။ ဘာဖြစ်လို့လဲဆို လူတစ်ယောက်ရဲ့ ဉာဏ်ရည်ဆိုတာ ဆယ့်နှစ်နှစ်မှ စပြီးဖွံ့ဖြိုးတဲ့အတွက် ကျောင်းစနေပြီး ဆယ့်နှစ်နှစ်အထိ ဘာစာမှ မသင်ခိုင်းဘဲ ထားတာပါ။ မြန်မာနိုင်ငံမှာဆိုရင် ကေဂျီတန်းကို ခြောက်နှစ်နေရပါတယ်။ အဲဒီလိုနေတဲ့အခါမှာလည်း ကျောင်းမှာ ဘာဂီတကို ဝါသနာပါသလဲ မမေးပါဘူး။ ဘာတီးမလဲပဲ မေးပါတယ်။ ဂီတဟာ လူ့ရဲ့အသည်းနှလုံးကို နူးညံ့စေပါတယ်။ ဒါကြောင့် ဝါသနာပါရာ ဂီတတစ်ခုခုကို အတီးခိုင်းပါတယ်။ ပန်းချီတွေဆွဲခိုင်းပါတယ်။ အားကစားတွေလည်း လုပ်ခိုင်းပြီး ခန္ဓာကိုယ်ဖွံ့ဖြိုးအောင် လုပ်ပါတယ်။ သောကြာနေ့မှာ ကျောင်းစာကြည့်တိုက်က စာအုပ်တစ်အုပ် မဖြစ်မနေငှားရပြီး စနေ၊ တနင်္ဂနွေတွေမှာ အိမ်မှာ ဖတ်ရပါတယ်။ တနင်္လာနေ့ကို ရောက်ပြီဆိုရင် ဆရာမကမေးပါပြီ။

ဒီနိုင်ငံမှာတော့ အဲဒီလိုအမေးခံရပြီဆိုရင် ဟိုလူ့မျက်နှာကိုကြည့် ဒီလူ့မျက်နှာကိုကြည့်နဲ့ မထကြပါဘူး။ အဲဒီလို သူလုပ်နိုး ငါလုပ်နိုးနဲ့အကျင့်တွေက အသက်ကြီးတဲ့အထိ ပါသွားပြီး ဌာနဆိုင်ရာတွေ၊ ကုမ္ပဏီတွေဟာ တိုးတက်သင့်သလောက် မတိုးတက်ကြတာလည်း ဖြစ်ပါတယ်။ သူတို့နိုင်ငံမှာကျတော့ ကလေးတွေက သူပြောမယ်၊ ငါပြောမယ် ဆိုပြီး အလုအယက်ပြောကြပါတယ်။ သူတို့နိုင်ငံက ကလေးတွေရဲ့ စာအုပ်ဖတ်နှုန်းတွေ တွက်ကြည့်ရင် သီတင်းတစ်ပတ်မှာ တစ်အုပ်ဆိုတော့ တစ်လမှာ လေးပတ်ရှိတော့ လေးအုပ်ဖတ်ဖြစ်ပါတယ်။ ဆယ်လဆိုတော့ အုပ်ရေ လေးဆယ်ဖတ်ဖြစ်ပါမယ်။ တစ်နှစ်ကို အုပ်ရေလေးဆယ်ဆိုရင် ခြောက်နှစ် ကေဂျီအတန်းခြောက်နှစ်မှာ အုပ်ရေနှစ်ရာ့လေးဆယ်ဖတ်ဖြစ်ကြပါလိမ့်မယ်။ စာဖတ်ခြင်းကို ယဉ်ကျေးမှုတစ်ရပ်လို သင်ရိုးထဲမှာဆွဲဆောင်ပါတယ်။ အဲဒီလို စာအုပ်တွေ အများကြီး ဖတ်ထားပြီးတဲ့ကလေးကို စာဖတ်ပါ။ စာအုပ်ဖတ်တာကောင်းတယ်ဆိုပြီး ဆွဲဆောင်စည်းရုံးနေဖို့ မလိုတော့ပါဘူး။ သူတို့နိုင်ငံက တစ်ဆယ့်နှစ်နှစ် ကျောင်းသားလေးတစ်ယောက်ဟာ သူ့ရဲ့ ကျောင်းစာကြည့်တိုက်က စာအုပ်ပေါင်း နှစ်ရာကျော်ဖတ်ပြီးနေပါပြီ။ အဲဒီလိုနဲ့ တက္ကသိုလ်တက်မယ့်ကလေးဟာ စာအုပ်ပေါင်း ငါးရာကျော်လောက် ဖတ်ပြီးနေပါပြီ။ ဒီလို စာအုပ်ပေါင်း ငါးရာကျော်ဖတ်ဖူးတဲ့ ကျောင်းသားရဲ့ ဦးနှောက်ဟာ အမှားအမှန်ကို သေသေချာချာဆင်ခြင်နိုင်စွမ်း ရှိလာစေမှာ သေချာပါတယ်။

### အကောင်းဆုံးလုပ်ဆောင်နိုင်ကြ

ပြီးတော့ တက္ကသိုလ်တက်နေဆဲ ကျောင်းသားတွေကို လေ့လာရေးအဖွဲ့တွေက သေသေချာချာ လေ့လာအကဲခတ်ပါတယ်။ ဘယ်သူကတော့ ဘယ်နေရာမှာထူးချွန်တယ်။ သူက နိုင်ငံရေးမှာ ထူးချွန်တယ်။ သူကတော့ စီးပွားရေးမှာ ပါရမီရှင် ဖြစ်တယ်။ သူကတော့ အားကစားမှာ ထူးချွန်တယ်ဆိုပြီး ထူးချွန်တဲ့ သူတွေကို ပံ့ပိုးပြီး နိုင်ငံအတွက် အသုံးချကြပါတယ်။ ဒါကြောင့်လည်း သူတို့ နိုင်ငံတွေမှာ ဆိုင်ရာတာဝန်ယူထားကြသူတွေဟာ ဆိုင်ရာပညာရပ်တွေမှာ သေချာသိပြီး နိုင်ငံအတွက် အကောင်းဆုံး လုပ်ဆောင်နိုင်ကြတာ ဖြစ်ပါတယ်။ ဒီနိုင်ငံမှာက လက်ရှိ သင်ကြားနေတဲ့ သင်ခန်းစာတွေထဲမှာ စာကြည့်တိုက်ရဲ့ အရေးပါမှုမပါဘူး။ စာဖတ်ခြင်းဟာအရေးပါကြောင်း အရေးတယူ မပြောပြဘူး။ ပြီးတော့ ဒီနိုင်ငံမှာက ဘွဲ့ရပြီးတဲ့အထိ စာအုပ်ကောင်းတစ်အုပ်မှ မဖတ်ဖူးတဲ့ ကျောင်းသား ကျောင်းသူတွေ အများကြီး ရှိနေကြဆဲဖြစ်နေတာကတော့ အတော်လေး စိတ်မကောင်းစရာပါ။

ဒါက မိဘတွေနဲ့လည်း အများကြီး သက်ဆိုင်နေပါသေးတယ်။ တချို့မိဘတွေက ပြောတတ်ကြပါသေးတယ်။ စာဖတ်လို့ ထမင်းမစားရဘူး။ ပညာတတ်ကြီးဖြစ်မှ အလုပ်ကောင်း၊ နေရာကောင်းရပြီး ချမ်းချမ်းသာသာနေရမယ်တဲ့။ လက်ရှိခေတ်အရ ပညာတွေတတ်ဖို့ လိုအပ်တာမှန်ပေမယ့် အမှားအမှန်တွေ ဝေဖန်ပိုင်းခြားတတ်တဲ့ အသိဉာဏ်တွေ ဖြစ်စေဖို့အတွက်လည်း စာအုပ်ကောင်းတွေ ဖတ်သင့်ပါတယ်။ တချို့ကျောင်းသားတွေဟာ စာတွေတော်ပြီး လူဝင်မဆံ့သူတွေ၊ မိဘကျေးဇူးမသိသူတွေ အများကြီးဖြစ်နေတာက သူတို့ရဲ့ ဦးနှောက်ထဲမှာ ကျောင်းစာတစ်ခုတည်း ရှိနေတာကြောင့်ဖြစ်ပါတယ်။ စာဖတ်ခြင်းဟာ ပြည့်ဝသူဖြစ်စေပါတယ်။ အထက်မှာ ပြောပြခဲ့သလို အရင်ခေတ် သခင်နဲ့ ကျွန်တွေခေတ်မှာ သခင်တွေက သူတို့ရဲ့ ကျွန်တွေကို စာလုံးဝ သင်ခွင့်မပေးသလို စာလည်းလုံးဝပေးမဖတ်ပါဘူး။ စာဆိုတာ ဖတ်ပြီး ဒီအတိုင်းရပ်မနေပါဘူး။ ဖတ်ပြီးတဲ့ စာတွေထဲက အကောင်းအဆိုး အမှားအမှန်တွေကို ဝေဖန်ပိုင်းခြားကြတော့မှာ။ အဲဒီအခါ ကျွန်တွေကို သူတို့ လိုသလို စိုးမိုးအုပ်ချုပ်လို့ မရတော့ပါဘူး။ ဒါကြောင့် ကျွန်တွေကို စာလုံးဝမဖတ်ခိုင်းပါဘူး။ ဒါပေမယ့် သူတို့ရဲ့ အိမ်တွေမှာတော့ သုတရသ စတဲ့စာအုပ်မျိုးစုံ အပြည့်အစုံထားကာ သားသမီးတွေကို စာဖတ်စေပါတယ်။ အဲဒီလောက်အထိ စာဖတ်ခြင်းရဲ့ အတွေးအခေါ် ရင့်ကျက်မှု အန္တရာယ်ကြီးမားလှပါတယ်။ စာကြည့်တိုက်တွေရဲ့ အခန်းကဏ္ဍက အရေးပါပါတယ်။

### သင်ခန်းစာယူ

ဒီနေ့ခေတ်မှာ တိုးတက်ကြီးပွားနေသူတိုင်းဟာ စာဖတ်ကြပါတယ်။ ထူးချွန်ထက်မြက်လိုတဲ့ ကျောင်းသားတိုင်းဟာလည်း စာကြည့်တိုက်မှာ စာဖတ်ကြပါတယ်။ စာအုပ်တွေထဲမှာ ကိုယ်မတွေးခေါ်နိုင်တဲ့ အတွေးအခေါ်တွေပါတယ်။ ကိုယ်မမှားရဘဲ သူများမှားတာတွေကနေ သင်ခန်းစာယူလို့ရတယ်။ ကိုယ်မသိတဲ့ အကြောင်းအရာတွေ စာအုပ်တွေထဲမှာ သိနိုင်တယ်။ ဒါကြောင့် ကျွန်တော်တို့ လူငယ်တွေလည်းအားလပ်ချိန်တွေမှာ စာဖတ်ကြရပါမယ်။ စာဖတ်များရင် ဗိုလ်ချုပ်အောင်ဆန်းလောက် နှလုံးရည်နဲ့ မပြည့်စုံဘူးဆိုရင်တောင်၊ ဦးသန့်လောက် မထင်ပေါ်မကျော်ကြားခဲ့ရင်တောင် ဖတ်ခဲ့တဲ့အသိရလာတဲ့ အတွေ့အကြုံကောင်းတွေနဲ့ တိုင်းပြည်ရဲ့ အားထားရတဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် အကောင်းဆုံးလုပ်ဆောင်နိုင်မှာ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

## ဝလုံးလှလှ ရေးကြမယ်

ဝလုံးကလေး ညီညီညာ
ဝိုင်းအောင် ရေးကြပါ၊
ဗျည်းသရမှာ သုံးဆယ့်သုံး
ဝလုံးရေးတဲ့ ထုံး။
ဝလုံးပြီးတော့ နောက်တစ်ခါ
ကကြီးခခွေးလာ၊
မြန်မာစာမှာ ပထမ
ဝလုံးလေးနဲ့ စ။
လက်ရေးလှလှ ဖြစ်ဖို့ရာ
ရေးကြ သေသေချာ၊
အက္ခရာတွေ ညီညာဖို့
ဝိုင်းအောင်ရေးကြစို့။

မောင်လင်းလက်(ရွှေဆေးမြေ)

## အိုဘယ့်ပန်းမြေ

❖ ဖူးပွင့်စည်ဝေ
ပန်းတွေပျံ့မွှေး၊ ပန်းမြေအေးပေါ့
ငှက်ကျေးသံသာ၊ ခချိန်ခါဝယ်
မှန်စွာငြိမ်းချမ်း၊ ပန်းမြေလမ်းနှင့်
ပန်းကောင်းသုတ်လေချိုပြေပြေ
ပန်းစိုက်သူတို့ ပန်းစိုက်မြေ။
❖ မြေဆွပေါင်းသင်
ပြုပြင်စုပေါင်း၊ ရေလည်းလောင်းပေါ့
ပန်းကောင်းထွေထွေ၊ လမ်းကြောင်းတွေနှင့်
ပန်းမြေပွင့်လင်း၊ ပန်းတစ်ခင်းပါ
ရင်တွင်းမေတ္တာ၊ မျှဝေကာဖြင့်
ကြင်နာပြုံးပန်း၊ လက်ဆင့်ကမ်းလျက်
စိမ့်စမ်းရေလား အေးစေသား
ပန်းမြေအလှ ပြန့်စည်ပွား။
❖ အိုဘယ့်ပန်းမြေ
ပန်းတွေကပွင့်၊ ပန်းမြေတင့်ပေါ့
မြူးဝင့်ခိုင်မာ၊ ပန်းမြေရွာသို့
ကဗျာပွင့်ဖူး၊ လှရိပ်လူးလိမ့်
သီကျူးကောင်းမွေ၊ အကြောင်းတွေနှင့်
ပေါင်းဆွေသဟာ၊ ကောင်းဖွေရှာလျက်
ပျူငှာစိတ်ရင်း၊ မေတ္တာခင်းချိန်
ကောင်းခြင်းထွေထွေ သွန်းဆက်ချွေ
ပန်းမြေအလှ ရှန်းလက်ဝေ။ ။

ဖိုလေးလုံးသောင်းကိုကို

ဝတ္ထုတို

# ချွေးမ မချက်သင့်သောဟင်း



■ နေခြည်(ကြီးနီ)

"သား. . . မင်းမိန်းမ ပါးစပ်စည်းကမ်းမရှိဘူး"

အမေက ဤသို့ပြောလာသောအခါ မိုးအောင် စဉ်းစားရပြီ။ အတွင်းစကားများ မိန်းမဖြစ်သူ အပြင် ထုတ်လေပြီလား။ သို့လော သို့လော တွေးရသည်။ ဝါဝါ သည် အနေအထိုင်ကျစ်လျစ်သည်၊ မလိုအပ်ဘဲ စကားကို ပရမ်းပတာပြောလေ့မရှိ။ အမေက အဘယ်ကြောင့် ပါးစပ် စည်းကမ်းမရှိဟူ၍ ပြောရပါသနည်း။ ဘာမဟုတ်တာလေး နှင့် ယောက္ခမနှင့် ချွေးမ မတည့်ဆိုသည့် အဖြစ်မျိုး အဖြစ်မခံနိုင်။ ဝါဝါကမူ မျက်နှာပျက်နေခြင်းမရှိ။ ပုံမှန် အတိုင်း သွားလာဆက်ဆံနေသည်။ အမေများ ဝါဝါ့ကို တစ်ခုခုစိတ်တိုင်းမကျ၍ ပြောလေခြင်းလား စဉ်းစားမရ ဖြစ်ရသည်။

ညနေဘက်ရောက်သောအခါ ဝါဝါက စကားစချီလာ ပြန်သည်။ "ကို. . . ချစ်တို့ အိမ်ခွဲနေရအောင်ပါနော်၊ ညားခါစ လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်"။ ဤသို့ ပြောလာပြန်သည်။ သမီး သမီးနှင့် အမေ အမေချင်းထပ်နေ ခဲ့ကြသူနှစ်ယောက် မည်သို့ဖြစ်ကြလေပြီနည်း။ နားမလည် နိုင်သည်ကား အမှန်ဖြစ်လေသည်။

"ဘယ်လိုဖြစ်ရတာလဲ ဝါဝါရယ်၊ ကိုယ့်မှာလည်း ဒီအမေ ဒီအဖေပဲရှိတော့တာလေ၊ ဘယ်ကစပြောရမယ် မသိဘူး"

"ချစ်က လွတ်လပ်ချင်လို့ပါ၊ ပြီးတော့ ကိုယုံထားပေး၊ ကိုမသိအောင် ချစ်အဖေနဲ့အမေကို ဘာမှခိုးမပို့ဘူး"

စကားသံတွေက အနည်းငယ် မာထန်နေသယောင် ထင်ရလေသည်။

ခက်ချေပြီ၊ ပြဿနာ၏အစကို မသိရ။ အမေနှင့် မိန်းမကြားတွင် ခေါင်းရှုပ်ရသည်။ ဖြစ်နိုင်ချေရှိသည့် အရာ တစ်ခုခုကို စဉ်းစားကြည့်သည် ဘာတစ်ခုမှမရှိ။ မီးသတ် ရဲဘော်တစ်ယောက်အနေဖြင့် လခလေး တစ်သိန်း ရှစ်သောင်းသုံးထောင်သာရသည်။ လက်ဖက်ရည်ဖိုးနုတ် ကျန်တာ ဝါဝါ့ကိုအပ်တာပဲ ဖြစ်သည်။ အဖေ့ပင်စင်လစာနှင့် အမေတို့တွင်လည်း သုံးစရာ၊ စွဲစရာရှိပါသည်။ မနေ့က အမေ ဆိတ်ကလီစာ စားချင်သည်ဆို၍ ဝါဝါ လခထုတ်ရက် ကလေး အပြေးသွားဝယ်သည်ကား ချက်ချင်း။ အူစိုစို ဆို၍ လကုန်ရက်ကလေးများသာ ရှိတတ်သည် မဟုတ်ပါ လား။ ဝါဝါသည် အလိမ္မာအိမ်ပါသမီးဟု ဆိုရသည်အထိ ယောက္ခမတွေ မျက်နှာတစ်ချက်အပျက်ခံသူ မဟုတ်။

"ဘယ်သူက ဝါဝါ့ကို ဘာပြောနေလို့လဲကွယ်၊ အဖေ ကလား၊ အမေကလား၊ ကိုယ် ရှင်းပြပေးပါမယ်ကွာ"

"မဟုတ်ပါဘူး ကိုရယ်၊ ကိုယ့်ကို ချစ်တယ်"

စိတ်တထင့်ထင့်ဖြင့်ပင် ထမင်းပွဲရောက်ရသည်။ အဖေက ဘာသိဘာသာနေသာသလို ခါတိုင်းပုံစံပါပဲ။ အမေနှင့် ဝါဝါသာ စိတ်အခန့်မသင့် ဖြစ်နေကြဟန်တူသည်။ ခါတိုင်းလို အမေတွေ သမီးတွေခေါ်ပြီး စကားတွေ ရွှန်းရွှန်း ဝေမနေကြ။ ထမင်းဝိုင်းကလေးက တိတ်ဆိတ်လှသည်။

အမေက အဖေ့ထမင်းပန်းကန်ထဲကိုသာ ဆိတ် ကလီစာဟင်း ထည့်ပေးသည်။ ကိုယ်တိုင်ကျတော့ ထည့်စားတာမတွေ့။ ဝါဝါသည်လည်း ထိုနည်းလည်း ကောင်း။ မိုးအောင်ပန်းကန်ထဲသာ ခပ်ထည့်ပေးနေသည်။ ကိုယ်တိုင်ထည့်မစား။ ဘာများဖြစ်နေကြပါသနည်း။ မနေ နိုင်တော့၍ အမေ့ထဲရော ဝါဝါ့ထဲကိုပါ ဟင်းတွေ ခပ်ထည့် ပေးလိုက်ရသည်။ အဖေကလည်း ဘာမှသိထားဟန်မတူ။ ပြုံးတုံးပြောင်တောင် မျက်လုံးတွေဖြင့်သာ ကြည့်နေသည်။

"သား. . . ဆိတ်သားဈေးက ခေါင်ခိုက်နေတာ၊ နောက်ဆို ဝယ်မချက်စေနဲ့တော့၊ တစ်ပိဿာကို ၁၆၀၀၀၊ ငါးဆယ်သား ဝယ်ချက်မှ ဟင်းတစ်ခွက်ကျန်တာ အမေတို့ အသီးအရွက်ပဲ စားမယ်"

အမေ့စကားကြောင့် ဝါဝါ သိသိသာသာ မျက်နှာပျက် သွားသည်။ ထမင်းတစ်လုတ် နှစ်လုတ်စားပြီး ထသွားတော့ သည်။ အဖေလည်း မိန်းမတွေကြား စိတ်ရှုပ်သွားဟန်တူ သည်။ လက်ဆေးပြီး ထသွားသည်။ အမေ့မျက်နှာထားကမူ ခပ်တင်းတင်း။ မိုးအောင်လည်း စားချင်စိတ်မရှိတော့၍ လက်ဆေးလိုက်ရသည်။

"အမေပြောတာမယုံဘူးဆိုရင် ဟင်းအိုးကိုလှပ်ကြည့် လိုက် သား၊ သူ့အဖေအမေဆီမပို့ရင် ဘယ်ကိုပို့စရာရှိလဲ"

အမေ့စကားတွေက နယ်ကျံ့ထွက်လာသည်။ ဟင်းအိုးကို လှပ်ကြည့်လိုက်တော့လည်း ပြောသည့်အတိုင်း ပြောင်တလင်းခါနေသည်။ မိုးအောင် သက်ပျင်းအကြီးကြီး လေးလေးပင်ပင် ချရသည်။ ထိုပြဿနာသည် ခပ်သေးသေး ဟူ၍ ယူဆထား၍မရ၊ မိန်းမတွေအကြောင်း နားလည်တန် သ၍ နားလည်မိသည်။ အမှိုက်ကစ၍ ပြာသာဒ်မီးလောင် သည့် အဖြစ်မျိုးအရောက်မခံနိုင်။ ကွဲနှစ်ကောင်ခတ်ပါက မြေဇာပင်သည် အနင်းခံရပေတော့မည်။ ထိုသည်က သူဖြစ်နေလေပြီ။

× × ×

ထိုနေ့ကကိစ္စကို ရုံးက အန်တီသန်းအား ပြောပြသော အခါ တဟားဟား ရယ်နေလေသည်။ "ဖြစ်မှ ဖြစ်ရလေ မိုးအောင်ရယ်"ဟု အစဖော်ကာ အူတက်သည်အထိ ထပ်ရယ်နေသည်။ 'အကြံတစ်ခုပေးလိုက်မယ် အမေ့ကို တစ်ခါ ဆိတ်ကလီစာအချက်ခိုင်းပေါ့'တဲ့။ ရှင်းပြတန်သည် ကိုလည်း ရှင်းပြပေးလိုက်ပါသည်။

အမေသည် ယောက္ခမတွေဖြင့် အတူမနေခဲ့ရ၍ အလားတူပြဿနာမျိုး ကြုံတွေ့ခဲ့ပုံမရှိချေ။ မည်မျှပင် ချစ်ခင်ကြသည့် ညီအစ်မအရင်းများပင် ဖြစ်နေပါစေ မိန်းမဟူသည့်အမျိုးက တစ်ယောက်နှင့် တစ်ယောက် မျက်စိဒေါက်ထောက်ကြည့်နေကြသည်သာပင်။ ဝန်တိုစိတ် ကလေးများ ရှိကြသည်သာပင်။ အပြိုင်အဆိုင် စိတ်ကလေး များ ကဲကြသည်ပင်။ ထိုသည်ကို အန်တီသန်း ရှင်းပြမှ မိုးအောင် အတော်လေး သဘောပေါက်သွားရသည်။ အမေပြောသည့် 'မင်းမိန်းမ ပါးစပ်စည်းကမ်းမရှိဘူး' ဆိုသည်က ဟင်းချက်ရင်း နှိုက်မြည်းတတ်သည်ကို ပြောလို ခြင်းဖြစ်မည်။ ဆွမ်းတော်တင်၊ ဆွမ်းမလောင်းရသေးဘဲ ဟင်းခူးခပ်စားခြင်းကို အမေမကြိုက်။ နောက်တစ်ခုက ဟင်းကောင်းချက်လျှင် ဝါဝါသည် သူ့အဖေအမေထံသို့ တိတ်တဆိတ်ပို့သည်ဟု အထင်ရောက်ကာ ပြောခြင်းဖြစ် လေသည်။ ရိတ်ဖမ်းသံဖမ်း ဝါဝါသိစေရန် အမေသည် စကားထုတ်ပေလိမ့်မည်။ ဤသည်ကြောင့် အနေမွန်းကျပ်၍ အိမ်ခွဲနေကြရန် ဝါဝါက တောင်းဆိုခြင်း ဖြစ်လေသည်။

တကယ်တော့ အမေသည် ဣန္ဒြေရကာ အိမ်ရှင်မ ပီသသော ဝါဝါကို သဘောကျသည်။ ဝါဝါကလည်း အမေ့ ကို အမေအရင်းလိုပင် စိတ်ထားနိုင်သည်ကို မိုးအောင် ကောင်းကောင်းသိပါသည်။ ထို့ကြောင့် ဘာမဟုတ်သည့် ပြဿနာကိုဖြေရှင်းရန် မိုးအောင်သည် ကြိုးစားရပေတော့ မည်။ အန်တီသန်းနှင့်တွေ့မှပင် အဖြေက ရှင်းရှင်းလင်းလင်း ပေါ်လာ၍ ပြုံးနိုင်ရတော့သည်။

× × ×

အလုပ်ကအပြန် မိုးအောင် ဝါဝါ့ကို ဝင်ခေါ်သည်။ ဘုမသိ ဘမသိဖြင့် သူ့အဖေအမေအိမ် ပြန်ရောက်နေသော ဝါဝါ ပြန်ပါလာသည်။ အစကတည်းက ပြောပြမထား။ အန်တီသန်း နည်းပေးသည့်အတိုင်း လုပ်ဆောင်ထားခြင်း ဖြစ်သည်။ ဝါဝါ့ကို နံနက်အစောကြီး သူ့မိဘအိမ် ပြန်ပို့ ထားလိုက်ကာ အမေ့ကို ဆိတ်ကလီစာ ငါးဆယ်သား ဝယ်ပေးထားခဲ့သည်။ အမေ့မျက်နှာ တပြုံးပြုံး။ 'သားရယ် သူလည်း သူ့အဖေနဲ့အမေ့ဆီ ပို့ချင်မှာပေါ့'ဟု စိတ်မကောင်း စွာ ပြောလိုက်သေးသည်။ မိုးအောင် ဘာမှပြန်ပြောမနေခဲ့။ အဖေ့ကိုသာ တိုးတိုးလေး ကပ်ပြောပြထားခဲ့သည်။ အဖေက အားရပါးရရယ်ရှာသည်။ 'အဲဒါကြောင့် ကိုး'ဟု စုတ်တသပ်သပ်ဖြစ်ရင်း ကျန်ခဲ့သည်။ အကိုင်အတွယ် မတတ်လျှင် ချွေးမနှင့်ယောက္ခမသည် ထိန်းသိမ်းရန် အလွန်ခက်ကြောင်း တွေးဆမိဟန်တူသည်။

သားနှင့်ချွေးမဖြစ်သူ အိမ်ပြန်လာကတည်းက အမေ့ အပြုံးတွေ ရွှန်းရွှန်းဝေနေသည်။ "သမီး အဖေနဲ့အမေရော နေကောင်းရဲ့လား၊ ခမည်းခမက်တွေ ရောက်တောင် မရောက်ဖြစ်ဘူး"ဟု ပြောရင်း ဝါဝါ့ဆံပင်တွေကို သမီး ရည်းစားဘဝက အိမ်လိုက်လာစဉ်ကကဲ့သို့ပင် ဖီးသင်ပေး နေလေသည်။ ထိုအချိန်ကလည်း အမေသည် ဝါဝါလို လိမ္မာရေးခြားရှိသော သမီးချွေးမကို လိုချင်ခဲ့၍ ဖူးဖူးမှုတ် ဖြစ်ပြနေခဲ့ဖူးသည်။ ယခုလည်း ထိုနည်းလည်းကောင်းပင်။

"သမီးလေးကြည့်ရတာ မျက်တွင်းတွေ ချောင်နေ သလိုပဲ၊ နေရောကောင်းရဲ့လား သမီး"

"ကောင်းပါတယ် အမေ၊ ခံတွင်းပျက်ချင်သလိုလို ဖြစ်နေတာရယ်၊ တစ်ခါတစ်ခါ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်ဖြစ်သွားတယ်"

"ခံတွင်းပျက်နေရင် ဒီနေ့ အမေ့လက်ရာ ဆိတ် ကလီစာဟင်းလေးစားကြည့် သမီး။ နေပါဦး သမီးတို့က တားဆေးတို့ဘာတို့ ထိုးတာ၊ စားတာမှ မရှိဘဲ ဟိုဒင်းဖြစ်နေ ဦးမယ်"

"ဟာ. . . အမေကလည်း"

အမေ့စကားကြောင့် ဝါဝါမျက်နှာလေး ပန်းသွေး ရောင်သန်းသွားတာ မိုးအောင် ကြည့်မဝ။ အဖေက လက်နောက်ပစ်ကာ မိန့်မိန့်ကြီး ထမင်းစားခန်းထဲ ဝင်သွား သည်။

"လာသမီး ထမင်းစားကြရအောင်"

အရယ်အမောလေးများဖြင့် ထမင်းဝိုင်းလေးက စိုစိုပြည်ပြည်ရှိလှလေသည်။ စိတ်ပျော်ရွှင်နေကြသောအခါ ထမင်းကဝင်လှသည်။ အဖေပင် လက်သီးဆုပ်ခန့် နှစ်ခါ ထပ်ယူပြီ။ မိုးအောင်က အကြိမ်ရေ မသိတော့။ အကြံရှိ သဖြင့် ဟင်းကိုလည်း အားမနာတမ်း ခပ်စားသည်။

"အမေ ဟင်း ထပ်ထည့်ပါဦး"

မိုးအောင်က ထမင်းထပ်ယူကာ ဟင်းတောင်း၍ အမေ့မျက်နှာ ပျက်သွားသည်။ ပြီးမှ ဖြည်းဖြည်းလေးလေး ပြောသည်။

"သားရယ် ဆိတ်ကလီစာဟင်းတို့ အမဲအူဟင်းတို့ ဆိုတာက ချက်လိုက်ရင် ကျုံ့သွားတာကွယ့်၊ ဟင်းက ကုန်ပြီ"

'အခုတော့ သိပြီမို့လား'ဆိုသော အပြုံးဖြင့် အဖေက ပြုံးနေသည်။ ဝါဝါက ခေါင်းကိုငုံ့ထားကာ မသိဟန်ဆောင် နေသည်။ မိုးအောင်ကသာ လုပ်သက်ပျင်းကို ခပ်ကျယ် ကျယ်ချရင်း လက်ဆေးသည်။

"သိဘူးလေ အမေရာ ငါးဆယ်သားချက်မှ အလယ် တည်ပန်းကန်လုံးနဲ့ တစ်လုံးပဲရတာ သားမှမသိဘဲ"

မိုးအောင်စကားကြောင့် အမေက ချွေးမဖြစ်သူကို ရှိုးတိုးရှန့်တန့်ကြည့်ကာ ရယ်သည်။

"သမီးကိုတောင် ဟိုနေ့က ဟင်းမချက်တာကြာတော့ အထင်လွဲမိသေး သားရယ်၊ တကယ်က . . ."

အမေ့စကားမဆုံးသေး အဖေက ဖြတ်ပြောလိုက် သောကြောင့် ထမင်းဝိုင်းကလေးသည် စိတ်ချမ်းချမ်း သာသာ ရယ်မောသံများဖြင့် သိမ်းလိုက်ရလေသည်။

"မင်းသာမှတ်ထားပါ မိန်းမရာ နောက်ကို ဆိတ် ကလီစာတို့ အမဲအူဟင်းတို့ကို ချွေးမမချက်ခိုင်းရဘူး ဆိုတာ"

"မှတ်မိပါပြီတော်. . . မှတ်မိပါပြီ"

"ဟား ဟား ဟာ. . . "

"ခစ် ခစ် ခစ်. . . "

## မျိုးဆက်သစ်ရင်ပြင် လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **(စာတည်းအဖွဲ့)**

ဆောင်းပါး

# နှလုံးသားဖြင့် ဆုံးမပါ

■ ပန်းဒဏ္ဍာရီ

မကြာသေးမီက ကျွန်မသွားရောက်ခဲ့သော ကျေးရွာလေးမှ အတုယူစရာအကြောင်းအရာလေးကို ပြောပြချင်ပါသည်။ ထိုရွာလေးမှာ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်မှ အိမ်ခြေတစ်ရာခန့်ရှိသော သရက်လှကျေးရွာလေးပင်ဖြစ်သည်။ ကျွန်မတို့ကျန်းမာရေးဌာနမှ သရက်လှကျေးရွာ မူလတန်းကျောင်းလေးက ကျောင်းသား ကျောင်းသူများကို ကျန်းမာရေးပညာပေးခြင်းနှင့် ကျောင်းကျန်းမာရေးစစ်ဆေးပေးပြီးချိန်တွင် ဆရာ ဆရာမများနှင့် စကားလက်ဆုံကျနေမိသည်။ ကျွန်မတို့ စကားကောင်းနေသောအချိန်တွင် ရွာထဲမှကောင်လေးတစ်ယောက်ရောက်လာပြီး "ဆရာမတို့ ထမင်းစားရအောင်၊ ဘုန်းကြီးက ခေါ်ခိုင်းလိုက်လို့ပါ"ဟုဆိုလာသည်။ သည်တော့မှ ကျောင်းအုပ်ဆရာမကြီးက ဦးဆောင်ပြီး ဆရာ ဆရာမများနှင့် ကျွန်မတို့အဖွဲ့လည်း ဘုန်းကြီးကျောင်းသို့ ချီတက်ခဲ့ကြသည်။

### တာဝန်ယူလုပ်ကိုင်

ဘုန်းကြီးကျောင်းသွားရာလမ်းတွင် ဆရာမကြီးမှတစ်ဆင့် ဆရာ ဆရာမများကို ဘုန်းကြီးကျောင်းက နေ့တိုင်းထမင်းကျွေးပြီး ကျောင်းထိုင်ကိုယ်တော်မှာ ရွာသားဖြစ်၍ မကြာသေးခင်က သီရိလင်္ကာနိုင်ငံမှ ပြန်လာသည်ဟု သိခဲ့ရသည်။ "ကိုယ့်ရွာကိုယ့်မြေကို အကျိုးပြုနေတဲ့ ဆရာတော်ပါလား"ဟူ၍ ကျွန်မစိတ်ထဲကျိတ်ကာ ဆရာတော်အား မဖူးမြင်ရသေးခင်ပင် ကြည်ညိုစိတ်တွေ တဖွားဖွားဖြစ်ပေါ်နေမိသည်။

ကျောင်းကို ရောက်သောအခါ အင်မတန်မှ ကြည်ညိုဖွယ်ရာ ရုပ်အဆင်းရှိသော ဆရာတော်အား ဦးချပြီး ကျွန်မတို့ကို ထမင်းစားဆောင်ဆီသို့ ခေါ်ဆောင်သွားသည်။ ထမင်းစား၍ပြီးသောအခါ ကျွန်မဖတ်ချင်နေသော ဇာတ်တော်ကြီးဆယ်ဘွဲ့စာအုပ်များ ရှိနေမလားဟုဆိုကာ ဆရာတော်ထံ မေးလျှောက်ကြည့်မိသည်။ ဆရာတော်က စာကြည့်တိုက်ကို သွားရှာဖို့ပြောသည်။ စာကြည့်တိုက်ဆို၍ ကျွန်မစိတ်ထဲ နည်းနည်းအံ့သြသွားသည်။ သည်ရွာမှာ စာကြည့်တိုက်ရှိသည်ဟု တစ်ခါမျှမကြားဖူးသေး။ ဘေးနားက ကျောင်းဆရာလေးလိုက်ပို့ပေး၍ စာကြည့်တိုက်ဆီ ရောက်လာခဲ့သည်။

ဆရာတော်က စာကြည့်တိုက်ဟု ဆိုသော်လည်း အခန်းသီးသန့်ဖွဲ့ထားတာမျိုးမဟုတ်ပေ။ စာအုပ်တွေကို အကန့်သပ်သပ်စီဖြင့် ခွဲထားသော လူတစ်ရပ်ကျော်ခန့်ရှိ အဝိုင်းလည် စာအုပ်စင်လေးသာဖြစ်၏။ မိမိလိုချင်သော စာအုပ်အား နေရာရွှေ့စရာမလိုဘဲ စာအုပ်စင်အား လှည့်လိုက်ရုံသာ။ စာအုပ်စင်ကိုကြည့်ပြီး ကျွန်မတော်တော်နှစ်သက်မိသည်။ အတွေးအခေါ်နှင့်ပတ်သက်သော စာအုပ်၊ တရားစာအုပ်၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ရုပ်ပြကာတွန်း စသဖြင့် သူ့အကန့်နှင့်သူ ထားထားပုံမှာ သပ်သပ်ရပ်ရပ်ဖြင့် သဘောကျဖွယ်ရာပင်။ ထို့အပြင် ကျွန်မကို အံ့သြစေသောအရာတစ်ခုကား သုံးတန်း၊ လေးတန်းအရွယ် ကလေးငယ်များက စာအုပ်အဝင်၊ အထွက်စာရင်း၊ စာအုပ်ငှားရမ်းပေးခြင်း နေရာတွင် တာဝန်ယူလုပ်ကိုင်ခြင်းပင်။

"ဒီကလေးတွေက စာအုပ်စာရင်းတွေ ကိုင်တာလားဟင်"

ကျွန်မ၏တအံ့တသြအမေးကြောင့် ဘေးနားက ဆရာက ပြုံးနေလေ၏။ "ဟုတ်တယ်ဆရာမရဲ့။ သူတို့ပဲ လုပ်တာလေ။ ဆရာတော်နဲ့ ကျွန်တော်တို့ကတော့ တစ်ခါတလေ ကြီးကြပ်ပေးရတာပေါ့ဗျာ"ဟု ပြော၏။ ကျွန်မလည်း လိုအပ်နေသောစာအုပ်ကို တွေ့၍ ကလေးဆီ စာအုပ်ငှားစာရင်း မှတ်ခိုင်းလိုက်သည်။ ထိုအချိန် ဘေးကဆရာက ဆရာတော်အကြောင်းကို သူသိသလောက် ပြောပြသည်။ ဆရာတော်က ရွာကို ပြန်ရောက်ကတည်းက ကျေးရွာအတွင်းကို အသိပညာပေးဟောပြောပွဲတွေ လုပ်ပေးကြောင်း၊ ထိုဟောပြောပွဲတွင် ကျန်းမာရေးနှင့်စီးပွားရေး၊ ဘာသာရေးစသော အကြောင်းအရာများကို စာအုပ်ပေးဖတ်ပြီး အချင်းချင်းဆွေးနွေးကြ၍ တစ်အိမ်တစ်ယောက် မတက်မနေရဟု ကြော်ငြာထားကြောင်း၊ ဟောပြောပွဲမတက်ရောက်လျှင် ရွာသားများ သူတို့ကိုယ်တိုင် သတ်မှတ်ထားသော ဒဏ်ကြေးပေးရကြောင်း သိရသည်။ ဆရာပြောပြသည့်အထဲ ကျွန်မနှစ်သက်မိသော အကြောင်းအရာလေးတစ်ခုရှိသည်။ ထိုအကြောင်းအရာလေးကို အနည်းငယ်တင်ပြလိုပါသည်။

### ပြုစုပျိုးထောင်ပေး

"ဆရာတော်က ဘယ်သူ့ကိုမှ မဆူဘူး၊ မငေါက်ဘူး၊ ရိုက်လည်းမရိုက်ဘူး ဆရာမရဲ့။ ဆရာတော်အပြစ်ပေးပုံကို ကျွန်တော်ဖြင့် သဘောကျလွန်းလို့ဗျာ။ ဆရာတော်က လူကြီးဆိုရင် စာအုပ်တစ်အုပ်ကို ပြီးအောင်ဖတ်ခိုင်းပြီး လူကြားထဲ ထဆွေးနွေးခိုင်းတာဗျ။ တစ်ခါတလေ နာရီသတ်မှတ်ပြီး တရားထိုင်ခိုင်းတယ်။ ကလေးတွေဆိုရင်လည်း မရိုက်ဘူး။ တစ်ခါမှလည်း မငေါက်ဖူးဘူး။ သူတို့လုပ်နိုင်တဲ့ အကျိုးရှိတဲ့အရာလေးတွေ လုပ်ခိုင်းတာ။ နာရီဝက်တရားထိုင်ခိုင်းတာတို့၊ စာကျက်ချိန်တိုးတာတို့၊ ကျောင်းပတ်ဝန်းကျင်က အပင်တွေ ရေလောင်းတာတို့ ခိုင်းတာလေ"ဟူ၍ပင်။ ဆရာ့စကားဆုံးသွားချိန် ကျွန်မခေါင်းထဲ တွေးစရာတွေသာ ပေါ်လာတော့သည်။

ကျွန်မတို့တွေ လွဲမှားသော အယူအဆများစွာဖြင့် ကလေးတွေကို ပြုစုပျိုးထောင်ပေးခဲ့ကြလေသလားဟု တွေးမိပါသည်။ အမှားလုပ်မိသော ကလေးငယ်တစ်ယောက်ကို ရိုက်၍ဆုံးမခြင်းသည် မှန်သည်ဟု ကျွန်မ မထင်မိပေ။ ကျွန်မ ငယ်စဉ်ကပင် လူကြီးတွေ၏ ရိုက်နှက်မှုကို နေ့တိုင်းလိုလို ခံစားခဲ့ရသည်။ လူအများက ဝိုင်းကြည့်သည့်အချိန် ထိုအရိုက်ခံရသော ကလေးငယ်စိတ်ထဲ ဘယ်လောက်များ သိမ်ငယ်စိတ်တွေ ဝင်လိုက်မလဲ။ ကျွန်မတို့လူကြီးအများစု ပြောလေ့ရှိကြသေးသည်။ "ကလေးကိုချစ်ရင် ရင်ထဲကပဲချစ်၊ ကွယ်ရာမှ ချီးမွမ်း၊ ကလေးရှေ့ထုတ်မပြနဲ့။ ကလေးက ဆုံးမရခက်လိမ့်တယ်"ဟူသော ခံယူချက်က မှန်ပါမည်လား။ ကွယ်ရာတွင် မိမိသားသမီးကို ဘယ်လောက်ပင် ချီးမွမ်းပြောဆိုနေသော်လည်း ထိုကလေးရှေ့တွင် ကလေးအသုံးမကျကြောင်း၊ သူက ဘယ်လိုဘာညာစသည်ဖြင့် ပြောဆိုနေခြင်းသည် ကလေးအား သက်သက်မဲ့စိတ်ဒဏ်ရာတွေ ပေးနေသည်နှင့်သာ တူပေသည်။ ဒဏ်ရာရနေသော စိတ်သည် မည်သို့မှကောင်းသောဘက်ကို ဦးတည်နိုင်မည် မဟုတ်ပေ။ သူမည်မျှပင် ကောင်းအောင်နေစေကာမူ ချီးမွမ်းမခံရသော ကလေးတစ်ယောက်သည် အရာရာကို အရွဲ့တိုက်ချင်သော စိတ်တွေသာ ဖြစ်ပေါ်နေပြီး ပတ်ဝန်းကျင်နှင့်သဟဇာတ မဖြစ်သော ဂျစ်ကန်ကန်ပုံစံမျိုး ဖြစ်လာနိုင်ပါသည်။ မိမိကိုယ်တိုင်ပင် စိတ်မချမ်းသာသော လူတစ်ယောက်ကား တစ်ပါးသူအားလည်း စိတ်ချမ်းသာမှု မည်သို့မျှပေးနိုင်မည်မဟုတ်ပေ။

ထို့အတွက်ကြောင့် ကလေးငယ်တစ်ယောက်တွင် အမှားများစွာ ရှိနိုင်သည်။ အဘယ်ကြောင့်နည်း။ သူတို့အရွယ်တွင် အမှန်နှင့်အမှား ခွဲခြားနိုင်စွမ်းမရှိသေးပေ။ အမှန်အမှားခွဲခြားနိုင်သောအရွယ် လူကြီးတွေပင် အမှားမကင်းခဲ့ကြသေးပါလျှင် ကလေးများအဖို့ ဆိုဖွယ်ရာမရှိပေ။ ကျွန်မ ဆရာအတ္တကျော်၏ စာအုပ်တစ်အုပ်တွင် ဖတ်ဖူးသည်။ ထိုစာအုပ်ထဲတွင် ရေးထားသည်မှာ ကလေးငယ်တစ်ဦးမှာ မိခင်သန့်ရှင်းရေးလုပ်နေချိန်အတွင်း စားပွဲပေါ်က နွားနို့ပုလင်းကို ကစားစရာအမှတ်ဖြင့် ယူဆော့လေ၏။ နွားတို့တစ်ပုလင်းကို မ,မနိုင်သောအရွယ်ဖြစ်၍ နွားနို့တစ်ပုလင်းလုံး ကြမ်းပြင်ပေါ် မှောက်ကျသွားသည်။ မိခင်က အသံကြား၍ ကလေးငယ်ဆီ ပြေးလာရာ ကလေးငယ်က ထိတ်လန့်နေသည်။ မိခင်က ပြုံးပြပြီး နွားနို့နောက်ထပ် တစ်ပုလင်း စားပွဲပေါ်တင်ကာ ကလေးအားယူစေသည်။ နွားနို့ပုလင်းကို မကိုင်တတ်၍ နောက်တစ်ကြိမ်လွတ်ကျပြန်သည်။ မိခင်က ထပ်ပေး၊ ကလေးကထပ်ယူဖြင့် နောက်ဆုံးတွင် ကလေးငယ်မှာ နွားနို့ပုလင်း မမှောက်အောင် မည်သို့ကိုင်တွယ်ရမည်ကို သိရှိသွားသည်။ နောက်တော့ သားအမိနှစ်ယောက် နွားနို့အိုင်ထဲတွင် ပျော်ပျော်ကြီး ဆော့ကစားကာ သန့်ရှင်းရေး ပြုလုပ်လိုက်ကြသည်။

### အဆိပ်ခတ်သလိုသာ ဖြစ်နေပေလိမ့်မည်

ထိုအဖြစ်အပျက်ကို ကြည့်ခြင်းအားဖြင့် အတွေ့အကြုံမရှိသေးက မည်သူမဆို မှားတတ်ကြသည်မှာ ဓမ္မတာတစ်ခုသာဖြစ်၏။ ထိုအဖြစ်အပျက်ထဲမှ မိခင်မျိုးမဟုတ်ဘဲ လက်နှင့် ဆုံးမတတ်သော မိခင်ဖြစ်ပါက ကလေးငယ် မည်သို့ဖြစ်မည်နည်း။ ကျွန်မတို့တွေ တွေးတောဆင်ခြင်သင့်ပါသည်။ အမှားလုပ်သည်ဟူ၍ ရိုက်နှက်ဆုံးမနေပါက ကလေးငယ်၏အသိစိတ်ကို အဆိပ်ခတ်သလိုသာ ဖြစ်နေပေလိမ့်မည်။

ထို့အတွက်ကြောင့် "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသကဲ့သို့ ကျွန်မတို့အနေဖြင့် မျိုးဆက်သစ်ကလေးသူငယ်များကို အဆိပ်မဖြစ်စေဘဲ မှန်ကန်သော အပြုအမူများဖြင့် သွန်သင်ဆုံးမကြစေလိုပါသည်။ သူတို့၏အနာဂတ်သည် ကျွန်မတို့လက်ထဲတွင် ဖြစ်သလို ကျွန်မတို့အနာဂတ်သည်လည်း ထိုကလေးငယ်များ၏ လက်တွင်သာ တည်ရှိနေကြောင်း သတိချပ်သင့်သည်။ ကျွန်မတို့ အဆိပ်ပင်ပြုစုပျိုးထောင်ခဲ့ပါက နောင်တစ်ချိန်တွင် အဆိပ်သီးကိုသာ စားရပေလိမ့်မည်။ ကျွန်မတို့ စိုက်ပျိုးခဲ့သော အပင်၏အသီးအပွင့်ကို ကျွန်မတို့သာ ခံစားရမည် ဖြစ်ပေတော့သည်။ ။

## မူးယစ်ဆေးအန္တရာယ် တို့ကာကွယ်

အတုမြင်ပြီး အတတ်သင်
လမ်းမှားလိုက်ကြလျှင်
ဒုက္ခတွေထင် ဘဝနစ်
မူးယစ်သားကောင်ဖြစ်။

ဆေးလိပ်လက်ကြား ညှပ်ကာကွယ်
ဟန်ရေးပြကြတယ်
ပျိုးအန္တရာယ် အစပြု
လူငယ်အများစု။

အရက်သေစာ ရှောင်ရှားကာ
အလိုမလိုက်ရာ
စိတ်ဆန္ဒဟာ အရေးကြီး
အောင်နိုင်သည်ခရီး။

စီမံချက်ဖြင့် တားဆီးပြန်
မူးယစ်ဆေးဝါးရန်
ကာကွယ်တွန်းလှန်ပြန့်နှံမှန်း
မူးယစ်ပပျောက်ခြင်း။

စိုးမင်းလွင်(ကညွတ်ကွင်း)

## အညာမြေ ကျေးလက်အလှ

ကျေးငှက်ကလေး တီတီတာ
နံနက်ခင်းရဲ့ တေးသံသာ
ဆွမ်းခံကြွလာ ကိုယ်တော်များ
မင်္ဂလာတင့် ကြွလှမ်းသွား။

ရွာဦးကျောင်းသို့ သွားကြမယ်
ဆွမ်းချိုင့်ကလေး ပြင်ကာကွယ်
အေးရိပ်သာနွယ် လုံခြုံရစ်
တရားဓမ္မ အနှစ်ဖြစ်။

နံနက်စာလေး စားပြီးလျှင်
ထွန်တုံးတပ်ကာ လယ်ကွင်းပြင်
နွားညီနောင်နှင် ထွန်ကန်သင်း
စိုက်ပျိုးသီးနှံ စိုက်ပျိုးခြင်း။

ထနောင်းပင်များ စိမ်းလန်းစို
အပူကင်းဖို့ အေးရိပ်ခို
လက်ပံနီတွေ ပင်လုံးပွင့်
တောရွာကလေး အလှဆင့်။

လမင်းအိမ်(စာပေချစ်သူ)

## အမေဟူသည်

အမေဟူသည်
ဝမ်းမှာလွယ်ထား သမီးသားကို
မွေးဖွားဖို့ရာ ပြုစုလာသည့်
မေတ္တာကြီးမား မြတ်လူသားမို့
အခြားနှိုင်းရာ ရှားတဲ့သူ။
အမေဟူသည်
ဘေးဟူသမျှ ကာကွယ်ရဖို့
ကြံဆနေ့စဉ် စိတ်ဘဝင်ဝယ်
သိမြင်နောင်ရေး တားဆီးပေးလို့
နွေးထွေးမေတ္တာ များတဲ့သူ။
အမေဟူသည်
အနာဂတ်ရေး မြဲမြော်တွေး၍
ကလေးအတွက် သူ့အသက်သည်
သစ်ရွက်ပမာ ကြွေရရှာလည်း
ဖြစ်လာနောင်တ မရှိသူ။
အမေဟူသည်
နေ့နေ့ညည ပြုစုရသည့်
ဘဝကိုပင် လွှန်ခုံမင်၍
ချစ်ခင်သွေးသား သမီးသားကို
စိတ်ထားအမှန် ဆက်ဆံသူ။
အမေဟူသည်
ဇရာတရား နိပ်စက်များ၍
ရထားခန္ဓာ ယိုင်နဲ့လာလည်း
မေတ္တာကေန် မြဲအမှန်မို့
ပြောင်းရန်တခြား မရှိသူ။

မင်းဇေယျာ(ကျားတက်)

## နိုင်ငံကြီးသား စိတ်ဓာတ်မွေး

လူသွားလမ်းနဲ့ ကိုယ့်ဝန်းကျင်မှာ
အမှိုက်ပစ်တာကို ဆင်ခြင်ပါ၊
အမှိုက်ပုံးတွင်သာ သေချာလွှင့်
အလွယ်တကူ မပစ်သင့်။
စည်းစနစ်ဖြင့် လိုက်နာပါ
ယာဉ်မောင်းကြတဲ့ ဒရိုင်ဘာ၊
လမ်းမအလယ် ယာဉ်မရပ်
ဘာကြောင့်ရပ်ရပ် လမ်းဘေးရပ်။
လမ်းဘေးကပ်လျက် ဈေးရောင်းသူ
လမ်းပေါ်ကျော်ခင်း သတိမူ၊
လမ်းသွားပြည်သူ ဘေးကင်းဖို့
သတိဆောင်ကာ ခင်းကျင်းစို့။
စည်းကမ်းရှိလို့ စိတ်ကောင်းဝင်
အားလုံးအတူ လိုက်နာစေချင်၊
တို့တိုင်းရှုပင် သာယာရေး
နိုင်ငံကြီးသား စိတ်ဓာတ်မွေး။

ရိုးရိုးလူ(ပျော်ဘွယ်)

BREAKTHROUGH



ခေါင်းဆောင်မှုဗဟုသုတများ ပုံမှန်မျှဝေလျက်ရှိသော
U Naing Win Aung (Business & Executive Coach) မှ
စီးပွားရေး လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းတစ်ခုခုတွင်
ဦးဆောင်နေသူများ၊ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသူများအတွက်

- မြန်မာနိုင်ငံမှာ အအောင်မြင်ဆုံး
- လူကြိုက်အများဆုံး
- လက်တွေ့အကျဆုံး ခေါင်းဆောင်မှုသင်တန်း

TLJ TRANSFORMATIONAL LEADERSHIP JOURNEY
Awaken The Great Leader Within

TRANSFORMATIONAL LEADERSHIP JOURNEY (TLJ)
တိုးတက်ပြောင်းလဲစေသော ခေါင်းဆောင်မှု ခရီးစဉ်

https://www.facebook.com/naingwinaungexecutivecoach/

(၃) ရက်တာ သင်တန်းကို ရန်ကုန် နှင့် မန္တလေး မြို့များတွင် ပြုလုပ်ပါမည်။
သင်တန်းတစ်ခုချင်းစီမှာ Early Bird အစီအစဉ်များ ရှိသည့်အတွက်
အမြန်ဆုံးဆက်သွယ်အပ်နှံနိုင်ပါသည်။

| | |
|---|---|
| ရန်ကုန် | ဖေဖော်ဝါရီ (၁၊၂၊၃) နေရာ– တော်ဝင်ဂါးဒင်းဟိုတယ် (Grand Ballroom) အမှတ်(၄၅)၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| မန္တလေး | ဖေဖော်ဝါရီ (၂၃၊ ၂၄၊ ၂၅) နေရာ– ဖူကျင်ကွမ်းရင်ဘုရားကျောင်း (ခန်းမဆောင်) လမ်း(၃၀)၊ (၈၂–၈၃)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ |

သင်၏ စီးပွားရေး အလုပ်အကိုင် နှင့် ဘဝ၏ ကဏ္ဍအသီးသီးကို
တိုးတက်ပြောင်းလဲစေမည့် (၃) ရက်တာ ခရီးစဉ်

CALL NOW : 09 765 222 107, 09 765 222 108, 09 765 222 109



GENIUS®

# ကိုယ်ပိုင်အထက်တန်းကျောင်း

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန ခွင့်ပြုချက်မှတ်ပုံတင်နံပါတ် (ကက-၁၃/၀၇/၁၇၃)

Genius Private High School

(E-8)၊ မေတ္တာရိပ်မွန်အိမ်ရာ၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ နတ်ချောင်း(၂)ရပ်ကွက်၊ (ဂီတအစည်းအရုံးအနီး)၊ တာမွေမြို့နယ်။ ဖုန်း - ၀၉ ၇၆၉၀၆၁၆၈၈ / ၀၉ ၇၆၉၀၆၁၆၉၉

(၈-၅-၂၀၁၉ တွင် ကျောင်းစတင်ဖွင့်လှစ်သင်ကြားပါမည်။)
(၇-၃-၂၀၁၉နေ့တွင် တက္ကသိုလ်ဝင်တန်း တန်းခွဲသစ် စတင်သင်ကြားပါမည်။)

၂၀၁၉ - ၂၀၂၀ပညာသင်နှစ်အတွက် KG မှ တက္ကသိုလ်ဝင်တန်းအထိ
ကျောင်းသား/သူများအား ကျောင်းအပ်ကြိုတင်လက်ခံနေပြီဖြစ်ပါသည်။
(လူဦးရေကန့်သတ်ထားပါသဖြင့် အမြန်လာရောက်အပ်နှံကြဖို့လိုပါမယ်နော်...)

မြန်မာ့ပညာရေးစနစ်သစ်မှသည် ကမ္ဘာ့အပျော်ရွှင်ဆုံးနှင့် အောင်မြင်သော ကလေးငယ်များဆီသို့



ပညာသင်ကြားခြင်း၏ အနှစ်သာရအစစ်အမှန်ကို ပေးဝေနိုင်ရန် အတူတကွလက်တွဲဖော်ဆောင်သင်ကြားပေးနိုင်မည့် (အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ အတူ လ/ထ) ဆရာ/မများ လာရောက် လျှောက်ထားနိုင်ပါရန် ဖိတ်ခေါ်ပါသည်။



# Royal Maung Bamar Residence

## အခန်းများ မြေရှင်မှ တိုက်ရိုက်ရောင်းမည်

Royal Maung Bamar Residence ရှိ Pent House T တို့ထဲမှ လူကြီးမင်းတို့နှစ်သက်ရာအခန်းများကို မြေရှင်မှ တိုက်ရိုက်ရောင်းချမည်ဖြစ်ပါ၍ ရွေးချယ်ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၆၈၁၉၁၇၅၁၊ ၀၉-၂၅၄၇၄၀၀၀၉၊
၀၉-၉၅၅၁၂၁၃၅၇၊ ၀၉-၇၇၆၈၆၈၇၇


### အများသိစေရန် ကြေညာချက်

လှိုင်သာယာမြို့နယ်၊ မြစ်မိုးရောင်စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ မြေကွက်အမှတ်(၂၄-က)တွင် (၁)ထပ် Steel (စက်ရုံ) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် ဒေါ်စက်ရင် (၁၃/လရန(နိုင်)၀၉၁၇၃၁)မှ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနထုတ် မြေချပါမစ်အမည်ပေါက် မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်ထံမှ အဆင့်ဆင့်ဝယ်ယူထားသော မြေကွက်အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် တင်ပြလျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂အိခ်စ်၂၊ မြေကွက်အမှတ် V Class ၃၄၂/၃၄၃၊ မြေကွက်တည်နေရာအမှတ်(၇၄၊ ၇၆)၊ (၈)လမ်း၊ (၃)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ အမည်ပေါက် ထော်ကိုစူ၊ ဒေါ်စိန်လှနှင့်ဒေါ်ချစ် နှစ်(၆၀)ဂရန်(သက်ကုန်)မြေအား ရန်ကုန်တိုင်းတရားရုံး၊ တရားမအသေးအဖွဲ့မှုအမှတ်-၁၇၂(လသာ)/၁၉၇၉(၇-၄-၁၉၈၀)အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ(၂၉၁)အရ အမွေထိန်းလက်မှတ်စာထုတ်ပေးရန် ခွင့်ပြုကြောင်းအမိန့်၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမအထွေထွေမှုအမှတ်-၁၄/၂၀၁၈၊ ၆-၁၁-၂၀၁၈ရက်စွဲပါ (ကွယ်လွန်သူ) အမည်ပေါက် ဦးထော်ကိုစူ၊ ဒေါ်စိန်လှနှင့် ဒေါ်ချစ်တို့၏ကျန်ရစ်သောပစ္စည်းနှင့်စပ်လျဉ်း၍ ထိန်းသိမ်းရန်အတွက် ဦးအောင်မြင့်အား စီမံခန့်ခွဲခွင့်ပြုကြောင်းအမိန့်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ ဦးအောင်မြင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၅၁၄၄/၂၀၁၄ (၂၀-၂-၂၀၁၄)ဖြင့် ရရှိသူ ဒေါ်ခင်မေအေး[၁၂/လသန(နိုင်)၀၀၃၂၄၈]မှ အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၂၄၄၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**


ရန်ကုန်ကားရောင်း/ငှားမည်။
1. 2008 Hijet Delivery Van Auto GearBago licence ရောင်း ၇၉သိန်း
2. 2003 alphard လျှောက်လက်ပါ (၇)ယောက်စီး ဂရိတ်ပြည့် အပြာနရောင်၊ရောင်း ၃၃၀သိန်း ငှား ၈သိန်း
09953087684,09450030589


### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဘုရင့်နောင်၊ မြေကွက်အမှတ်-က/၁၃၇ (B)၊ ဧရိယာ၀. ၀၂၇၅ဧကရှိ (၂၅)နှစ်မြေငှားမြေနှင့် မြေပေါ်ရှိအမှတ်-က/၁၃၇(B)၊ ခတ္တာလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို အမည်ပေါက် ဒေါ်ချိုချို [၁၂/အစန(နိုင်)၀၂၃၅၀၆]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ခင်အေးမာ**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၂၈၇၁)**
**အမှတ်-၅၆၃(ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**